# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## လောကကိုထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

**လောကဝဂ်(ဓမ္မပဒ-၁၇၃)**


၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၂၆ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၇၇)


# (၇၃) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် မတ် ၂၅**

(၇၃) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို နေပြည်တော် စစ်ရေးပြကွင်း၌ မတ် ၂၇ ရက်တွင် ပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၅ နာရီခွဲမှ စတင်၍ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံ (ရေဒီယို) အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သီလဝါတွင် တတိယမြောက်အထွေထွေကုန်စည်ဆိပ်ခံတံတားသစ်ကြီးဖွင့်လှစ်

**ရန်ကုန် မတ် ၂၅**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် စင်ကာပူနိုင်ငံအခြေစိုက် Wilmar Int.Ltd. တို့အကြား BOT စနစ်ဖြင့် ဆောင်ရွက်ခဲ့သော ရန်ကုန် သီလဝါဆိပ်ကမ်းရှိ အထွေထွေကုန်စည်နှင့်ကုန်သေတ္တာဆိပ်ခံတံတားသစ်ကြီးကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ရှေးဦးစွာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဆိပ်ကမ်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ Wilmar Int.Ltd. ဥက္ကဋ္ဌနှင့် CEO Mr. Kuok Khoon Hong တို့က ဆိပ်ခံတံတား ဖွင့်လှစ်ခဲ့ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီးဦးကျော်မျိုး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်


*စာမျက်နှာ ၄ ကော်လံ ၁* ❁





ရန်ကုန်သီလဝါဆိပ်ကမ်းရှိ အထွေထွေကုန်စည်နှင့် ကုန်သေတ္တာဆိပ်ခံတံတားသစ်ကို ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ စင်ကာပူသံရုံး ဒုတိယအကြီးအကဲ **Mr.Koh Chee Chian** နှင့် တာဝန်ရှိသူများက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၂၅**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**



ရန်ကုန် သီလဝါဆိပ်ကမ်း အထွေထွေကုန်စည်နှင့်ကုန်သေတ္တာဆိပ်ခံတံတားသစ်


**ဥတုရာသီ မျှော်တွေး မိုးလေဝသ အလေးပေး . . .** စာ » ၆

**နိုင်ငံတိုးတက်ဖို့အတွက် မီဒီယာဆိုတာ အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်ပါတယ်** စာ » ၇

**ကိုရီးယားနှစ်နိုင်ငံဝန်ကြီးများအဆင့် ဆွေးနွေးပွဲကို ကြာသပတေးနေ့တွင် ကျင်းပရန် သဘောတူ** စာ » ၁၄



KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by EUROMONEY 2017

# ရင့်ကျက်မှု၊ ဂုဏ်သိက္ခာနှင့် ငြိမ်းချမ်းရေးတရား

ယခုနောက်ပိုင်းနှစ်များမှာ နွေရာသီအပူက ပိုပိုလာသည်ဟုထင်၏။

စာမေးပွဲများအပြီး နွေရာသီကျောင်းပိတ်ရက်တွင် ရာသီအပူနှင့် လောကအပူများကြားက ခေတ္တဖြစ်စေ အပူငြိမ်းရန်ဟူသော အကြောင်းများလားတော့မသိ။ ကျောင်းသား ကျောင်းသူငယ်များ အများအပြားပင် တရားစခန်းများဆီသို့ ရောက်လာကြကုန်၏။ အချို့က မိဘများကပို့၍၊ အချို့က ကိုယ်တိုင်လာချင်ကြ၍ဟု သိရ၏။

လေး၊ ငါး၊ ခြောက်တန်းအရွယ်မှသည် တက္ကသိုလ်တန်းအထိ ကိုရင်ဝတ်၊ သီလရှင်ဝတ်၊ ယောဂီဝတ်များ ဖြစ်ကုန်ကြသည်။ အရွယ်စုံ၊ အရောင်စုံတို့သည် တရားစခန်းများ၌ ဆင်တူများလိုဖြစ်နေ၏။

ဆရာမဒေါ်သန်းမြင့်အောင်က ထိုသို့သောကလေးများကို ဟောပြောမည်ဟု ကြေညာသံကြားရသည်။ ပဏ္ဍိတာရာမ ဆယ်မိုင်ကုန်း၊ တောစခန်း ရိပ်သာမှာဖြစ်ပါသည်။ နွေရာသီတရားစခန်းလာကြသော ကျောင်းသား ကျောင်းသူ သင်တန်းသား ၆၀၀ ခန့် ရှိနေသည်ကို တွေ့ရ၏။ ဤသည်က တရားစခန်းတစ်ခုတည်းရှိသေးသည်။

တရားစခန်းဆိုသည့်အတွက် သစ်ရိပ်ဝါးရိပ်များကြားမှာ ဘုရားရိပ်၊ တရားရိပ်နှင့် ဖြစ်ပေရာ နွေအပူကို အန်တုနိုင်နေသည်။

ဆရာတော်ကြီးများ အပါအဝင် ဦးပဥ္စင်း ကြီးလတ်ရွယ်ငယ်၊ ကိုရင်ကြီးများက အဆင့်ဆင့်သင်ကြားပြသနေသည်ကို တွေ့ရပါသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှု၏ အခြေခံဖြစ်သော ကိုယ်နှုတ်နှလုံးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်မှုကို သင်ကြားနေခြင်း ဖြစ်ပါ၏။

မိမိ၏ ကိုယ်အမူအရာ၊ နှုတ်အပြောအဆို၊ စိတ်အတွေးအကြံတို့ကို သတိဖြင့်ကပ်၍ စောင့်ကြည့်ရန်ကြိုးစားနေခြင်း ဖြစ်သည်။ ကိုရင်ငယ်လေးများ၊ သီလရှင်ငယ်လေးများ ဆွမ်းစားနေကြပုံကပင် ကြည်ညိုစရာ။ အသံမထွက်အောင်၊ မညစ်ပေအောင်၊ အနားကသူများကို မည်သို့သော အနှောင့်အယှက်မှ မဖြစ်အောင် သတိဖြင့်ထိန်းကာ စားသောက်နေကြသည်။

ကိုယ်အမူအရာ၊ နှုတ်အပြောအဆို၊ စိတ်အတွေးအကြံတို့ကို ကိုယ့်ဘာသာ စောင့်ကြည့်ထိန်းသိမ်းနေခြင်းဖြင့် ရိုင်းပျမှု၊ ရုန့်ရင်းမှု၊ မဖွယ်ရာမှုတို့ နည်းပါးသွားကုန်ကြခြင်းသည်ကား ယဉ်ကျေးမှုမဟုတ်ပါလား။

မည်သည့်ကိုးကွယ်ယုံကြည်မှုပင်ဖြစ်စေ၊ အနိမ့်ဆုံးအားဖြင့် လူတစ်ဦးချင်း၏ ကာယ၊ ဝစီ၊ မနော ကံ္မဒွေတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် မာကျော၊ တင်းမာ၊ ဒေါသအမျက်တို့ဖြင့် ဆူဝေနေသော ကိုယ်အမူအရာတို့ကို လည်းကောင်း၊ ရုန့်ရင်းကြမ်းတမ်းသော အဆဲအဆို အသုံးအနှုန်းတို့ကို လည်းကောင်း စောင့်ထိန်းနိုင်ပြီဆိုလျှင်ပင် လူ့ဂုဏ်သိက္ခာတိုးမြင့်လာတော့မည် မဟုတ်ပါလော။

တရားစခန်းလာ ကလေးငယ်တို့၏ ပြုမူလှုပ်ရှားပုံများက ရင့်ကျက်အေးချမ်းမှုနှင့် လူ့ဂုဏ်သိက္ခာကို ဖော်ပြနေပါ၏။ အသက်အရွယ်ငယ်သည် ကြီးသည်နှင့်မဆိုင်၊ မိမိကိုယ်ကိုယ် သတိဖြင့်စောင့်ကြည့် ထိန်းသိမ်းရင်း ရင့်ကျက်အေးချမ်းမှုကို ဖော်ပြနိုင်ခြင်းသည်ကား ငြိမ်းချမ်းရေးအမှတ်အသားပေတည်း။ ။

## မြန်မာ-ထိုင်းသံတမန်နှစ်(၇၀)ပြည့်အထိမ်းအမှတ် နားအကြားအာရုံ အခမဲ့ဆေးကုသပေးမည်

**မယ်စဲ့ မတ် ၂၅**

မြန်မာ-ထိုင်း သံတမန်ဆက်ဆံမှုထူထောင်ခြင်း နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံ မယ်ဟောင်ဆောင် Rajavithi ဆေးရုံမှနယ်လှည့်ဆေးကုသရေးအဖွဲ့သည် လွိုင်ကော်မြို့ပြည်သူ့ဆေးရုံကြီး၌ မတ် ၂၅ ရက်တွင် နားအကြားအာရုံဝေဒနာခံစားနေရသူများအား အခမဲ့ဆေးကုသပေးရန် ထွက်ခွာလာကြောင်း သိရသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Rajavithi ဆေးရုံမှ Dr.Soontom Antrasena (ခွဲစိတ်ဆရာဝန်ကြီး)နှင့်အဖွဲ့၊ မယ်ဟောင်ဆောင်ခရိုင်ဝန် Mr. Suebsak Eaimvijarn နှင့် အဖွဲ့တို့ပါဝင်သော ထိုင်းနယ်လှည့်ဆေးကုသရေးအဖွဲ့သည် မတ် ၂၅ ရက် နံနက် ၁၀ နာရီခွဲက ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်မှ မယ်စဲ့ဘီပီ (၁၃) နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ဝင်ရောက်ခဲ့ရာ မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်း၊ လွိုင်ကော်ပြည်သူ့ဆေးရုံမှ လက်ထောက်ဆေးရုံအုပ် ဒေါက်တာဇော်မင်းတို့က မယ်စဲ့မြို့ဧည့်ရိပ်သာ၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် လွိုင်ကော်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းကာ နား၊ နှာခေါင်း၊ လည်ချောင်းဝေဒနာရှင်များကို မတ် ၂၆ ရက်မှ ၂၈ ရက်အထိ လွိုင်ကော်မြို့ပြည်သူ့ဆေးရုံကြီးတွင် နံနက် ၉ နာရီမှစတင်၍ အခမဲ့စစ်ဆေးခြင်းနှင့် ကုသခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝတ်ရည်(မြန်/ဆက်)**

# (၇၃) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

☆ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်းလုံးညီညွတ်ရေးတို့ကို ပြည်သူအားလုံး စုစည်းညီညွတ်စွာဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်မှ ကူညီဆောင်ရွက်ပေးရေး။

☆ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းအတိုင်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီးအဖြစ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်အောင် တပ်မတော်မှ ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး။

☆ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် နိုင်ငံရေးနည်းအရ မှန်ကန်စွာ ဖြေရှင်းဆောင်ရွက်မှုများတွင် ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

☆ တပ်မတော်ကို Standard Army ဖြစ်စေရန်အတွက် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်သုံးရပ် မြင့်မားရေးအား စဉ်ဆက်မပြတ် တိုးတက်အောင် လုပ်ဆောင်ရေး။

## (၇၃)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ပုလောမြို့နယ် ပဝတ်ကုန်းကျေးရွာ ကွန်ကရစ်လမ်းဖွင့်



**ပုလော မတ် ၂၅**

(၇၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အရှည်ပေ ၁၈၆၀ ကွန်ကရစ်လမ်း ဖွင့်ပွဲကို မတ် ၂၂ ရက်က ပုလောမြို့ပဝတ်ကုန်းကျေးရွာ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ပုလောမြို့နယ်ဦးစီးမှူး ဦးသက်ထွန်းဇော်က အမှာစကား ပြောကြားသည်။

ပုလောမြို့နယ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ထောက်ပံ့ငွေဖြင့် ပဝတ်ကုန်းကျေးရွာ၊ ထမင်းမစားကျေးရွာ၊ လိပ်ဥသောင်ကျေးရွာ၊ သကျက်ကမ်းကျေးရွာ၊ ပြည်ခြား - ရေပူကျေးရွာ၊ ကုလားမခေါင်းကျေးရွာ စသည့် ကျေးရွာများအတွက် ငွေကျပ်သိန်း ၇၀၀ ရရှိခဲ့ပြီး ပြည်သူပူးပေါင်းမှုဖြင့် ကျေးရွာချင်းဆက် မြေသားလမ်းခင်းခြင်းနှင့် ကျေးရွာပတ်လည် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပုလော (မြန်/ဆက်)**

# တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲ ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇို)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်ဘာသာအစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၈ ခုနှစ် ဧပြီလ ၁ ရက်မှစပြီး ဇူလိုင်လ ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိ စကောကရင်ဘာသာ အစီအစဉ်၊ နံနက် ၇ နာရီမှ ၈ နာရီအထိ အနောက်ပိုး ကရင်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၉ နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ နံနက် ၉ နာရီမှ ၁၀ နာရီအထိ ချင်း(လိုင်ဇို) ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ချင်း(ချိုး) ဘာသာအစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ မွန်ဘာသာ အစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ရခိုင်ဘာသာ အစီအစဉ်၊ မွန်းလွဲ ၃ နာရီမှ ညနေ ၅ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီ အထိ 'ဝ' ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီ အထိ ကချင်ဘာသာ အစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ ကယားဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၅-၃-၂၀၁၈

### ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၁၅၀၀ |

### စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၇၉၅/၈၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၅/၇၇၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၂၀ ကျပ် | (လက်လီဈေး) |

### နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၈ · ၀ |
| ဥရောပ | တစ်ယူရို | ၁၆၅၄ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၉ · ၄ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၆၆ · ၆ |
| ထိုင်း | တစ်ဘတ် | ၄၂ · ၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၅ |
| တရုတ် | တစ်ယွမ် | ၂၁၁ · ၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၂ · ၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဘရာဇီးနိုင်ငံတွင် ကျင်းပသည့် (၈)ကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ်အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် မတ် ၂၅**



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့်အဖွဲ့သည် ဘရာဇီးနိုင်ငံ၊ ဘရာစီးလီးယား မြို့တွင် မတ် ၁၉ ရက်မှ ၂၂ ရက်အထိ ကျင်းပသည့် (၈)ကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ် (World Water Forum 8) သို့ တက်ရောက်သည်။

(၈)ကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ဘရာစီးလီးယားမြို့ Ulysses Guimarães Convention Center တွင် မတ် ၁၉ ရက် နံနက်ပိုင်းတွင် ကျင်းပရာ President of World Water Council , Prof. Benedito Braga နှင့် Mr. Erik Solheim, Executive Director of United Nation Environment တို့အပါအဝင် ဖိုရမ်ကျင်းပရေး ဦးဆောင်ကော်မတီဝင်များက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနေ့ မွန်းလွဲပိုင်းတွင် ဘရာဇီးနိုင်ငံ သမ္မတက ဦးဆောင်ကျင်းပသည့် နိုင်ငံအဆင့် ဖွင့်ပွဲအခမ်းအနားကို Itamaraty Palace ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်ခဲ့သည်။

**နိုင်ငံတကာနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ထို့နောက် High Level Panel on Water and Disasters (HELP) Session တွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံအဆင့် ရေသယံဇာတစီမံအုပ်ချုပ်ရာတွင် ရာသီဥတု ပြောင်းလဲမှု နှင့် လိုက်လျောညီထွေရှိစေရေး၊ ရေသယံဇာတနှင့်ဆက်နွယ်သည့် ဘေးအန္တရာယ်များ လျော့ပါးသက်သာစေရေးတို့အတွက် ရေသယံဇာတအရင်းအမြစ်များ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်ခြင်း (IWRM) နည်းလမ်းဖြင့် ဆောင်ရွက်ခြင်းဖြင့် လုံခြုံစိတ်ချရသည့် ရေသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ ရေသယံဇာတများ အသုံးချရာတွင်လည်း ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရေး၊ အကျိုးဆက်စပ်ပတ်သက်သူများအားလုံး ပါဝင်မှုရှိစေရေး၊ နိုင်ငံတကာမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ဖြစ်စေရေးတို့အတွက် လိုအပ်သော မူဝါဒ၊ ဥပဒေ၊ မူဘောင်များအားလုံး ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့်စပ်လျဉ်း၍ ကော်မတီအနေဖြင့် IWRM နှင့် သဘာဝဘေးအန္တရာယ်များ လျော့ပါးရေး (DRR)၊ ရေဖြန့်ဖြူးခြင်း၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ရောဂါပိုးမွှား ကင်းစင်ရေး (WASH) တို့အား ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေသယံဇာတများစီမံအုပ်ချုပ်ခြင်း၊ ရေကြောင့်ဖြစ်သည့် သဘာဝဘေးအန္တရာယ်များ လျှော့ချရေးအပြင် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်အတွက် ရေတို/ရေရှည်စီမံချက်များချမှတ်ခြင်း၊ ဦးစားပေးလုပ်ငန်းများ ရွေးချယ်သတ်မှတ်ခြင်းနှင့် ရန်ပုံငွေလျာထားသတ်မှတ်ခြင်း၊ ရှာဖွေခြင်းများ၊ ကုလသမဂ္ဂ ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်များ 2030 Agenda အပြည့်အဝရရှိရေးနှင့် ရေသယံဇာတအပေါ် စီးပွားဖြစ် တန်ဖိုးသတ်မှတ်နိုင်မည့် Water Economy တို့ကို နိုင်ငံတကာနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Ministerial Roundtable Meeting on Water for Sustainable Development Session တွင် ပါဝင်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဖိုရမ်ဒုတိယနေ့ နံနက်ပိုင်းတွင် Country Statement ကိုဖတ်ကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖိုရမ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် Citizen Process Session ၏ Achieving Water Security: on all-of-society engagement and partnership တွင် အမှာစကား ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် World Water Council နှင့် IUCN တို့ပူးပေါင်းကျင်းပပြုလုပ်သည့် High Level Session on Integrated Water Resource Management သို့ တက်ရောက်ပါဝင်ဆွေးနွေးခဲ့ပြီး ညပိုင်းတွင် ဩစတြေးလျနိုင်ငံသံရုံးမှ ဖိတ်ကြားသော ညစာစားပွဲသို့တက်ရောက်သည်။

**ရေနှင့်ပတ်သက်သည့် ပညာရှင်များပါဝင်ဆွေးနွေး**

မတ် ၂၀ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ အတွင်း ရန်ကုန်မြို့၌ ကျင်းပသည့် တတိယအကြိမ်မြောက် အာရှ-ပစိဖိတ်ရေထိပ်သီးညီလာခံတွင် ထုတ်ပြန်ခဲ့သော ရန်ကုန်ကြေညာစာတမ်း နောက်ဆက်တွဲ အစီအစဉ်အဖြစ် ဆက်လက် ကျင်းပသည့် "Upscale Innovation for a Water-Secure ASIA and The Pacific" "Synthesis of Asia-Pacific Regional Process ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာမှ ရေနှင့်ပတ်သက်သည့် ပညာရှင်များပါဝင်ဆွေးနွေးနေမှုများကို တက်ရောက်အားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၂၂ ရက်တွင် ဖိုရမ်၏ အစီအစဉ်တစ်ခုဖြစ်သော Woman-Perspectives and Challenges ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

**ရေထုညစ်ညမ်းမှုအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၀ ရက်နှင့် ၂၂ ရက်များတွင် ရေ၊ အစားအစာနှင့် စွမ်းအင်ထုတ်လုပ်ခြင်းတို့ တစ်ခုနှင့်တစ်ခုဆက်စပ်နေမှုအပေါ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမည့်နည်းလမ်းများ၊ ပတ်ဝန်းကျင်ရေထု ညစ်ညမ်းမှုအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့် စပ်လျဉ်း၍ကျင်းပသည့် ဆွေးနွေးပွဲများသို့ လေ့လာသူများအနေဖြင့် တက်ရောက်ခဲ့သည်။

အဆိုပါ (၈)ကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ် ကျင်းပရာနေရာနှင့် တစ်ဆက်တည်းရှိ ဘရာစီးလီးယား The National Mané Garrincha Stadium တွင် ရေနှင့်ဆက်စပ်ပစ္စည်းများနှင့် အဆင့်မြင့်နည်းပညာများပြပွဲကိုလည်း ကျင်းပရာ နိုင်ငံပေါင်း ၃၅ နိုင်ငံကျော်မှ လာရောက်ခင်းကျင်းပြသခဲ့သည်။

(၈)ကြိမ်မြောက် ကမ္ဘာ့ရေဖိုရမ်တက်ရောက်နေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဂျပန်နိုင်ငံ အိမ်ရှေ့မင်းသားနှင့်အဖွဲ့အားလည်းကောင်း၊ တာဂျစ်ကစ္စတန်နိုင်ငံ ရေနှင့်သယံဇာတရေးရာဝန်ကြီးနှင့်အဖွဲ့အားလည်းကောင်း အလွတ်သဘောရင်းနှီးစွာ တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ဒိုက်ဦး-စစ်တောင်းလမ်း ဖောက်လုပ်မှုကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၅**



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် မတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် ဒိုက်ဦး - စစ်တောင်းလမ်း ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အဆိုပါလမ်းပေါ်ရှိ ကွန်ကရစ်တံတားတည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**လျော့နည်းသွားမည်**

ဒိုက်ဦး - စစ်တောင်းလမ်းကို ရန်ကုန် - တောင်ငူ - မန္တလေး လမ်းနှင့် ရန်ကုန် - မော်လမြိုင် - မြိတ်လမ်းတို့အား အတိုဆုံးဆက်သွယ်သွားလာနိုင်ရန် ရည်ရွယ်ဖောက်လုပ်ခြင်းဖြစ်ပြီး လမ်းအရှည် ၂၀ မိုင် ၅ ဖာလုံ သာရှိသည့်အတွက် မန္တလေး - နေပြည်တော်မှလာလျှင် ဘုရားကြီးလမ်းဆုံအထိ သွားစရာမလိုဘဲ ယခုလမ်းမှ သွားပါက ခရီးမိုင်အားဖြင့် ၂၃ မိုင် ၃ ဖာလုံခန့် လျော့နည်းသွားမည် ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ဘုရားကြီး - ကျိုက်ထို - သထုံ - မော်လမြိုင်လမ်းပိုင်း ကတ္တရာခင်းခြင်း၊ လမ်းချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်တွင် ရွှေသံလွင်ကုမ္ပဏီမှ တာဝန်ရှိသူက ၂၀၁၆ မှ ၂၀၁၈ အထိ ပဲခူး - ညောင်လေးပင်လမ်းပိုင်း ၄၈ မိုင်၊ ဘုရားကြီး - ကျိုက်ထို လမ်းပိုင်း ၆၄ မိုင် ၃ ဖာလုံ၊ သထုံ - မြိုင်ကလေး လမ်းပိုင်း ၂၆ မိုင် ၂ ဖာလုံနှင့် ကျိုက်ထို - သထုံ - မော်လမြိုင် လမ်းပိုင်း ၇၁ မိုင် ၆ ဖာလုံ လမ်းတိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်သော တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

မတ် ၂၄ ရက် နံနက်ပိုင်းတွင် ကျိုက်ထို - သထုံ - ဘားအံ လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေကို လည်းကောင်း၊ အရှည် ပေ ၆၀၀ ဒုံသမိတံတားကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ သံလွင်တံတား(ဘားအံ) ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမြဲမပြတ် စစ်ဆေးပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် ကရင်ပြည်နယ် ဘားအံမြို့ပြည်နယ်ညွှန်ကြားရေးမှူးရုံးတွင် ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်သော အဆောက်အအုံ၊ လမ်း၊ တံတားမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံပြီး ဝန်ကြီးဌာန၏မူဝါဒများ၊ ရည်မှန်းချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မှာကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး Mini Lab အခန်းအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**အကောင်အထည်ဖော်**

မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ (Pilot Project)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် အရှည် ၁၉ မိုင် ၅ ဖာလုံ ၊ မဲဘောင် - နောင်ပလိန်လမ်းအား ကတ္တရာလမ်း ၄ မိုင် ၂ ဖာလုံ ၊ ကျောက်လမ်း ၄ မိုင်နှင့် မြေသားလမ်း ၁၁ မိုင် ၃ ဖာလုံ ဆောင်ရွက်ပြီးစီးမှုနှင့် တံတားများ တည်ဆောက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ယာဉ်၊ ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးဆောင်ရွက်ပေးမည်

**နေပြည်တော် မတ် ၂၅**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၈ ခုနှစ် ဧပြီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်သိရှိဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

| စဉ် | တိုင်းဒေသကြီး /ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ မိုးကောင်း |
| ၂။ | ကရင်ပြည်နယ် | ကျုံဒိုး |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ရေဦး၊ ခမ်းပတ်၊ ဖောင်းပြင်၊ ဟုမ္မလင်း |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပန်းတောင်း၊ မင်းလှ |
| ၅။ | မကွေးတိုင်းဒေသကြီး | တောင်တွင်းကြီး၊ ပေါက်၊ စေတုတ္တရာ၊ အောင်လံ |
| ၆။ | မန္တလေးတိုင်းဒေသကြီး | မလှိုင် |
| ၇။ | ရန်ကုန်တိုင်းဒေသကြီး | ထန်းတပင်၊ ကော့မှူး |
| ၈။ | ဧရာဝတီတိုင်းဒေသကြီး | သာပေါင်း၊ မော်လမြိုင်ကျွန်း |

**မြန်မာ့အလင်း**

# သဘာဝဘေးဒဏ်ခံနိုင်သော ရပ်ရွာအသိုက်အဝန်းဖြစ်ပေါ်စေရေး ပညာပေးနှင့်ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်

**နေပြည်တော် မတ် ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ယနေ့နံနက်ပိုင်းတွင် စဉ့်ကိုင်မြို့နယ်တရုတ်စုရပ်ကွက်သို့ ရောက်ရှိပြီး မိုးကြိုးကာလ လေဘေးကြိုတင် ကာကွယ်ရေးအတွက် ရပ်ကွက်အတွင်း ဆင်းရဲနွမ်းပါးပြီးသဘာဝဘေးကျရောက်လျှင် ကြံ့ခိုင်မှုမရှိသော နေအိမ်များကို မန္တလေးတိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ရွာစေတနာရှင်လုပ်အားပေးများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ ပြန်လည်ပြုပြင်နေမှုများကို ကြည့်ရှုအားပေးသည်။ ဒုတိယဝန်ကြီးက နွေဦးကာလနှင့် မိုးကြိုကာလရာသီပြောင်းချိန်တွင် လေပြင်းမုန်တိုင်း ကျရောက်လေ့ရှိသဖြင့် အသိပညာပေးရန်နှင့် ရပ်ရွာလူထုရပ်ကွက်အတွင်းရှိ ဆင်းရဲနွမ်းပါးအိမ်ထောင်များ၊ အိုမင်းမစွမ်းအိမ်ထောင်များ၏ နေအိမ်၊ တဲများ လေပြင်းဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးမှုနည်းနိုင်သမျှ နည်းပါးစေရန် လာရောက်ပြုပြင်ကူညီထောက်ပံ့ရခြင်းဖြစ်ကြောင်း ပြောကြားပြီး စဉ့်ကိုင်မြို့နယ်တရုတ်စုရပ်ကွက်နှင့် ရန်ပိုင် ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ မြို့ပေါ်ရပ်ကွက်ပြင်ဆင်ရန် လိုအပ်သော နေအိမ်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။



ဆက်လက်၍ သင်္ဂတုံကျေးရွာသို့ ရောက်ရှိရာ ကျေးရွာသုံး ၂၅၀၀ ဂါလန်ဆံ့ ရေစင်မှ ရပ်ကွက်အတွင်း ထပ်မံခွဲဝေဖြန့်ဖြူးရန် လိုအပ်သော ပင်မပိုက်လိုင်းအတွက် အလှူငွေကျပ် ၁၅ သိန်းနှင့် အနောက်ရွာသစ်ကျေးရွာ စက်ရေတွင်းမှ ရပ်ကွက်အတွင်း ရေသွယ်ယူရန်အတွက် ငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ်သိန်း ၃၀ ကို ထောက်ပံ့ပေးခဲ့ရာ ကျေးရွာရေပေးဝေရေး ကော်မတီနှင့် ရပ်ရွာလူထုမှ လက်ခံရယူသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျေးရွာတွင်း လေပြင်းဘေး ကြိုတင်ကာကွယ်ရေးအစီအမံဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသော နေအိမ်များအား သွားရောက်အားပေးကြည့်ရှုခဲ့ကြသည်။

ယင်းနောက် အုန်းလက်ကောက် ကျေးရွာသို့ ရောက်ရှိပြီး လေဘေးဒဏ်ကြိုတင်ကာကွယ်ရေးအစီအစဉ်အရ ကျေးရွာရှိ ကြံ့ခိုင်မှုမရှိသောနေအိမ်များ ပြုပြင်ရန်အတွက် လေဘေးကြိုတင်ကာကွယ်ရေးထောက်ပံ့ငွေများကို နေအိမ်ပိုင်ရှင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်ရွာလူထုက ကျေးရွာမူလတန်းကျောင်း အမိုးပြုပြင်ပေးနိုင်ရေး တင်ပြရာ ဒုတိယဝန်ကြီးက အသေးစိတ်တွက်ချက်၍ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှတစ်ဆင့် ထောက်ပံ့နိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ညနေပိုင်းတွင်မိတ္ထီလာမြို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန (ခရိုင်ရုံး) အဆောက်အအုံ၊ သိုလှောင်ရုံနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ ညွှန်ကြားမှုဖြင့် ၂၀၁၈ ခုနှစ်အတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး ခြောက်ခုရှိ မြို့နယ်ပေါင်း ၂၃ မြို့နယ်၊ ကျေးရွာပေါင်း ၁၄၀ ခန့်တို့တွင် အိမ်အလုံးရေ ၇၀၀၀ ခန့်ကို ဘဏ္ဍာရန်ပုံငွေကျပ်သိန်း ၁၅၀၀ ခန့် သုံးစွဲ၍ သဘာဝဘေးဒဏ်ခံနိုင်သော ရပ်ရွာအသိုက်အဝန်းဖြစ်ပေါ်စေရေး ရည်မှန်းထားရှိကာ အသိပညာပေးရေးနှင့် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

❀ ရှေ့ဖုံးမှ

ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ ရန်ကုန်မြို့စင်ကာပူသံရုံး ဒုတိယအကြီးအကဲ Mr.Koh Chee Chian၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်၊ Wilmar Int.Ltd ဥက္ကဋ္ဌ Mr.Kuok Khoon Hong တို့က ဆိပ်ခံတံတားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဆိပ်ခံတံတားအား လှည့်လည်ကြည့်ရှုကြသည်။

"ဒီဆိပ်ခံတံတားက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နဲ့ Wilmar Int.Ltd တို့ရဲ့ BOT စနစ်နဲ့ဆောင်ရွက်ခဲ့တာပါ၊ ဒီဆိပ်ခံတံတား တစ်ခုတည်းမဟုတ်ဘဲနဲ့ နောက်က မြေပေါ်မှာ စိုက်ပျိုးရေး အခြေပြုစက်မှုလုပ်ငန်းတွေ အများကြီးပါမှာပါ၊ စားအုန်းဆီ ထုတ်လုပ်တဲ့ လုပ်ငန်းတွေ၊ ဂျုံစက်၊ သကြားစက်၊ဓာတ်မြေသြဇာစက်ရုံတွေ ထပ်မံတည်ဆောက်သွားမှာ ဖြစ်ပါတယ်"ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဒုတိယမြို့ပြအင်ဂျင်နီယာချုပ် ဦးတင့်လွင်က ပြောသည်။

အဆိုပါဆိပ်ခံတံတားကို ၂၀၁၆ ခုနှစ် မတ်လတွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၇ ခုနှစ်နိုဝင်ဘာလ၌ ပြီးစီးခဲ့ကြောင်း၊ Penta -Ocean ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ကြောင်း၊ ဆိပ်ခံတံတားအရွယ်အစားမှာ ၂၃၄ ဒသမ ၆ မီတာ × ၂၅ မီတာ ဖြစ်ကြောင်း၊ ဆိုက်ကပ်နိုင်မည့် သင်္ဘောအရွယ်အစားမှာ ၄၉၀၀၀ DWT ဖြစ်ကြောင်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၇၀ ရင်းနှီးမြှုပ်နှံထားပြီး ကနဦးစာချုပ်အရ နှစ် ၅၀ သက်တမ်းအပြီး နောက်တိုးအပါအဝင်စုစုပေါင်းနှစ် ၇၀ သက်တမ်းစာချုပ်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်း(သီလဝါဒေသ)တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ပုဂ္ဂလိကကုမ္ပဏီများအား မြေငှားရမ်း၍ လုပ်ကိုင်ခွင့်ပြုထားသော မြေကွက် ၃၇ ကွက်ရှိသည်။ ယခုအခါ စက်သုံးဆီကုန်သွယ်သောဆိပ်ခံတံတား လေးခုဖွင့်လှစ်ထားပြီဖြစ်သည်။ ထို့အပြင် အထွေထွေကုန်စည်ကုန်သွယ်သောဆိပ်ခံတံတားမှာ တတိယမြောက် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်အရောက်တွင် ဆိပ်ခံတံတားအများစု ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ၁၉၈၈ မတိုင်မီက မြန်မာနိုင်ငံတွင် ဆိပ်ကမ်းလုပ်ငန်းကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကသာ လုပ်ပိုင်ခွင့်ရှိကြောင်း၊ ဆိုရှယ်လစ်စီးပွားရေးမှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲလိုက်ပြီး ၁၉၈၈ နောက်ပိုင်းတွင် ဆိပ်ကမ်းလုပ်ငန်းကို ပုဂ္ဂလိကများအား လုပ်ကိုင်ခွင့်ပြုခဲ့သဖြင့် သီလဝါဒေသကိုရွေးချယ်ပြီး ဆိပ်ခံတံတားတည်ဆောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်စေခဲ့ကြောင်း၊ သီလဝါဒေသတွင် ဆိပ်ခံတံတားများအားလုံး တည်ဆောက်ပြီးပါက ရန်ကုန်ဆူးလေဆိပ်ကမ်းအသီးသီး၌ တစ်နေ့တခြားပို့ကုန် သွင်းကုန်များ များပြားလာမှုကို နိုင်နင်းစွာကိုင်တွယ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**

---

# မန္တလေးသင်္ကြန်သို့လာရောက်ကြသည့် နိုင်ငံတကာခရီးသွားများစာရင်း ဒစ်ဂျစ်တယ်နည်းဖြင့်ကောက်ယူမည်

**မန္တလေး မတ် ၂၅**

ယခုနှစ် မန္တလေးသင်္ကြန်ပွဲတော်သို့ လာရောက်ကြမည့် နိုင်ငံတကာခရီးသွားဧည့်သည်ဝင်ရောက်မှု ကိန်းဂဏန်းအချက်အလက်စာရင်းများသိရှိနိုင်ရန် ဒစ်ဂျစ်တယ်နည်းဖြင့် ကောက်ယူသွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန(အထက်မြန်မာပြည်ဌာနခွဲ-မန္တလေး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။



၂၀၁၇ ခုနှစ် မန္တလေးလမ်းလျှောက်သင်္ကြန်ဆင်နွှဲကြစဉ်။

ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များချမှတ်ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် နိုင်ငံတကာ ခရီးသွားဧည့်သည်ဝင်ရောက်မှုစာရင်း အတိအကျသိရှိရန် လိုအပ်နေသဖြင့် ယခုကဲ့သို့ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပေါင်းစပ်ကောက်ယူသွားမည့်အပြင် ၎င်းတို့အဓိက သွားရောက်လေ့လာကြမည့် နေရာများသို့ ကွင်းဆင်း၍ Mannual နည်းဖြင့်လည်း အသုံးပြု ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီလိုခရီးသွားသူတွေရဲ့ ကိန်းဂဏန်းအချက်အလက်တွေ အတိအကျရမှသာ ခရီးသွားတွေရဲ့ မျှော်လင့်ချက်၊ လိုအပ်ချက်တွေကို သိရှိပြီး အခြေခံအဆောက်အအုံတွေ၊ အခြားလိုအပ်ချက်တွေ ရေးဆွဲနိုင်မှာဖြစ်တဲ့အပြင် စည်းရုံးလှုပ်ရှားမှုလုပ်တဲ့အခါမှာ ပိုမိုထိရောက်နိုင်မှာဖြစ်ပါတယ်၊ ဒါကြောင့် ဒီနည်းလမ်းနှစ်မျိုးနဲ့ စာရင်းကောက်ယူတာ ဖြစ်ပါတယ်"ဟု ဦးစန်းယုက ပြောသည်။

မန္တလေးသင်္ကြန်သို့ ဝင်ရောက်လာကြသည့် ခရီးသွားဧည့်သည်များကို နိုင်ငံအလိုက်၊ အသက်အရွယ်အပိုင်းအခြားအလိုက်၊ အမျိုးသား အမျိုးသမီးအလိုက် ခွဲခြားကောက်ယူ၍ သုတေသနလုပ်ဆောင်သွားမည်ဖြစ်ရာ ထိုသို့လုပ်ဆောင်ခြင်းဖြင့် လိုအပ်ချက်များကို ခွဲခြားသိမြင်လုပ်ဆောင်နိုင်စွမ်းများ ရရှိစေနိုင်သည့်အပြင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကိုလည်း ချက်ချင်း ဖြေရှင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဆန်းသစ်တဲ့ ခရီးသွားကဏ္ဍကို ပိုမိုတိုးမြှင့် လုပ်ဆောင်တဲ့အခါ ရိုးရာယဉ်ကျေးမှုလေ့ထုံးစံတွေကို မပျောက်အောင် လုပ်ရပါတယ်၊ အဓိကခရီးသွားလုပ်ငန်းနဲ့ အောင်မြင်နေတဲ့ နိုင်ငံတွေမှာလည်း သူတို့ရဲ့ရိုးရာယဉ်ကျေးမှုတွေ၊ ရိုးရာအစားအစာတွေနဲ့ ဆွဲဆောင်ကြတယ်၊ လာရောက်ကြတဲ့ ခရီးသွားတွေကလည်း ဒေသရဲ့ ရိုးရာအစားအစာတွေကို မြည်းစမ်းထိတွေ့မှုက ၄၀ ရာခိုင်နှုန်းကျော်ရှိတဲ့အတွက် ဒီနှစ်မှာအခုလိုစီစဉ်ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

နိုင်ငံအလိုက် ဝင်ရောက်လာကြသည့် ခရီးသွားဧည့်သည်များ၏ ကိန်းဂဏန်းအချက်အလက်ဆိုင်ရာ စာရင်းကို ကောက်ယူခြင်းဖြင့် အခြေခံအဆောက်အအုံများ နည်းပညာပြောင်းလဲမှုများနှင့် အဓိက ဦးတည်ရမည့် ဈေးကွက်အခြေအနေများကို ရှင်းလင်းစွာသိရှိကာ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်သစ်များ ချမှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---



# ရန်ကုန် - မန္တလေးပြည်ထောင်စုလမ်းမကြီးကို လေးလမ်းသွားအဖြစ် အဆင့်မြှင့်တင်ပြီးပါက ကုန်စည်စီးဆင်းမှု ပိုမိုအားကောင်းလာမည်

**ရေတာရှည် မတ် ၂၅**

မြန်မာနိုင်ငံတွင် ကုန်စည်စီးဆင်းမှုအများဆုံးဖြစ်ပြီး အရှည်လျားဆုံးလမ်းမကြီးဖြစ်သော ရန်ကုန်-မန္တလေးကားလမ်းအား နှစ်ရှည်လုပ်ပိုင်ခွင့်ရကုမ္ပဏီများက လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ချဲ့ထွင်လျက်ရှိရာ ပြီးစီးသွားပါက နေ့စဉ်တိုးတက်များပြားလျက်ရှိသော ယာဉ်အစီးရေအတွက် အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်မည့်အပြင် ကုန်စည်သယ်ဆောင်ရာ၌လည်း ပိုမိုမြန်ဆန် သွက်လက်လာမည်ဖြစ်ကြောင်း သုံးသပ်ပြောကြားမှုများရှိနေသည်။

"လမ်းတွေကျယ်လာတော့ မောင်းနှင်ရတာ ပိုပြီးလွတ်လပ်လာတယ်၊ ယာဉ်ကြီးတွေက အစုန်အဆန်အလယ် လမ်းကြောင်းက မောင်းကြတယ်၊ အခြားယာဉ်ငယ်တွေက အပြင်လမ်းဘက်တွေက မောင်းတော့ယာဉ်အန္တရာယ်လည်း ကင်းဝေးသွားတာ ပေါ့"ဟု ခရီးဝေးသွားသည့် ကုန်တင်ယာဉ်မောင်းတစ်ဦးက ပြောသည်။

နေပြည်တော်-ရေတာရှည်-တောင်ငူ လမ်းပိုင်းများတွင် နိုင်ငံတကာအဆင့်မီ နိုင်လွန်ကတ္တရာလမ်းအဖြစ် ဆောင်ရွက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆက်စပ်မြို့နယ်များတွင်လည်း လမ်းပိုင်းများချဲ့ထွင်ခြင်း၊ နိုင်လွန်ကတ္တရာလမ်းအဖြစ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်း၌ အားလုံးပြီးစီးမည်ဟု ခန့်မှန်းရကြောင်း လမ်းပိုင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။ **ကိုလွင်(ဆွာ)**

## ဓမ္မာစရိယစာမေးပွဲ ပဥ္စမနေ့ နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၅၂ ဌာနတွင် သံဃာတော်နှင့် သီလရှင် ၁၁၈၁၅ ပါး ဖြေဆို

**နေပြည်တော် မတ် ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၁၈ ခုနှစ် ဓမ္မာစရိယစာမေးပွဲ (ပဥ္စမနေ့)ကို ယနေ့ မွန်းလွဲပိုင်းတွင် နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၂ ဌာနတို့တွင် ဖြေဆိုကြရာ စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၅၂၆၉ ပါးအနက် ၁၁၈၁၅ ပါး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၃၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## စိမ်းလန်းရွှေပြည်စာပေပြိုင်ပွဲ ဆုစာရင်းကြေညာ

**ရန်ကုန် မတ် ၂၅**

စိမ်းလန်းရွှေပြည်စာပေဆုရွေးချယ်ရေးကော်မတီက မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ရိုးရာ ဂန္ထဝင်ကဗျာများ မပျောက်ပျက်မတိမ်ကောရေးကို ရည်ရွယ်ရှေးရှုလျက် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးပေါင်းချုပ်(စာပဒေသာ)ဟူသော စာအုပ်စာမူပါဝင်သည့် ဆုအမျိုးအစားငါးမျိုးကို ပြိုင်ပွဲကျင်းပခဲ့ပါသည်။ အဆိုပါပြိုင်ပွဲမှ ဆုရရှိသော စာအုပ်စာမူ နှင့် စာရေးဆရာများ၏ အမည်စာရင်းကို ဆုရွေးချယ်ရေးကော်မတီက ယနေ့ထုတ်ပြန် ကြေညာလိုက်သည်။

**ကဗျာပေါင်းချုပ်(စာအုပ်)**

ကဗျာပေါင်းချုပ်(စာအုပ်)အကောင်းဆုံးဆုကို ဇော်မင်းမင်းဦး၏ “ ပတ္တမြားကဗျာများ”ကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ် (စာအုပ်)အကောင်းဆုံးဆုကို ဟမ်စိုင်း (ဆေး-မန်း)၏ “တတိယလူနှင့်မဂ္ဂဇင်းဝတ္ထုတိုများ”ကလည်းကောင်း၊ ဆောင်းပါးပေါင်းချုပ် (စာပဒေသာ၊ စာအုပ်)အကောင်းဆုံးဆုကို မောင်ချိုဝေ၏ “ ဇာတိစိတ်၏ ခေါ်ဆောင်ရာ”ကလည်းကောင်း ရရှိသည်။

ကဗျာပေါင်းချုပ်(စာမူ)ဆုတွင် ဆုအမျိုးအစားငါးခုရှိရာ မောင်လွန်းမြိုင် (ပင်လယ်ဘူး)၏ “ မုဒိတာနိဒါန်းပန်း အလင်္ကာကဗျာများ” က ပထမဆု၊ သက်နိုင် (ကြို့ပင်ကောက်)၏ “ စိမ်းမြန္ဒေဦးနှင့်ကဗျာစာစုများ” က ဒုတိယဆု၊ မောင်မောင်မိုးအောင်၏ “ အေးရိပ်ဝေသည့် သစ်တစ်ပင်နှင့် အခြားကဗျာများ” က တတိယဆု၊ ချစ်စုအောင်၏ “ သစ္စာလမ်းက မြစ်မင်းအလင်္ကာကဗျာများ” က အထူးဆု(၁)၊ မင်းသွေးနွယ်(ဇီးကုန်း) ၏ “ မေတ္တာမီးအိမ်ကဗျာများ” က အထူးဆု(၂)တို့ ရရှိသည်။

ဝတ္ထုတိုပေါင်းချုပ်(စာမူ)ဆုကို ထွန်းလှိုင်(မြိုင်)၏ “မွေးရပ်မြေနှင့် သုတရသဝတ္ထုတိုပေါင်းချုပ်” က ပထမဆု၊ တင်လင်းဇော်၏ “ ကျွန်တော့်သမီး ခေါင်သူကြီးနှင့် အခြားဝတ္ထုတိုများ” က ဒုတိယဆု၊ သက်ဝေမောင်၏ “ တိမ်ညိုကြားက လမင်းမေတ္တာနှင့် အခြားဝတ္ထုတိုများ” က တတိယဆုတို့ ရရှိသည်။

**ကိုယ်ရေးအကျဉ်းပေးပို့**

ဆုရရှိသူများသည် ဖုန်း ၀၉-၂၅၆၀၅၀၂၃၄ နှင့် ၀၉-၂၅၄၃၁၀၈၂၆ တို့သို့ အမြန်ဆုံးဆက်သွယ်၍ ပို့စ်ကတ်အရွယ် ဓာတ်ပုံသုံးပုံနှင့်အတူ သတ်မှတ် ကိုယ်ရေးအကျဉ်းပေးပို့ကြရန် ကြေညာထားသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် ဧပြီ ၆ ရက် နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ် ၁၃၂(B)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်းအနေဖြင့် သာရေး၊ နာရေး၊ လူမှုရေးကိစ္စရပ်များ ကူညီပံ့ပိုးရန်မှာ အဓိကဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ပြောကြား

**ရန်ကုန် မတ် ၂၅**

သတင်းနှင့် စာနယ်ဇင်းလောကမှ ခေတ်အဆက်ဆက် အနားယူ၊ အငြိမ်းစားယူခဲ့ကြသော အသင်းဝင်များ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စရပ်များကို ကူညီပံ့ပိုးရန်မှာ အသင်းကြီး၏ အဓိကရည်ရွယ်ချက်ဖြစ်ကြောင်း သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌ ဦးမြင့်ဆွေက ပြောကြားသည်။

ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး ပြန်ကြားရေးဝန်ကြီးဌာနဓမ္မာရုံ၌ ကျင်းပသော သတင်းနှင့် စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း ဒုတိယအကြိမ်ကျင်းပသော သက်ကြီးပူဇော်ပွဲနှင့် လုပ်ဖော်ကိုင်ဖက် မိသားစုဝင်ဟောင်းများ အချင်းချင်းပြန်လည်တွေ့ဆုံပွဲတွင် အသင်းဥက္ကဋ္ဌက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



“သတင်းနှင့် စာနယ်ဇင်း ခေတ်အဆက်ဆက်မှာ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့တဲ့ ဝန်ထမ်းဟောင်းတွေ အနားယူ၊ အငြိမ်းစားယူတဲ့အခါမှာ အချင်းချင်း ပြန်လည်တွေ့ဆုံဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ အသင်းကို ဖွဲ့စည်းခဲ့တာပါ၊ နှစ်ပေါင်း ၅၀ ကျော်မှ အခုလိုဖွဲ့စည်းနိုင်ခဲ့ပြီး နိုင်ငံ့တာဝန် နှစ်ရှည်လများအတူလက်တွဲထမ်းဆောင်ခဲ့တဲ့ အသင်းဝင်ဟောင်းတွေ အချင်းချင်းပြန်လည်တွေ့ဆုံကြဖို့နဲ့ အသင်းဝင်တွေရဲ့ ကျန်းမာရေး၊ နာရေးရန်ပုံငွေပေါ်မူတည်ပြီး အသင်းဝင်မိသားစုတွေရဲ့ ပညာရေး၊ လူမှုရေးကိစ္စတွေပါ ကူညီထောက်ပံ့ပေးသွားဖို့ထိ ရည်ရွယ်ထားပါတယ်၊ အဲဒီ ရည်ရွယ်ချက်တွေနဲ့ အသင်းကြီးကို ဖွဲ့စည်းခဲ့တာပါ၊ အသင်းဝင်တွေအနေနဲ့ ကျန်းမာရေးကိစ္စပဲဖြစ်ဖြစ်၊ နာရေးကိစ္စရပ်ပဲဖြစ်ဖြစ် အသင်းကြီးကို ဆက်သွယ်ပေးကြပါ၊ အသင်းကြီးပေါ်မှာ စေတနာအလျောက် ငွေအား၊ လူအား၊ ပစ္စည်းအား ပံ့ပိုးပေးသော စေတနာရှင်များ၊ အသင်းကြီးရဲ့လှုပ်ရှားမှု သတင်းဓာတ်ပုံတွေကိုဖော်ပြပေးတဲ့ ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ မြန်မာတိုင်းမ်သတင်းစာ၊ ဒီမိုကရေစီတူဒေးနဲ့ မြန်မာ့ရုပ်မြင်သံကြားအစရှိတဲ့ အဖွဲ့အစည်းအားလုံးကို ကျေးဇူးအထူးတင်ပါတယ်၊ အသင်းကြီးရန်ပုံငွေ တောင့်တင်းလာရင် အသင်းဝင်တွေရဲ့ လူမှုရေးကိစ္စတွေ၊ ပညာရေးကိစ္စတွေ တိုးပြီးဆောင်ရွက်ပေးသွားမှာပါ” ဟု ဝန်ထမ်းဟောင်းများအသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက ပြောကြားသည်။

ယနေ့ကျင်းပသော သတင်းနှင့် စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲနှင့် တွေ့ဆုံပွဲတွင် ဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌ ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အသင်းအတွင်းရေးမှူး ဦးဇော်ဝင်းက ရှင်းလင်းပြောကြားသည်။ ယင်းနောက် သက်ကြီးကန်တော့ခံ အသက် ၈၀ နှင့်အထက် အသင်းဝင် ဝန်ထမ်းဟောင်းဆရာကြီး၊ ဆရာမကြီးများအား အသင်းဒုတိယဥက္ကဋ္ဌ ဦးစံငြိမ်း ဦးဆောင်၍ ကန်တော့ချီးဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံ ကျူးလွန်မိသည်များ ပယ်ပျောက်ရန် ဝန်ချတောင်းပန် ကန်တော့ကြသည်။

ထို့နောက် သက်ကြီးကန်တော့ခံ ဆရာကြီးများကိုယ်စား ဦးလုကြင်က မုဒိတာစကား ပြန်လည်ချီးမြှင့်ပေးပြီး တက်ရောက်လာသူများအနက်မှ မြန်မာတိုင်းမ်နေ့စဉ်သတင်းစာမှ အယ်ဒီတာချုပ် ဦးရဲမြင့်ဖေက မုဒိတာစကား ပြန်လည်ပြောကြားကာ သက်ကြီးကန်တော့ခံ ဆရာကြီးများအား ကန်တော့ပစ္စည်းများ အသီးသီးပေးအပ်သည်။ ဆက်လက်ပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပြီး တက်ရောက်လာသော သက်ကြီးကန်တော့ခံများနှင့် ဧည့်သည်တော်များအား အကျွေးအမွေးဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း ဗဟိုအလုပ်အမှုဆောင်ရွေးချယ်

**ရန်ကုန် မတ် ၂၅**

မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်း (MPAN) ၏ ၂၀၁၈-၂၀၂၂ ခုနှစ်အတွက် ဗဟိုအလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ကျင်းပရာ ဥက္ကဋ္ဌအဖြစ် ဦးစောလုလုထော်က ဥက္ကဋ္ဌဒုတိယသက်တမ်း ထပ်မံရွေးချယ်တင်မြှောက်ခံရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်းဥက္ကဋ္ဌ ဦးစောလုလုထော်က အမှာစကားပြောကြားပြီး နှစ်နှစ်အတွင်း ဆောင်ရွက်ထားမှုများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ Finanace Working ကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်စိုးက ဘဏ္ဍာရေး ငွေစာရင်းရှင်းတမ်းနှင့် ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ရွေးကောက်တင်မြှောက်ပွဲ၏ လိုက်နာကျင့်သုံးမည့် စည်းမျဉ်းစည်းကမ်းများ ဖတ်ကြားပြီး ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်အသစ် ရွေးချယ်မည့်




အဆိုပြု အမည်စာရင်းပေးသွင်းထားသူများအား မိတ်ဆက်သည်။ ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်အသစ် ၃၉ ဦးကို မဲပေးရွေးချယ်ပြီး ရွေးချယ်တင်မြှောက်ခံရသည့် စာရင်းအား ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌရာထူးများအတွက် ၃၉ ဦးအနက် ငါးဦးအား ဖွဲ့စည်းပုံအတိုင်း ဆန္ဒမဲပေးပြီး နာယကက ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌအမည်များအား အတည်ပြုကြေညာသည်။

ယင်းနောက် မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာကွန်ရက်အသင်း ဥက္ကဋ္ဌသစ် ဦးစောလုလုထော်က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး **(အောက်ပုံ)** ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာကွန်ရက်အသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးစောလုလုထော်၊ ဒုဥက္ကဋ္ဌ(၁) အဖြစ် ဦးဇော်မင်း၊ ဒုဥက္ကဋ္ဌ(၂) အဖြစ် ဦးထွန်းထွန်း၊ ဒုဥက္ကဋ္ဌ(၃)အဖြစ် ဦးမျိုးအေး၊ ဒုဥက္ကဋ္ဌ(၄)အဖြစ် ဦးဖြိုးလှဝေတို့ ရွေးချယ်တင်မြှောက်ခံရကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

❍ *ကျောဖုံးမှ*

ယခု ဆောင်ရွက်သည့် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းကို အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့(IFAD) ၏ ချေးငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ လယ်ကွက်များကို မြေမျက်နှာပြင်ညီညာပြီး ရေသွင်း၊ ရေနုတ်မြောင်းနှင့် ကုန်ထုတ်လမ်းများပါဝင်၍ လယ်ယာသုံးစက်ကိရိယာများ လွယ်ကူစွာ ဝင်ထွက်လုပ်ကိုင် ဆောင်ရွက်နိုင်မည့် စနစ်ကျလယ်ကွက်များအဖြစ် ဖော်ထုတ်ပြုပြင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ပေးခြင်းဖြင့် ကျေးလက်ဒေသ စိုက်ပျိုးရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေသည့်အပြင် ယခင်က ကုန်းမြင့်၍ စိုက်ပျိုးရေခက်ခဲစွာ ရယူစိုက်ပျိုးခဲ့ရသော လယ်ကွက်များကိုပါ စိုက်ပျိုးရေ လွယ်ကူလုံလောက်စွာ ရရှိစေနိုင်သောကြောင့် လည်းကောင်း၊ လယ်ယာမြေများတွင် လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာ အသုံးပြု၍ ခေတ်မီစိုက်ပျိုးနည်းစနစ်များကိုလည်း အသုံးပြုစိုက်ပျိုးနိုင်သောကြောင့်လည်းကောင်း ဒေသနေတောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ ယခုအခါ စနစ်ကျလယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေပေးဝေရေး စီမံဆောင်ရွက်လျက်ရှိသဖြင့် တောင်သူများမှ နွေစပါးသီးနှံများ စတင်စိုက်ပျိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**



လယ်ဝေးမြို့နယ်တွင် စနစ်ကျလယ်ယာမြေ ဖော်ထုတ်ထားသည်ကို တွေ့ရစဉ်။

# ဥတုရာသီ မျှော်တွေး၊ မိုးလေဝသ အလေးပေး . . .

**ကျော်လွင်ဦး(မိုး/ဇလ)**

မိုးလေဝသ၊ ဇလဗေဒနဲ့ ရာသီဥတုဖြစ်စဉ်များဟာ စားဝတ်နေရေး၊ ကျန်းမာရေးမှအစ စွမ်းအင်နဲ့ စားနပ်ရိက္ခာထုတ်လုပ်မှု၊ သဘာဝပတ်ဝန်းကျင် သဟဇာတဖြစ်မှုအထိ သက်ရောက်မှုများရှိသလို ပျက်စီး၊ ဆုံးရှုံးမှုများပြားစေတတ်တဲ့ ဆိုင်ကလုန်းမုန်တိုင်းကြီးများ တိုက်ခတ်တာ၊ မိုးသည်းထန်တာ၊ အပူလွန်ကဲတာ၊ မိုးခေါင်လွန်းတာမျိုးနဲ့ အအေးခာတ်ပြင်းထန်တာမျိုး ဖြစ်စဉ်တွေလည်း ဖြစ်ပေါ်နေတာ တွေ့နိုင်ပါတယ်။ ဒီလို မိုးလေဝသ အခြေအနေတွေဟာ ရာသီဥတုပြောင်းလဲလာခြင်းရဲ့ အကျိုးဆက်များကြောင့် ပိုပြီးအင်အားပြင်းထန်လာနိုင်သလို ဖြစ်ပွားမှု အကြိမ်အရေအတွက်လည်း တိုးလာနိုင်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်က အယ်နီညိုမဖြစ်ပေမယ့် အပူဆုံးနှစ်တစ်နှစ် ဖြစ်ခဲ့ပါတယ်။ လာနီညာနဲ့အတူ ဇန်နဝါရီလဆန်းရက်တွေမှာ အအေးလွန်ကဲပြီး မိုးဆက်တိုက်ရွာခဲ့တဲ့ ၂၀၁၈ ခုနှစ် မြန်မာ့ရာသီဥတုအနေနဲ့လည်း ဇန်နဝါရီလအတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသ မြစ်ကြီးနားမြို့မှာ ပျမ်းမျှအပူချိန် (-၀.၁)ဒီဂရီ စင်တီဂရိတ်လျော့ခဲ့တာ၊ အလယ်ပိုင်းဒေသ မန္တလေးမြို့မှာ (၀.၃)ဒီဂရီစင်တီဂရိတ်ပိုခဲ့တာ၊ ရခိုင်ကမ်းရိုးတန်းဒေသ စစ်တွေမြို့မှာ (-၁.၉)ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့တာ၊ မြစ်ဝကျွန်းပေါ်ဒေသ ရန်ကုန်မြို့မှာ (၀.၁) ဒီဂရီစင်တီဂရိတ် ပိုခဲ့တာတွေ့ရသလို စံချိန်တင်မိုးရေချိန်များ ရွာသွန်းခဲ့တာ၊ ညအပူချိန် စံချိန်တင်တာလည်းရှိခဲ့ပါတယ်။ ရာသီအချိန်အခါမဟုတ် မိုးပျံ့ပျံ့နှံ့နှံ့ ရွာခဲ့တာကြောင့် ဆောင်းသီးနှံများပျက်စီး ထိခိုက်ခဲ့ရပါတယ်။

**မိုးလေဝသဆိုင်ရာလေ့လာ၊ တိုင်းထွာ၊ စောင့်ကြည့်မှုအပိုင်း တိုးတက်လာ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေနဲ့ မိုးလေဝသ၊ ရာသီဥတုအခြေအနေများနဲ့ ဆက်စပ်တဲ့ သဘာဝဘေးများ လေ့လာ၊ စောင့်ကြည့်၊ တိုင်းထွာခြင်း၊ ခန့်မှန်းတွက်ချက်ခြင်းနဲ့ ကြိုတင်သတိပေးချက်များ ထုတ်ပြန်ပေးလျက်ရှိနေပါတယ်။ ဌာနရဲ့အခြေခံအဆောက်အအုံတွေနဲ့ လူ့စွမ်းအားအရင်းအမြစ်အနေနဲ့လည်း လွန်ခဲ့တဲ့ ၁၀ နှစ်၊ နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့တဲ့ ၂၀၀၈ ခုနှစ် မတိုင်မီကာလထက် သိသာစွာ တိုးတက်ပြောင်းလဲလာခဲ့ပြီး ဂျပန်နိုင်ငံရဲ့ အကူအညီနဲ့ ၂၀၁၁ ခုနှစ်မှာ မိုးလေဝသ ဂြိုဟ်တုတိမ်ပုံ စောင့်ကြည့်နိုင်သည့်စနစ်နဲ့ မိုးလေဝသဆက်သွယ်ရေးကွန်ရက် နေပြည်တော် မိုးဇလဌာနမှ တပ်ဆင်နိုင်ခဲ့ခြင်း၊ ၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ ကျောက်ဖြူရေဒါ၊ ၂၀၁၆ ခုနှစ်မှာ ရန်ကုန်ရေဒါတို့ကို ဖွင့်လှစ်နိုင်ခဲ့ပြီး မန္တလေးရေဒါကိုလည်း မကြာမီမှာ ဖွင့်လှစ်သွားဖို့ရှိပါတယ်။ ဒါ့အပြင် အလိုအလျောက်မိုးလေဝသကိရိယာများကိုလည်း နိုင်ငံတော်ရန်ပုံငွေ၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ကိုရီးယားသမ္မတနိုင်ငံ မိုးလေဝသဌာနတို့မှလည်း ပံ့ပိုးပေးခဲ့တော့ မိုးလေဝသဆိုင်ရာလေ့လာ၊ တိုင်းထွာ၊ စောင့်ကြည့်မှုအပိုင်းမှာ ယခင်ထက် တိုးတက်လာပြီ ဖြစ်ပါတယ်။


ရာသီဥတုစောင့်ကြည့်မှုနဲ့ အယ်နီညို၊ လာနီညာကဲ့သို့ ထူးခြားရာသီဥတု အခြေအနေများ စောင့်ကြည့်ထုတ်ပြန်ပေးနေသလို လက်ရှိဖြစ်ပေါ်နေတဲ့ ရာသီဥတုအခြေအနေများမှသည် ၂၁၀၀ ပြည့်နှစ်အထိ ဖြစ်ပေါ်လာနိုင်မယ့် မြန်မာ့ရာသီဥတုအခြေအနေများနဲ့ ပတ်သက်တဲ့ ဆန်းစစ်တွက်ချက်မှုများကို ဆောင်ရွက်လျက်ရှိနေပြီဖြစ်လို့ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ရဲ့ရာသီဥတုဝန်ဆောင်မှုအဆင့် သတ်မှတ်ချက်တွေ တိုးတက်လာတယ်လို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ဒေသအလိုက် ရာသီဥတုသုတေသနပြု လုပ်ငန်းတွေနဲ့ ဒေသန္တရအဖွဲ့အစည်းတွေနဲ့ အချိတ်ဆက်မိမိ ပူးပေါင်းဆောင်ရွက်နိုင်ကြမယ်ဆိုရင် အနာဂတ်မှာ ကြုံတွေ့ရနိုင်ဖွယ်ရှိတဲ့ အစွန်းရောက် မိုးလေဝသနဲ့ ဇလဗေဒဆိုင်ရာဘေးများကို ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြင့်မားလာစေမှာ ဖြစ်ပါတယ်။

**အနောက်တောင်မုတ်သုံလေ အားအကောင်းဆုံးကာလ**

မြန်မာနိုင်ငံမှာ ရာသီကာလအလိုက် အဖြစ်များတဲ့ သဘာဝဘေးများကို လေ့လာကြည့်မယ်ဆိုရင် ဒီဇင်ဘာ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီလတွေမှာ အအေးလွန်ကဲခြင်း၊ ထူထပ်တဲ့ မြူထူဆိုင်းခြင်း၊ မတ်လမှ မေလအထိ အပူချိန်မြင့်မားခြင်း၊ မိုးတိမ်တောင်များကြောင့် မိုးသက်လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်ခြင်းတို့ဖြစ်ပါတယ်။ မေလလယ်မှာ အနောက်တောင် မုတ်သုံလေနှင့်အတူ မုန်တိုင်းများလည်းဖြစ်ပေါ်တတ်ပြီး ဇွန်လကုန်အထိ သတ်မှတ်ထားတဲ့ မိုးဦးကာလလည်း မိုးရွာသွန်းမှု အနည်းအများကိုတော့ တစ်ပြည်လုံးကို မုတ်သုံလေဆက်တိုက်ဝင်ရောက်မှုနဲ့ ဆက်စပ်မှုရှိပါတယ်။ ရက်ပေါင်း ၆၂ ရက် အတိအကျရှိတဲ့ ဇူလိုင်လ၊ ဩဂုတ်လမိုးလယ်ကာလမှာတော့ အနောက်တောင် မုတ်သုံလေ အားအကောင်းဆုံးကာလဖြစ်ပြီး မုတ်သုံမိုးသည်းထန်မှုကြောင့် နောက်ဆက်တွဲဘေးအဖြစ် မြစ်ရေကြီးမှုများ ဖြစ်ပေါ်ပါတယ်။ ပင်လယ်ပြင် မိုးလေဝသဆိုးရွားပြီး လှိုင်း၊ လေပြင်းထန်ချိန်ဖြစ်ပါတယ်။ မိုးလယ်ကာလဖြစ်ပေမယ့် မုတ်သုံမိုးပုံမှန်အောက် ရွာသွန်းမှုနည်းပြီး မိုးခေါင်လွန်းတာလည်း အညာဒေသအပါအဝင် မြစ်ဝကျွန်းပေါ်ဒေသတွေမှာလည်း တွေ့ရပါတယ်။ ရေဦးရေဖျားမှသည် ရေဝတီမြစ်အောက်ပိုင်းအထိ မြစ်ရေများစိုးရိမ်ရေမှတ်တွေ အထက်မှာ ရောက်ရှိနေချိန်လည်း ဖြစ်ပါတယ်။ အညာဒေသအချို့မှာတော့ မိုးခေါင်လွန်းတဲ့ အကျိုးဆက်အပြင် ကိုယ့်ဒေသမှာ မိုးမရွာဘဲရေကြီးတဲ့ ဘေးဒုက္ခကိုလည်း ထပ်ဆင့်ကြုံတွေ့ရတတ်ပါတယ်။ မိုးလယ်ကာလမိုးရွာသွန်းမှု အနည်း၊ အများ ဖန်တီးတာကတော့ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းမှ မုတ်သုံမုန်တိုင်းငယ်များကြောင့်နဲ့ မုတ်သုံလေအင်အားကောင်းမှုတို့ပဲ ဖြစ်ပါတယ်။

**မုန်တိုင်းစရိုက်လက္ခဏာ**

စက်တင်ဘာလဆန်းမှ မုတ်သုံဆုတ်ခွာချိန်ကတော့ မုတ်သုံလေဆုတ်ခွာဖို့ ဟန်ရေးပြချိန်ဖြစ်လို့ လေထုမတည်ငြိမ်မှုပြန်များလာပြီး မိုးကြိုးမုန်တိုင်းအဖြစ်များလာတတ်ပါတယ်။ မုတ်သုံမိုးတစ်ဝက်၊ ထစ်ချုန်းမိုး တစ်ဝက်ဖြစ်လာပါတယ်။ လေဖိအားနည်းရပ်ဝန်းတွေ ဝန်းရံဖို့ မရှိလာရင်တော့ အနောက်တောင်မုတ်သုံ လေစီးကြောင်းများဟာ အင်အားချည့်နဲ့စွာနဲ့ တဖြည်းဖြည်း ဆုတ်ခွာသွားကြတတ်ပါတယ်။ အောက်တိုဘာ၊ နိုဝင်ဘာလများက မုန်တိုင်းတွေအဖြစ်များတဲ့ ဒုတိယမုန်တိုင်းရာသီဖြစ်ပါတယ်။ အရှေ့ဘက်က တိုင်ဖွန်းမုန်တိုင်းများလည်း လေပွေလှိုင်းအဖြစ် ဖြတ်သန်းရွေ့လျားတတ်ပါတယ်။ မုန်တိုင်းတွေမှာစရိုက်လက္ခဏာ သဘာဝဘေးများက ခွဲခြားကြည့်မယ်ဆိုပါက မုန်တိုင်းတိုက်ခြင်း၊ မိုးသည်းထန်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့က မူလသဘာဝဘေး (Primary Hazard) ဖြစ်ပြီး မိုးသည်းထန်ခြင်းကြောင့် ရေကြီးခြင်း၊ မြေပြိုခြင်းဘေးများကိုတော့ နောက်ဆက်တွဲသဘာဝဘေး (Secondary Hazard) လို့ သတ်မှတ်ကြပါတယ်။ တချို့သဘာဝဘေးက တစ်ခုဖြစ်တာနဲ့ ပြီးဆုံးသွားတတ်ကြပြီး တချို့သဘာဝဘေးများကျတော့ တစ်ခုပြီးတာနဲ့ နောက်ဘေးတစ်ခု ဆက်တိုက်ဖြစ်ပေါ်တာလည်းရှိပါတယ်။ တချို့သဘာဝဘေးများက ရုတ်တရက်ဖြစ်တတ်ပြီး တချို့ကျတော့ အဖြစ်နှေးပြီး အချိန်ကြာတတ်ပါတယ်။ မိုးရွာသွန်းမှု၊ အပူချိန်၊ စိုထိုင်းဆ၊ ရေငွေ့အခြေအနေများကို သုံးသပ်၍ မုန်တိုင်းကြီးများကို ကြိုတင်ခန့်မှန်းနိုင်ပေမယ့် မြေလျှင်လှုပ်ရှားမှုဘေးကိုတော့ ကြိုတင်ခန့်မှန်း၍ မရနိုင်ပါ။ တချို့သဘာဝဘေးများက သက်ရောက်မှုနယ်ပယ် ကျဉ်းမြောင်းပြီး တချို့ဘေးကျတော့ သက်ရောက်မှု ကျယ်ပြန့်ပါတယ်။ ရာသီအလိုက် မိမိရပ်ရွာ၊ ဒေသမှာဖြစ်ပေါ်လာတတ်တဲ့ သဘာဝဘေးတွေကို ကြိုတင်ပြင်ဆင်ပြီး ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိရင် သဘာဝဘေးအန္တရာယ်ကျရောက်မှု နည်းပါးမှာ ဖြစ်ပါတယ်။




**"တချို့သဘာဝဘေးက တစ်ခုဖြစ်တာနဲ့ ပြီးဆုံးသွားတတ်ကြပြီး တချို့သဘာဝဘေးများကျတော့ တစ်ခုပြီးတာနဲ့ နောက်ဘေးတစ်ခု ဆက်တိုက်ဖြစ်ပေါ်တာလည်းရှိပါတယ်၊ တချို့သဘာဝဘေးများက ရုတ်တရက်ဖြစ်တတ်ပြီး တချို့ကျတော့ အဖြစ်နှေးပြီး အချိန်ကြာတတ်ပါတယ်၊ မိုးရွာသွန်းမှု၊ အပူချိန်၊ စိုထိုင်းဆ၊ ရေငွေ့အခြေအနေများကို သုံးသပ်၍ မုန်တိုင်းကြီးများကို ကြိုတင်ခန့်မှန်းနိုင်ပေမယ့် မြေလျှင်လှုပ်ရှားမှုဘေးကိုတော့ ကြိုတင်ခန့်မှန်း၍ မရနိုင်"**

**မုတ်သုံဖိုရမ်များဆွေးနွေးကျင်းပ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဖြစ်ပေါ်နိုင်မယ့် သဘာဝဘေးများကို နေ့၊ ညမပြတ် လေ့လာဆန်းစစ်ပြီး ကြိုတင်သတိပေးချက်၊ ခန့်မှန်းချက် သတင်းများကို ထုတ်ပြန်ပေးလျက် ရှိပါတယ်။ ကြိုတင်သတိပေးချက်များကို ယခင်ကတယ်လီဖုန်း၊ ဖက်စ်တို့ဖြင့်သာ ပေးပို့ခဲ့ရာမှ ယခုအခါ တယ်လီဖုန်း၊ ဖက်စ်တို့အပြင် SMS၊ Website၊ Facebook တို့အပြင် Web based Common Alerting Protocol (CAP) သဘာဝဘေးဖြစ်ပေါ်နိုင်မှုအခြေအနေ၊ ပြင်းအား၊ ပျံ့နှံ့မှု၊ ရွေ့လျားနိုင်မှု စသည့်တို့ကို စာသားပုံစံ၊ ဇယားပုံစံ၊ မြေပုံ၊ ဂြိုဟ်တုတိမ်ပုံ၊ ဗီဒီယိုဖိုင်များရိုက်ကူး၊ တည်းဖြတ် ထုတ်ပြန်ပေးလျက်ရှိနေပါတယ်။ ဒေသဆိုင်ရာအစိုးရ၊ အဖွဲ့အစည်းများသို့ နေ့စဉ်တိုင်းထွာချက်များ၊ ထူးခြားသတင်းများလည်း ဆက်သွယ်တင်ပြရပါတယ်။ ဒါ့အပြင် နေပြည်တော်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တို့မှာ မုတ်သုံဖိုရမ်များ ဆွေးနွေးကျင်းပခြင်း၊ ခန့်မှန်းချက်၊ ကြိုတင်သတိပေးချက်များ နားလည်လွယ်ကူစေရန်အတွက် သင်တန်းများ ဟောပြော၊ ဆွေးနွေးခြင်း၊ ဆွေးနွေးပွဲများ ပါဝင်တက်ရောက်လျက်ရှိပါတယ်။

**သဘာဝဘေးစီမံဖွဲ့စည်းမှု**

ရပ်ရွာလူထုရဲ့သဘာဝဘေးအပေါ် နားလည်လာမှုတွေ ယခင်ထက်တိုးတက်လာတာ၊ ကြိုတင်သတိပေးချက်များကို အသုံးချလိုတာတွေနဲ့ နေပြည်တော် မိုးဇလခန့်မှန်းချက်တွေကို ပြည်နယ် မိုး/ဇလရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှတစ်ဆင့် မိမိရပ်ရွာအထိရရှိနေမှုကို Christian Aid နဲ့ RIMES အဖွဲ့ ပူးပေါင်းဆောင်ရွက်တဲ့ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့ အလယ်ကယန်းကျေးရွာအုပ်စု သဘာဝဘေးစီမံချက်မှာ တွေ့ရှိရပါတယ်။ မိုးလေဝသအခြေအနေများကို အရင်ကထက် ပိုပြီးသတိထားလာတတ်ပြီး မိုးဇလသင်တန်းတွေတက်ရတော့ သဘာဝဘေးအမျိုးအစားတွေနဲ့ စရိုက်လက္ခဏာတွေ၊ တိမ်တွေရဲ့အရေးပါမှုတွေကို စိတ်ဝင်စားကြတာ တွေ့ခဲ့ရပါတယ်။ ဖယ်ခုံမြို့နယ် အလယ်ကယန်းကျေးရွာအုပ်စုအတွက် သဘာဝဘေးစီမံဖွဲ့စည်းမှုကောင်းကောင်းရှိနေတာက ပြည်သူလူထု ပူးပေါင်းပါဝင်တဲ့ သဘာဝဘေးလျော့ပါးရေး စီမံခန့်ခွဲမှု၊ အနာဂတ် ရာသီဥတုပြောင်းလဲလာမှုတွေအတွက်လိုအပ်မယ့်၊ လိုက်လျောညီထွေတုံ့ပြန်မယ့် လုပ်ငန်းအစီအစဉ်တွေကို လက်တွေ့ပြင်ဆင်နေခြင်းလို့ နားလည်မိသလို ယခုနှစ် ကမ္ဘာ့မိုးလေဝသနေ့ Weather-ready Climate-smart ကမ္ဘာ့မိုးလေဝသနေ့ဆောင်ပုဒ်နဲ့လည်း လိုက်ဖက်မှုရှိပါတယ်။

**ရောဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးရေးစီမံချက်**

ပြောင်းလဲလာနေတဲ့ ရာသီဥတု မမျှတမှုတွေနဲ့အတူ လေထုဆိုင်ရာမိုးလေဝသနဲ့ ရာသီဥတု သဘာဝဘေး (Natural hazards) များပိုပြီးအဖြစ်များလာနေတာ တွေ့ရပါတယ်။ သဘာဝဘေးတွေက ဒေသမရွေး၊ အချိန်မရွေးဖြစ်ပေါ်နိုင်တာမို့ ရင်ဆိုင်ခုခံနိုင်စွမ်းနည်းပါးရင် သဘာဝဘေးအန္တရာယ် (Natural Disaster) ဆိုတာ ဖြစ်လာပါတယ်။ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များအနက် ပန်းတိုင်(၁၃) ဖြစ်တဲ့ ရာသီဥတုနဲ့ဆက်နွှယ်တဲ့ ဘေးအန္တရာယ်များနှင့် သဘာဝဘေး အန္တရာယ်များကို ခုခံနိုင်စွမ်းရှိမှုနဲ့ လိုက်လျောညီထွေနေနိုင်သည့် စွမ်းရည်ခိုင်မာအားကောင်းစေရေး အထောက်အကူပြုနိုင်ရန် မှန်ကန်မှုမြင့်မားတဲ့ ကြိုတင်သတိပေးချက်များ ပိုမိုကောင်းမွန်အောင် ထုတ်ပြန်ပေးပို့နိုင်ရေးနဲ့ ပိုမိုကောင်းမွန်တဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှလည်း နိုင်ငံတော်အစိုးရ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ အားပေးပံ့ပိုးမှုနဲ့အတူ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ဦးစီးဌာနများ၊ ကမ္ဘာ့ဘဏ် ရောဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးရေးစီမံချက်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ ဒေသတွင်းမိုး/ဇလဌာနများ၊ ADPC၊ RIMES အဖွဲ့များအပြင် အခြားပြည်တွင်း၊ ပြည်ပမိတ်ဖက်အဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းစဉ်များမှာ ဆက်လက်ပါဝင်ကြိုးစား ဆောင်ရွက်နေဦးမှာ ဖြစ်ပါတယ်ဆိုတဲ့အကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

---

## မန္တလေး၌ ကျောရိုးဆစ်ခွဲစိတ်ကုသခြင်း ဆေးပညာရပ်ဆိုင်ရာ ဆွေးနွေး

**မန္တလေး မတ် ၂၅**

ကျောရိုးဆစ်ပြဿနာများနှင့် ပတ်သက်၍ ကျောရိုးအထူးကုဌာနစက်ရုပ်အကူအညီဖြင့် ခွဲစိတ်ကုသခြင်း ဆေးပညာရပ်ဆိုင်ရာ ဗဟုသုတများ နှီးနှောဆွေးနွေးဖလှယ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၃၁ လမ်းနှင့် လမ်း ၇၀ ထောင့်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ရတနာပုံခန်းမ၌ မန္တလေးမြို့မှ အထူးကုဆရာဝန်ကြီးများ၊ ဆေးပညာရှင်များနှင့် ဝေ့ဌာနီဆေးရုံကြီးမှ အထူးကုခွဲစိတ်ဆရာဝန်ကြီးများနှင့် မန္တလေးမြို့ မန္တလာအထူးကုဆေးရုံတို့ ပူးပေါင်းပြုလုပ်သည်။

ရှေးဦးစွာ မန္တလာအထူးကုဆေးရုံကြီးမှ အရိုးအထူးကုပါမောက္ခဌာနမှူး ဒေါက်တာမောင်မောင်ထွေးက အမှာစကားပြောကြားပြီး ဝေ့ဌာနီဆေးရုံ ကျောရိုးအထူးကုဌာန ကျောရိုးခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာပေါ်အေးနိတ်ထထုံက စက်ရုပ်အကူအညီဖြင့် ကျောရိုးခွဲစိတ်ကုသမှု၌ ကျောရိုးစောင်းခြင်းနှင့် အမျိုးမျိုးသောပုံသဏ္ဍာန်မမှန်ခြင်း၊ ကျောရိုးဆစ်တွင်း အရိုးနုပြားအစားထိုးခြင်း၊ ကျောရိုးဆစ်ကျိုးခြင်းအတွက် အရိုးဖာကော်ဆေးသွင်းခြင်း စသည့် ကုသနည်းစနစ်တို့နှင့် ကာကွယ်ကုသဆောင်ရွက်ပေးနိုင်ခြင်း စသည့် ဆေးပညာဆိုင်ရာ ဗဟုသုတများ ဆွေးနွေး၍ တက်ရောက်လာသူများ၏ သိလိုသည်များကို ပြန်လည်ဖြေကြားပေးသည်။

အဆိုပါ နောက်ဆုံးပေါ်စက်ရုပ် အထောက်အကူပြု နည်းပညာဖြင့် ကျောရိုးခွဲစိတ်ကုသခြင်းကို အမေရိကန်နိုင်ငံ FDA အသိအမှတ်ပြုနှင့် နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ရ ဆရာဝန်ကြီးများက ဆောင်ရွက်ပေးနေပြီး အာရှနိုင်ငံများရှိ ပုဂ္ဂလိက ဆေးရုံများအနက် ဝေ့ဌာနီဆေးရုံကြီးတွင် ပထမဦးဆုံး ခွဲစိတ်ကုသခဲ့ရာ ခွဲစိတ်ပြီးနောက်ဆက်တွဲ လက္ခဏာနည်းပါးခြင်း၊ နာကျင်မှုနည်းခြင်းနှင့် လျင်မြန်စွာ ပြန်လည်နာလန်ထူနိုင်ခြင်းကဲ့သို့ အကျိုးကျေးဇူးများရရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နိုင်ငံတိုးတက်ဖို့အတွက် မီဒီယာဆိုတာ အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်ပါတယ်

ဗိုလ်မှူးကြီး (ငြိမ်း) ခင်မောင်အေး

ရန်ကုန် မတ် ၂၅

**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းဝန်ထမ်းဟောင်းများအသင်းက ကျင်းပသည့် ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲနှင့် ဝန်ထမ်းဟောင်းများ မိတ်ဆုံတွေ့ဆုံပွဲ ကျင်းပရာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ပြန်ကြားရေးဓမ္မာရုံကို ကျွန်တော်ရောက်တော့ တစ်ချိန်က ဆရာသမားများ၊ ဝါရင့်သတင်းစာဆရာကြီးများဖြစ်ကြသည့် အသက်(၉၅) နှစ်အရွယ်ရှိပြီး ကြေးမုံသတင်းစာ စတင်တည်ထောင်ရာတွင်ပါဝင်သူ ဦးသော်၊ ကျွန်တော်ငယ်ဘဝက တရှိုက်မတ်မတ်ဖတ်ခဲ့ရသော ဘောလုံးဘုရင်ပီလီစာအုပ်ကို ရေးသားခဲ့သူ အသက်(၈၃) နှစ်အရွယ်ရှိ ဝါရင့်သတင်းစာဆရာကြီး ဦးထွန်းသာ(ခေါ်) မောင်ရဲဝင်း၊ ဝါရင့်သတင်းစာဆရာကြီး တက္ကသိုလ်မြတ်သူအပါအဝင် တစ်ခေတ်တစ်ခါက သတင်းစာဆရာကြီးများကို ကျန်းကျန်းမာမာဖြင့် တစ်စုတစ်ဝေးတည်း တွေ့ရ၍ နှလုံးပီတိ ဂွမ်းဆီထိရသို့နှယ် ဝမ်းမြောက်ကြည်နူးရသည်။**



ဦးသော်



ဗိုလ်မှူးကြီး (ငြိမ်း) ခင်မောင်အေး



ဝါရင့် သတင်းစာဆရာကြီး ဦးမြတ်သူ

ဤသည်မှာ ကြုံတောင့်ကြုံခဲ အခွင့်အရေးတစ်ရပ်ဖြစ်၍ လက်ရှိ နိုင်ငံပိုင်သတင်းစာများ အရည်အသွေးမြင့်မားရေးနှင့် စပ်လျဉ်းပြီး ဝါရင့်သတင်းစာဆရာကြီးများ၏ သဘောထား အမြင်များကို စေ့ငုမေးမြန်းခဲ့ပါသည်။

**ဦးသော်(ကြေးမုံသတင်းစာ စတင်တည်ထောင်ရာတွင်ပါဝင်သူ)**

အခု အစိုးရသတင်းစာတွေက ဟိုတုန်းကလို အပြိုင်အဆိုင် သိပ်မရှိတော့ဘူး။ အရင်တုန်းက သတင်းသမားတွေဟာ ညနေပိုင်းဆိုရင် အလကားမနေရဘူး။ အခုကတော့ တော်တော်ပြောင်းလဲသွားပြီ။ ဟိုတုန်းကဆိုရင် သတင်းစာ အချင်းချင်း ပြိုင်ခဲ့ရတာပါ။ အမှားအယွင်း နည်းနည်းမှ မရှိအောင်၊ ပြည်သူလူထုအတွက် တစ်ဆင့်ထက်တစ်ဆင့် မြင့်အောင်လုပ်ဖို့လိုပါတယ်။ သတင်းစာကောင်းအောင် လုပ်ဖို့ဆိုတာက တစ်ဦးတည်းတစ်ယောက်တည်း လုပ်လို့မရပါဘူး။ အခုဆိုရင် သတင်းစာတိုက်တွေမှာ မျက်နှာ ကိုယ်ပြန်မြင်ရတယ်။ ကိုယ်မြင်ရတဲ့ ကိုယ့်မျက်နှာဟာ ကြည်ကြည်လင်လင်နဲ့ သန့်သန့်ရှင်းရှင်းရှိနေဖို့ အရေးကြီးတယ်။ သတင်းစာထဲမှာဖော်ပြတဲ့ သတင်းတွေဟာလည်း မှန်ကန်ဖို့အရေးကြီးတယ်။ သတင်းကို မှန်မှန်ကန်ကန် ဖော်ပြနိုင်ရင် သတင်းစာအောင်မြင်တာပဲ။ နိုင်ငံတိုးတက်ဖို့အတွက် မီဒီယာဆိုတာ အရေးပါတဲ့ အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။

အခုဖြစ်နေတာက လူမှုကွန်ရက်မှာ ကောလာဟလတွေ၊ ဆဲတာဆိုတာတွေ၊ မဟုတ်မမှန်တာတွေ တင်နေကြတယ်။ ကျွန်တော်တို့ သတင်းစာတွေကတော့ သတင်းစာကို ကိုင်တွယ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ လက်ထဲမှာပဲ မူတည်ပါတယ်။ သူတို့သည် မှန်မှန်ကန်ကန်နဲ့ တည့်မတ်မှန်ကန်တဲ့ လမ်းကြောင်းကိုသွားနိုင်ရင် သတင်းစာ တိုးတက်မှာပါ။ အဲဒီလိုမှ မဟုတ်ရင် သတင်းစာ တိုးတက်မှာ မဟုတ်ပါဘူး။ ဒီမိုကရေစီခေတ်၊ ငြိမ်းချမ်းရေးကိုလိုလားနေတဲ့ခေတ်မှာ ကျွန်တော်တို့ကလည်း ငြိမ်းချမ်းရေးကို ဦးတည်ပြီးတော့ အားလုံးဟာ ဝိုင်းဝန်းဆောင်ရွက်ကြရမယ်။ ပြည်သူကလည်းမှန်မှန်ကန်ကန် သိခွင့်ရမယ်။ ကျွန်တော်တို့ကလည်း မှန်မှန်ကန်ကန် ပြောဖို့လိုပါတယ်။ အကောင်းဆုံးကတော့ သတင်းအမှန်တွေကို ပြည်သူသိအောင် မှန်မှန်ကန်ကန် ချပြဖို့လိုပါတယ်။ နိုင်ငံပိုင်သတင်းစာဆိုတာ နိုင်ငံ့အတွက် အကျိုးပြုတဲ့သတင်းတွေရှိရမယ်။

**ဝါရင့် သတင်းစာဆရာကြီး ဦးမြတ်သူ (တက္ကသိုလ် မြတ်သူ)**

ဒီကနေ့ဆို သတင်းစာလုပ်သက်က ၆၁ နှစ်ရှိပါပြီ ။ သတင်းကို ဝါသနာပါလို့လုပ်ခဲ့တာ။ ယုံကြည်ချက်နဲ့ လုပ်ခဲ့တာပါ။ သတင်းစာတော်တော်များများမှာ လုပ်ခဲ့ဖူးပါတယ်။ သတင်းမှန်ပြီဆိုရင် သမိုင်းရဲ့သက်သေခံတွေ၊ အထောက်အထားတွေဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း လူထုဦးလှကပြောတာ၊ သတင်းစာများသည် သမိုင်း ကိုပြောနေကြသည်တဲ့။ အဲဒီတော့ သတင်းသာ မှန်ကန်ပါစေ၊ သမိုင်းရဲ့ အထောက်အထားပါပဲ။ ဒါ့ကြောင့် သတင်းဆိုရင် ပြည့်စုံအောင်ရေးရတယ်။ သတင်းတစ်ပုဒ်ကို ကိုယ့်ဆီမှာ ကြာကြာမထားရဘူး။ ဆောလျင်စွာ ထည့်ရမယ်။ မထည့်သင့်တဲ့ သတင်းဆိုရင် မထည့်ရပါဘူး။

တချို့ သတင်းတွေက မထည့်သင့်ဘဲ ထည့်လိုက်လို့ မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်သွားနိုင်တယ်။ ဒါကြောင့် မထည့်သင့်တဲ့ သတင်းဆို တာလည်းရှိပါတယ်။ ထည့်သင့်တာကိုတော့ ထည့်ကိုထည့်ရပါမယ်။ နိုင်ငံတော်ပိုင် သတင်းစာသည် အချုပ်အခြာ အာဏာကျင့်သုံးမှုရဲ့မှုကို ဖြန့်ချိတဲ့ ယန္တရားပဲ ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်ပိုင်၊ တစ်ပါတီပိုင်၊ တစ်ဖွဲ့ပိုင်မျိုး မဟုတ်ပါဘူး။ နိုင်ငံပိုင်သတင်းစာဆိုတဲ့ ဂုဏ်ဒြပ်နဲ့ သိက္ခာနဲ့ ညီအောင် ထားရပါတယ်။

နိုင်ငံတော်မျက်နှာကိုပဲကြည့်ပြီး သတင်းတွေ ထည့်ရပါမယ်။ နိုင်ငံတော်သတင်းစာဟာ နိုင်ငံတော် သတင်းစာနဲ့တူရင် ပြည်သူဟာ အလိုလို ညွတ်လာမှာပဲ။ ပြည်သူ ညွတ်လာမှလည်း တိုင်းပြည်အတွက် သတင်းစာက ပြောသမျှ ယုံကြည်မှုရှိမှာပါ။ အခုတွေ့နေတဲ့ ကြော်ငြာများတဲ့ကိစ္စကတော့ သတင်းစာရဲ့စီးပွားရေးပါပဲ။ ဒါကြောင့် ကြော်ငြာကတော့ထည့်ရမယ်။ ကြော်ငြာဆိုတာကလည်း လူမှုရေးသတင်းတွေဖြစ်ပါတယ်။ ကျန်တဲ့ စာမျက်နှာတွေမှာတော့ သတင်းစာဆိုတဲ့အတိုင်း သတင်းအများဆုံးထည့်သင့်တယ်။ အခုမြင်နေရတာက ဆောင်းပါးတွေ များများမြင်နေရတယ်။ ဟိုတုန်းကတော့ ပင်တိုင်ဆောင်းပါးရှင်ရေးတဲ့ တစ်ပုဒ်လောက်နဲ့ ကျန်တဲ့ စာရေးဆရာတွေရေးတဲ့ အရန်တစ်ပုဒ်လောက်ပဲရှိတာပါ။ အခုတော့ ဆောင်းပါးတွေ သိပ်များပြီး သတင်းသိပ်နည်းသွားပြီလို့ မြင်ပါတယ်။ အမှားအယွင်းကတော့ စာပြင်ကောင်းရင် သတ်ပုံမမှားဘူး။ သတင်းကိစ္စကတော့ အယ်ဒီတာက အဓိကပဲ။ သူတို့ရဲ့ အရည်အချင်းပဲ။ သူတို့ကိုယ်တိုင် စာဖတ်ရမယ်။ သတင်းစာဆရာဆိုတာ ဘာသာရပ်တိုင်းရဲ့ တချို့တစ်ဝက်တွေကို သိထားရမှာဖြစ်သလို တချို့ဘာသာရပ်တွေကျတော့ အစအဆုံး သိထားဖို့လိုပါတယ်။ အဲဒါမှ ကဏ္ဍပေါင်းစုံက သတင်းတွေကို ကျွမ်းကျွမ်းကျင်ကျင် ထည့်နိုင်မှာပါ။

“အယ်ဒီတာတွေ အနေနဲ့ အတွေးအခေါ် ပြင်ရမယ်၊ စာဖတ်ရမယ်၊ အတွေ့အကြုံ ဖလှယ်ရမယ်၊ အဲဒါ အရေးကြီးတယ်၊ အခုဟာက စာမဖတ်ကြတော့ဘူး၊ ဘာမှလည်း မဆည်းပူးတော့ဘူး၊ စာမဖတ်တာ နံပါတ်တစ်ပဲ”



ဝါရင့်သတင်းစာဆရာကြီး ဦးထွန်းသာ



ဦးရဲမြင့်ဖေ



ဦးလှိုင်ဝင်း



ဦးမြင့်ဆွေ

**ဝါရင့်သတင်းစာဆရာကြီး ဦးထွန်းသာ (မောင်ရဲဝင်း)**

တို့လက်ရုံး သတင်းစာကနေစတင်ပြီး လုပ်ခဲ့တာ။ လွတ်လပ်ရေးရပြီး ကာလကတည်းက သတင်းစာ အလုပ်ကို လုပ်ခဲ့တာပါ။ ၁၉၅၇ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့မှာ ကြေးမုံ၊ အထောက်တော်၊ ပြည်တော်စိုး ဆိုပြီး တစ်နေ့တည်းမှာ သတင်းစာ သုံးစောင်ထွက်ခဲ့တယ်။ ကြေးမုံထွက်လာတော့ သတင်းစာပုံစံတွေအားလုံး ပြောင်းသွားတယ်။ အဲဒီခေတ် သတင်းစာတွေရဲ့နောက်ကျောမှာ ကြော်ငြာတွေချည်းပဲ။ ကြေးမုံက လုံးဝ အဲဒီလို မထည့်ဘူး။ သတင်းတွေမှာ ခေါင်းနဲ့ ဓာတ်ပုံကို အသားပေးထည့်တယ်။ ကြေးမုံက အဲဒီခေတ်အခါက သတင်းစာသမိုင်းကို အားလုံးပြောင်းပစ်လိုက်တယ်။ လက်ရှိအချိန်မှာ နိုင်ငံပိုင်သတင်းစာတွေကို သေသေချာချာ စိစစ်ဖို့ကောင်းတယ်။ ဟိုးတုန်းကလို လူတွေလည်း သိပ်မရှိတော့ဘူး။

**ဗိုလ်မှူးကြီး (ငြိမ်း) ခင်မောင်အေး (ခင်မောင်အေး-မန္တလေး) ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း**

သတင်းစာပညာဆိုတာ ခက်ခဲနက်နဲတယ်၊ မှန်တစ်ချပ်နဲ့တူတယ်။ ကြည့်လိုက်ရင် ကိုယ့်နိုင်ငံပိုင်သတင်းစာတွေမှာ အမှားတွေ များလာတယ်။ ရေးတဲ့သူကတော့ရေးမှာပဲ။ အယ်ဒီတာတွေ စာမဖတ်ဘူး။ စာမဖတ်တော့ အမှားတွေများလာတာပေါ့။ အဲဒီတော့ စာများများ ဖတ်ခိုင်းပါ။

“ဟိုတုန်းကဆိုရင် သတင်းစာ အချင်းချင်း ပြိုင်ခဲ့ရတာပါ၊ အမှားအယွင်း နည်းနည်းမှ မရှိအောင်၊ ပြည်သူလူထု အတွက် တစ်ဆင့်ထက် တစ်ဆင့်မြင့်အောင်လုပ်ဖို့ လိုပါတယ်”

**ဦးရဲမြင့်ဖေ**

**စာတည်းမှူးချုပ်(ငြိမ်း) ကြေးမုံနှင့် မြန်မာ့အလင်း သတင်းစာ**

အခုမမှားသင့်တာတွေ မှားနေတာ တွေ့ရတယ်။ အဲဒီတော့ သတင်းစာကို စစ်ပါ၊ ထပ်မံစစ်ပါ၊ အနုလုံပဋိလုံ စစ်ပါ။ လူကြီးတွေရဲ့ ချုပ်ကိုင်မှုတွေကိုလည်း လျှော့ပေးပါ။ အယ်ဒီတာချုပ်တွေကိုလည်း လုပ်ပိုင်ခွင့်ပေးပါ။ အယ်ဒီတာတွေကိုလည်း လုပ်ပိုင်ခွင့်ပေးပါ။ လက်ရှိ သတင်းစာအခြေအနေကိုတော့ အားမရပါဘူး။ သတင်းစာမရိုက်ခင် အဆင့်ဆင့် မစစ်တဲ့အတွက် အမှားအယွင်းက နောက်ဆုံးပိတ် ဆယ်လို့မရတော့ဘဲ ပါသွားတာပေါ့။ အယ်ဒီတာတွေ အနေနဲ့ အတွေးအခေါ် ပြင်ရမယ်။ စာဖတ်ရမယ်။ အတွေ့အကြုံ ဖလှယ်ရမယ်။ အဲဒါ အရေးကြီးတယ်။ အခုဟာက စာမဖတ်ကြတော့ဘူး။ ဘာမှလည်း မဆည်းပူးတော့ဘူး။ စာမဖတ်တာ နံပါတ်တစ်ပဲ။ အဲဒီတော့ စာဖတ်ပါ၊ လေ့လာပါ၊ ရှေ့က လုပ်ဆောင်သူတွေရဲ့ လုပ်ပုံကိုင်ပုံတွေကို အတုခိုးပါ။ သတင်းစာရဲ့ အကောင်းအဆိုးက သတင်းစာကိုကြည့်ရင် သိပါတယ်။ သတင်းစာ အပေါ် စေတနာထား၊ မထား သတင်းစာကို ကြည့်တာနဲ့ သိပါတယ်။

“သတင်းစာ အရည်အသွေး ရှိဖို့၊ မြန်ဖို့၊ မှန်ဖို့ဆိုရင် သတင်းစာမှာ ဦးစီးဦးဆောင် လုပ်နေတဲ့သူတွေ အတွေးအမြင်တွေ ရှင်သန်ဖို့လိုတယ်၊ သတင်းသမား ပီသဖို့ လိုတယ်”

**ဦးလှိုင်ဝင်း**

**စာတည်းမှူးချုပ်(ငြိမ်း) မြန်မာ့အလင်းသတင်းစာ**

အစိုးရသတင်းစာတွေအနေနဲ့ ကိုယ်လိုချင်တာတွေပဲ ကြည့်မရေးသင့်ပါဘူး။ ပြည်သူတွေ ဘာလိုချင်လဲဆိုတာကို သိဖို့လိုတယ်။ အဲဒါဟာ သတင်းစာသမားတစ်ယောက်ရဲ့ အဓိကကျတဲ့ တွေးခေါ်မှုပါပဲ။ ပြည်သူတွေ လိုချင်တာကိုလည်း

*စာမျက်နှာ ၈ သို့*

# ပြည်သူလူထုအား ကဏ္ဍသုံးရပ်ဖြင့် အကျိုးပြုနေသည့် မမြရေလှောင်တမံ

**ရန်ကုန် မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် တည်ဆောက်ထားသည့် မမြရေလှောင်တမံစီမံကိန်းမှ ဒေသခံပြည်သူများ ဆည်ရေရရှိရေးသာမက အသေးစား ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ပြီး အနီးအနားကျေးရွာများအား လျှပ်စစ်မီးရရှိရေးကိုပါ ဆောင်ရွက်လျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး(၉)မှ သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဦးစီးအရာရှိ(မြို့ပြ) ဦးခင်မောင်သန်းက "အရင်တုန်းက တောင်သူတွေ စပါးစိုက်ဖို့ မိုးရေကိုပဲ အားထားခဲ့ကြရပါတယ်၊ ဆည်ရေရတဲ့အချိန်ကစပြီး နွေစပါးစိုက်ဖို့အပြင် မိုးစပါးအတွက် ပျိုးထောင်ဖို့ အောင်ရေရဖို့အတွက်လည်း တောင်သူတွေကို ဆည်ရေပေးဝေခဲ့ပါတယ်၊ မမြရေလှောင်တမံက ပြည်သူလူထုကို ကဏ္ဍသုံးရပ်နဲ့ အကျိုးပြုနေပါတယ်၊ မိုးရာသီဆိုလည်း ရေကြီးတာကို ကာကွယ်ပေးတယ်၊ နွေရာသီဆိုလည်း စပါးစိုက်နိုင်ဖို့ ဆည်ရေကို ပြည့်မီစွာ ပေးနိုင်တယ်၊ ဒါ့အပြင် တမံအနီးက ကျေးရွာတွေကိုလည်း လျှပ်စစ်မီးပေးနိုင်ခဲ့တယ်"ဟု ပြောသည်။



ဆည်ရေကြောင့် အောင်မြင်ဖြစ်ထွန်းနေသည့် စပါးခင်းများ။

မမြရေလှောင်တမံအား ၂၀၀၁-၂၀၀၂ ခုနှစ်တွင် မမြချောင်းပေါ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် စီမံကိန်းပြီးစီးခဲ့ကြောင်း ဆည်ရေပေးဝေနိုင်သည့် ဧရိယာ ၈၃၆၉ ဧကရှိပြီး မြန်အောင်မြို့နယ်တွင် ဧရိယာ ၄၃၆၉ ဧကနှင့် အင်္ဂပူမြို့နယ်တွင် ဧရိယာ ဧက ၄၀၀၀ အား ရေပေးဝေနိုင်ရန် ဆောင်ရွက်ထားကြောင်း ၂၀၀၅-၂၀၀၆ ခုနှစ်မှ စတင်ပြီး နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ဆည်ရေ ပေးနိုင်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ သိရသည်။

မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာမှ ဦးမြဦးက "ဒီရွာက ရွာကြီးပါ၊ ကျောင်းသား ကျောင်းသူ ၂၀၀ ကျော်တက်နေတဲ့ အလကခွဲကျောင်းလည်း ရှိတယ်၊ အရင်ကတော့ ဆိုလာမီးပဲ သုံးကြတယ်၊ ဆိုလာကလည်း ဈေးကြီးတော့ လူတိုင်းမသုံးနိုင်ဘူး၊ လျှပ်စစ်မီးရပြီးဆိုတော့ အရင်ကထက်စာရင် ပိုဖွံ့ဖြိုးလာမယ်"ဟု ပြောသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဦးစီးမှူး ဦးဇေယျာသိန်းက "၂၅၀ ကီလိုဝပ်စက်နှစ်လုံးနဲ့ ကန်ရေနဲ့ တစ်နှစ်ပတ်လုံးလည်ပတ်ပြီး တမံအနီးအနားမှာရှိတဲ့ ကျေးရွာတွေက အိမ်ခြေတစ်ထောင်လောက်ကို လျှပ်စစ်မီးပေးနိုင်အောင် ရည်ရွယ်ထားပါတယ်၊ အိမ်ခြေ ၃၀၀ ကျော်ရှိတဲ့ ရွာကြီးကိုတော့ လျှပ်စစ်မီးစပေးနေပါတယ်၊ အနီးအနားက ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ရဲစခန်းနဲ့ သစ်တောဌာနတွေကိုလည်း လျှပ်စစ်မီး ပေးထားပါတယ်"ဟု ပြောသည်။

ထို့အတူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၉)မှ တမံအနီးအနားရှိ ကျေးရွာများ လျှပ်စစ်မီးလင်းရေးအတွက် အသေးစား ရေအားလျှပ်စစ်စက်ရုံကို ၂၀၁၄ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ယခုနှစ်မှစ၍ အိမ်ခြေ ၃၂၀၊ လူဦးရေ တစ်ထောင်ကျော်ရှိ မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာအား လျှပ်စစ်မီးပေးနိုင်ခဲ့ပြီး ဝက်ဘာ၊ ညောင်ခုံ၊ ကန်ဘဲ့ကျေးရွာများကိုလည်း လျှပ်စစ်မီး ဆက်လက်ပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် မြန်အောင်မြို့နယ်နှင့် အင်္ဂပူမြို့နယ်တို့တွင် မမြရေလှောင်တမံမှ ဆည်ရေဖြင့် နွေစပါး ဧက ၁၄၉၀ စိုက်ပျိုးရန်လျာထားပြီး နွေစပါး ဧက ၁၅၃၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဆိုင်ထံမှ သိရသည်။

**သတင်း-မင်းသစ်** (MNA)
**ဓာတ်ပုံ-နေလင်း**

# ဒီမောဆိုမြို့နယ် ပန်ပက်ကျေးရွာအုပ်စု ရေသွယ်ယူရေး လုပ်ငန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သော ကယားပြည်နယ် ဒီမောဆိုမြို့နယ် ပန်ပက်ကျေးရွာအုပ်စု ကျေးရွာ ၁၇ ရွာ ရေသွယ်ယူခြင်း လုပ်ငန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာအုပ်စု လွိုကထိကျေးရွာအနီး ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ကယန်း ပြည်သစ်ပါတီ၊ ကရင်နီပြည်လူမျိုး ပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး၊ ကရင်နီ အမျိုးသား ငြိမ်းချမ်း ရေးနှင့် ဖွံ့ဖြိုးရေးပါတီအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဒီမောဆိုမြို့နယ် ပန်ပက်ကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာများသည် သောက်သုံးရေရရှိရန် အလွန်ခက်ခဲသော ကျေးရွာများဖြစ်ကြပြီး စိမ့်စမ်းရေသွယ်ယူရန် ရေထွက်များမရှိသကဲ့သို့ ပေ ၈၀၀ ကျော်ခန့်အထိ မြေအောက်အဝီစိတွင်းတူးရာ၌လည်း အောင်ရေမရရှိခဲ့ကြောင်း သိရသည်။ ဒုတိယသမ္မတ၏ ခရီးစဉ် လမ်းညွှန်ချက်အရ အဆိုပါကျေးရွာ အုပ်စုအတွင်းရှိ ကျေးရွာများ ရေရရှိရေးအတွက် ကယားပြည်နယ် ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်နှင့် ဝန်ထမ်းများသည် ချယ်ရီကုန်းကျေးရွာမှ ဒေသခံ တိုင်းရင်းသားများနှင့် ပူးပေါင်း၍ ရေအရင်းအမြစ်လိုက်လံရှာဖွေခဲ့ကြရာ အဆိုပါမြေအောက်ဂူရေထွက်ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းရေအားစုပ်ယူ၍ ပင်မရေစုကန်များရှိရာသို့ အဆင့်ဆင့်တွန်းတင်ပို့ဆောင်ပေးပြီး ထိုမှတစ်ဆင့် ကျေးရွာများသို့အရောက် ဖြန့်ဝေပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းကြောင့် ရေထွက်မှ ၁၁/၀ မိုင်ခန့်ကွာဝေးသော ရှမ်း၊ ကယားနယ်စပ်ရှိ ကသန်းကူကျေးရွာအပါအဝင် လွိုကထိကျေးရွာ၊ ချယ်ရီကုန်းကျေးရွာ၊ ချယ်ရီကုန်းတောင်ထိပ်၊ လိင်ဆောင်ဒေးကျေးရွာ၊ ပရက်ကူကျေးရွာ၊ ပေါကူကျေးရွာ၊ ရှန်းကူတောင်ထိပ်၊ ရှန်းကူကျေးရွာ၊ ရှန်းကူအောက်ကျေးရွာ၊ ဒေါကီးကျေးရွာ၊ ချောဒေးကျေးရွာ၊ တိုင်းရင်းသားကုန်း၊ ပန်ပက်လမ်းဆုံ၊ ဆောင်လူကနားရွာသစ်၊ ဆောင်လူကနားရွာဟောင်း၊ ပင်မဆောင်ကျေးရွာ စသောကျေးရွာ ၁၇ ရွာမှ ဒေသခံတိုင်းရင်းသားများသည် သန့်ရှင်းသော သောက်သုံးရေကို ၂၄ နာရီအချိန်ပြည့် အသုံးပြုနေကြရပြီဖြစ်သောကြောင့် အလွန်ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြကြောင်း သတင်းရရှိသည်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် လွိုကထိကျေးရွာ ရေပေးဝေရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**သတင်းစဉ်**

*စာမျက်နှာ ၇ မှ*

ပေးရမယ်။ အစိုးရ ပေးချင်တာကိုလည်း ပေးရမယ်။ နောက်ပြီး သတင်းစာမှာ လုပ်ကိုင်နေတဲ့ အဆင့်တွေကို လွတ်လွတ်လပ်လပ် လုပ်ကိုင်နိုင်အောင် ဖွင့်ပေးရမယ်။ လုပ်ချင်တာလုပ်ဆိုပြီး ပရမ်းပတာ လုပ်ခိုင်းတဲ့သဘော မဟုတ်ပါဘူး။ အယ်ဒီတာချုပ်က သက်ဆိုင်ရာအလိုက် တာဝန်ယူပြီး တည်းဖြတ်လိမ့်မယ်။ သတင်းထောက်တွေ အပါအဝင် သူတို့ လုပ်တတ်ကိုင်တတ်လာလိမ့်မယ်။ အရည်အသွေးတွေ ထဲထဲဝင်ဝင် တိုးတက်လာမယ်။ အဲဒါမှ သတင်းစာ အရည်အသွေးတွေ တက်လာမယ်။

**ဦးမြင့်ဆွေ**

**စာတည်းမှူးချုပ်(ငြိမ်း)ကြေးမုံသတင်းစာ**

ခေတ်အဆက်ဆက်မှာလည်း နိုင်ငံပိုင်သတင်းစာကတော့ အကဲဆတ်တာပါပဲ။ သတင်းစာဆိုတာ အချိန်နဲ့လုပြီး လုပ်ကြရတာပါ။ ဆုံးဖြတ်ချက်က မှန်ဖို့၊ မြန်ဖို့၊ တိကျဖို့လိုတယ်။ သတ်မှတ်အချိန်ရှိတယ်။ စောစောထွက်ဖို့က အရေးကြီးတယ်။ အရည်အသွေးလည်း ပြည့်ဝဖို့ လိုတယ်။ အဲဒီသုံးချက်ကို ဟန်ချက်ညီအောင် ထိန်းဖို့ အဓိကက အယ်ဒီတာချုပ်တွေပါပဲ။ အယ်ဒီတာချုပ်တွေမှာ လုပ်ပိုင်ခွင့် ပိုရှိလာတာနဲ့အမျှ သတင်းတွေက သွက်သွက်လက်လက်၊ ထက်ထက်မြက်မြက်နဲ့ မြန်မြန်ဆန်ဆန် ထွက်လာမှာပါ။ အရင်လုပ်ခဲ့တဲ့အတွေ့အကြုံအရဆိုရင် သတင်းမှာ ထိန်းချုပ်မှုတွေရှိခဲ့တယ်။ အဲဒီအခါကျတော့ သတင်းတစ်ပုဒ်ထွက်ဖို့ဆိုရင် အဆင့်ဆင့် ဖြတ်ကျော်ပြီး အချိန်နောက်ကျမှ ရောက်လာတာတွေရှိတယ်။ အဲဒီအခါမှာ အချိန်မီမြန်မြန်လုပ်ရတာတွေရှိတယ်။ မှန်အောင်လည်းလုပ်ရတယ်။ မြန်အောင်လည်း လုပ်ရတယ်။ အဲဒီအချိန်မျိုးမှာ အမှားအယွင်းဆိုတာ ဖြစ်တတ်တယ်။

သတင်းစာမှာလုပ်တဲ့သူက အရည်အသွေးရှိဖို့လိုတယ်။ ခေတ်အဆက်ဆက် အောက်ခြေသိမ်းလုပ်လာခဲ့တဲ့သူတွေဆိုရင် သတင်းအပေါ် နားလည်တယ်။ အဲဒီတော့ သတင်းစာ အရည်အသွေးရှိဖို့၊ မြန်ဖို့၊ မှန်ဖို့ဆိုရင် သတင်းစာမှာ ဦးစီးဦးဆောင်လုပ်နေတဲ့သူတွေ အတွေးအမြင်တွေ ရှင်သန်ဖို့လိုတယ်။ သတင်းသမား ပီသဖို့လိုတယ်။ တချို့သတင်းတွေဆိုရင် ထုတ်သင့်လား၊ မထုတ်သင့်ဘူးလားဆိုတာကို အယ်ဒီတာချုပ်က ဆုံးဖြတ်ရမှာပါ။ ဒါမှ သတင်းစာက မြန်လည်း မြန်မယ်၊ မှန်လည်းမှန်ပါမယ်။ သတင်းစာ အရည်အသွေးဆိုတာ လုပ်တတ်ကိုင်တတ်တဲ့သူလည်း ရှိရမယ်။ အယ်ဒီတာချုပ်သာမက အယ်ဒီတာတွေကလည်း သတင်းအပေါ် နားလည်နေရမယ်။ သတင်းစာမှာ လုပ်နေသူတွေ အရည်အသွေးရှိလာတာနဲ့အမျှ သတင်းစာအရည်အသွေးကလည်းတက်လာမယ်။ သတင်းစာရဲ့ ရည်မှန်းချက်ဖြစ်တဲ့ မှန်ရမယ်၊ မြန်ရမယ်၊ ပြည်သူတွေလက်ထဲ အမြန်ဆုံးရောက်ဖို့ဆိုတာ ဖြစ်လာမှာပါ။

**တွေ့ဆုံမေးမြန်း-ခင်မောင်ထွေး**
**ဓာတ်ပုံ-ဇော်ကြီး**

## ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်းရှိ သက်ချောင်းတံတား မကြာမီ ဖွင့်လှစ်မည်

**ဘိုကလေး မတ် ၂၅-** ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဘိုကလေး-စက်ဆန်း-ထော်ပိုင်-အမာလမ်း မိုင်တိုင်(၈/၅)တွင်ရှိသော သက်ချောင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့-၄ မှ ၂၀၁၂ ခုနှစ် မေ ၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး မကြာခင် အဆိုပါတံတားကြီးကို ဖွင့်လှစ်တော့မည်ဖြစ်ရာ မတ် ၂၄ ရက် မွန်းလွဲပိုင်းတွင် တံတားကြီး၏ ခံနိုင်ရည်၊ ခံနိုင်ဝန်အားများကို စမ်းသပ်စစ်ဆေးခဲ့သည်။

အဆိုပါတံတားကြီးသည် တိုင်းဒေသကြီး လမ်းကွန်ရက် ၁၃ လမ်းတွင် လမ်းအမှတ်(၆)ဖြစ်ပြီး ဘိုကလေးမြို့နယ်နှင့် ကျေးရွာပေါင်း ၂၀ ကျော်ကို ဆက်သွယ် ပေးထားသော တံတားကြီး၏ အရှည်မှာ ပေ ၂၃၁၀(၇၀၄ မီတာ)ရှည်လျားသည်။ ယာဉ်သွားလမ်းမှာ ၂၄ ပေရှိပြီး လူသွားလမ်းမှာ တစ်ဖက်လျှင် သုံးပေခြောက်လက်မ ကျယ်ဝန်းသည်။ တံတားလမ်းအောက်ခြေမှာ သံကူကွန်ကရစ်၊ ဘိုးပိုင် အုတ်မြစ်ဖြစ်ပြီး ကိုယ်ထည်မှာ သံကူကွန်ကရစ်နှင့် အပေါ်ထည်မှာ ပေ ၉၀ Plate Girder ၁၃ ခန်း၊ ပေ ၁၂၀ Plate Girder ခြောက်ခန်း၊ ပေ ၂၄၀ သံမဏိသံပေါင် တစ်ခန်းတို့ဖြင့် ဖွဲ့စည်းထားပြီး မတ် ၂၄ ရက် မွန်းလွဲပိုင်းက တံတားဦးစီးဌာန (နေပြည်တော်)၊ အရည်အသွေးထိန်းသိမ်းရေးဌာန၊ တံတားတည်ဆောက်ရေးအဖွဲ့ - ၄၊ J & Me Steel Solution စသည်တို့မှ တာဝန်ခံအင်ဂျင်နီယာများ ပူးပေါင်း၍ စစ်ဆေးတိုင်းတာခဲ့ကြောင်း သိရသည်။

**ဘိုကလေး(ပြန်/ဆက်)**

# စုပေါင်းရှင်ပြု၊ ရဟန်းခံအလှူတော်မင်္ဂလာ အခမ်းအနား လောက်ကိုင်၌ ကျင်းပ

**လောက်ကိုင် မတ် ၂၅**

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းမှ ကျင်းပသော နွေရာသီ စုပေါင်း ရှင်ပြု၊ ရဟန်းခံအလှူတော်မင်္ဂလာ အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၁၀ နာရီတွင် လောက်ကိုင်မြို့ အမှတ်-၂ ရပ်ကွက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားမစတင်မီ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသော တိုင်းရင်းသားလူငယ်များ ရှင်ပြု၊ ရဟန်းခံမည့် ရှင်လောင်း အပါး ၅၀ တို့ကို လောက်ကိုင်မြို့ရှိ မဟာမုနိဗဟိုသာသနာပြုကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ အရှင်သူမြတ်က သီလတော်ပေးပြီး သာမဏေအဖြစ်သို့ သင်္ကန်းဝတ်ရုံပေးကြသည်။

ထို့နောက် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ပူဇော်ဖွင့်လှစ်ပြီး အခမ်းအနားသို့ တက်ရောက်လာကြသော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးထွန်းမောင်နှင့် ဝန်ထမ်းမိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အလှူရှင်တို့က မန္တလေးမြို့ ရာဇိန္ဒာရာမ မုဆိုးချုံကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒ အရှင်သူမြတ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှကျောင်းအုပ်ကြီး ဦးထွန်းမောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်တို့က လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းပြီး ဆရာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားတော် နာယူကြသည်။ ထို့နောက် မန္တလေးမြို့ ရာဇိန္ဒာရာမ မုဆိုးချုံကျောင်းဆရာတော် ဘဒ္ဒန္တရာဇိန္ဒ အရှင်သူမြတ်ထံမှ လှူဒါန်းမှုအစုစုအတွက် သာဓုအနုမောဒနာတရားနှင့် ရေစက်ချတရားများနာယူကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းသည်။

အခမ်းအနားသို့ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံအလှူရှင်များမှ လာရောက်ပါဝင်လှူဒါန်းကြကြောင်း သတင်းရရှိပါသည်။ **ခရိုင်(ပြန်/ဆက်)**

ဇဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေပရဟိတအသင်း၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တနိမလ ဦးဆောင်၍ ဖျာပုံခရိုင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ထိုင်းနိုင်ငံ World Medical Hospital ဆေးရုံမှ အသည်းဆိုင်ရာ အထူးကုသမားတော် Dr. Akarawut Junitrapirat နှင့် အရိုးအကြောဆိုင်ရာ အထူးကုသမားတော် prof.Dr. Adisorn Patradul တို့ ပူးပေါင်း၍ ပထမအကြိမ် အသည်း၊ အရိုး၊ အကြောကျန်းမာရေး အခမဲ့စမ်းသပ်စစ်ဆေးပေးခြင်းကို မတ် ၂၄ ရက်က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံပြည်သူ့ဆေးရုံကြီးတွင် ထိုင်းနိုင်ငံမှ အထူးကုသမားတော်ကြီးများက စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးစဉ်။

တင်စိုး(မြန်မာ့အလင်း)




## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၂၅**

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ပျဉ်းမနားမြို့၊ တောင်ငူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၀ ဒသမ ၀၄ လက်မဖြစ်သည်။

မိုး/ဇလ

# အင်းတော်မြို့နယ်၌ ကတူးတိုင်းရင်းသားများ ရိုးရာပွဲတော်နှင့် သက် (Asak) မျိုးနွယ်စုများ တွေ့ဆုံပွဲကို ပူးပေါင်းကျင်းပ

**အင်းတော် မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နန့်သာကျေးရွာအုပ်စု အင်ပင်ကျေးရွာတွင် ယနေ့ နံနက် ၉ နာရီက ကတူးတိုင်းရင်းသားများ ရိုးရာပွဲတော်ကို ကျင်းပခဲ့သည်။

အဆိုပါပွဲတွင် ကတူးတိုင်းရင်းသားများ ရိုးရာပွဲတော်နှင့် သက် ( Asak ) မျိုးနွယ်စုများ တွေ့ဆုံပွဲကို ပူးပေါင်းကျင်းပ ဆောင်ရွက်သွားမည်ဖြစ်သည်။ သက်မျိုးနွယ်စုများနှင့် တွေ့ဆုံပွဲကို မတ် ၂၅ ရက်က ဖွင့်ပွဲကျင်းပပြီးသည့်နောက် ၂၆ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ၂၇ ရက်တွင် ကတူးတိုင်းရင်းသားများ တွေ့ဆုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကတူးတိုင်းရင်းသားတွေအနေနဲ့ မိမိတို့ဒေသအတွင်းမှာရှိတဲ့ ကတူးတိုင်းရင်းသားတွေ သွေးစည်းညီညွတ်ရေးနဲ့ မျိုးနွယ်စုစာပေယဉ်ကျေးမှုများ ပေါ်ပေါက်လာဖို့အတွက် ရည်ရွယ်ပြီး ဒီပွဲတော်ကို ကျင်းပရခြင်းပဲ ဖြစ်ပါတယ်၊ အရင်နှစ်တွေတုန်းကတော့ ပင်လည်ဘူးဒေသမှာ လူမျိုးစုပွဲတော်အဖြစ် နှစ်စဉ်နှစ်တိုင်း ကျင်းပရာကနေ ၂၀၁၇ ခုနှစ်မှာ တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့တဲ့ ရန်ပုံငွေနဲ့ တိုင်းရင်းသားများပွဲတော်အဖြစ် ပင်လည်ဘူးဒေသမှာပဲ ပထမဆုံးအကြိမ် ကျင်းပခဲ့ပါတယ်၊ အခု အင်းတော်မြို့နယ်မှာက ဒုတိယအကြိမ် ကျင်းပတဲ့ ပွဲတော်ဖြစ်ပါတယ်၊ ဒီပွဲတော်ကို အခြေခံပြီး ကျွန်တော်တို့ ကတူးတိုင်းရင်းသားများအနေနဲ့ မိမိတို့မျိုးနွယ်စုများ နေထိုင်တဲ့ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကတူးစာပေ၊ ကတူးယဉ်ကျေးမှုများ ပိုမိုထွန်းကားလာရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်"ဟု အင်းတော်မြို့နယ် ကတူးတိုင်းရင်းသားများ ခေါင်းဆောင် ဦးကံအောင်က ပြောသည်။

အဆိုပါ ကတူးတိုင်းရင်းသားများ ရိုးရာပွဲတော်ကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဘိုးသန်းညွန့်၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်း၊ ကသာခရိုင် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုန်၊ အင်းတော်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ ကတူးအမျိုးသားအဖွဲ့နာယက ဦးပြည်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ထို့နောက် ကတူးတိုင်းရင်းသားများ ရိုးရာပွဲတော်မုခ်ဦးအား စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဒုတိယပိုင်း အခမ်းအနားအစီအစဉ်ကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်း၊ ကတူးအမျိုးသားအဖွဲ့နာယက ဦးပြည်သိန်းတို့က အမှာစကားများ ပြောကြားခဲ့သည်။

ထို့နောက် ပင်လည်ဘူးမြို့နယ် ကတူးတိုင်းရင်းသားများခေါင်းဆောင် ဦးချင်းအောင်၊ ဗန်းမောက်မြို့နယ် ကတူးတိုင်းရင်းသားများ ခေါင်းဆောင် ဦးဝင်းရွှေ၊ အင်းတော်မြို့နယ် ကတူးတိုင်းရင်းသားများခေါင်းဆောင် ဦးကံအောင်တို့က နှုတ်ခွန်းဆက်၊ ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြသည်။ ထို့နောက် ကတူးတိုင်းရင်းသားလုပျိုဖြူလေးများက အကအလှများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ကျော်သီဟ (ပြန်/ဆက်)**

# ကိုးနိုင်ငံ ပါဝင်ဖျော်ဖြေသည့် ပထမအကြိမ် နိုင်ငံတကာ ရုပ်သေးပွဲတော်(မြန်မာ) ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် မတ် ၂၅**

နိုင်ငံပေါင်း ကိုးနိုင်ငံ ပါဝင်ဖျော်ဖြေသည့် ပထမအကြိမ် နိုင်ငံတကာ ရုပ်သေးပွဲတော် (မြန်မာ)ကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပရာ ဝါသနာရှင် ပရိသတ်များ တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**



အဆိုပါရုပ်သေးပွဲတော်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးကူညီမှု မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို) ၏ ကြီးကြပ်မှုနှင့် မြန်မာနိုင်ငံ ရုပ်စုံရုပ်သေးပညာရပ်များ ထိန်းသိမ်းမြှင့်တင်ပြန့်ပွားရေးကော်မတီ၏ ဦးဆောင်မှုတို့ဖြင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး အိန္ဒိယ ၊ အစ္စရေး၊ ထိုင်း၊ ပြင်သစ်၊ ဩစတြေးလျ၊ တရုတ်၊ အမေရိကန်၊ အင်ဒိုနီးရှားနိုင်ငံတို့က ကိုယ်ပိုင်ဟန်ရုပ်သေးအကများဖြင့် ပူးပေါင်းဖျော်ဖြေတင်ဆက်ကြသည်။

မြန်မာနိုင်ငံ ရုပ်စုံရုပ်သေးပညာရပ်များ ထိန်းသိမ်းမြှင့်တင်ပြန့်ပွားရေးကော်မတီဥက္ကဋ္ဌ ဒေါ်မမနိုင်က "ကျွန်မတို့နိုင်ငံ အနေနဲ့ကတော့ ကြိုးဆွဲအကကို တင်ဆက်ခဲ့ပါတယ်။ အပျိုတော်၊ နတ်ကတော်၊ မြင်းထ၊ နှစ်ပါးသွား စသဖြင့် အကတွေကို ယဉ်ကျေးမှုအနုပညာ တက္ကသိုလ်(ရန်ကုန်) က ဆရာ၊ ဆရာမတွေနဲ့အတူ ဖျော်ဖြေခဲ့တာပါ၊ ထိုင်းနိုင်ငံ ရုပ်သေးကတော့ တုတ်ထိုး၊ အရိပ်ပုံစံတွေနဲ့ ဖျော်ဖြေသွားတယ်၊ တင်ဆက်ပုံတင်ဆက်နည်းတွေကတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူကွဲပြားတဲ့ ပုံစံတွေ နဲ့တင်ဆက်ကြတာပါ၊ ရုပ်သေးပွဲဆိုပေမယ့်လည်း ဥရောပနိုင်ငံတွေက ကိုယ်ပိုင်ဟန်အနေနဲ့ လူကိုယ်တိုင်ပါဝင်ကပြဖျော်ဖြေသွားတာမျိုးလည်း ပါဝင်ပါတယ်"ဟု ပြောသည်။

ယင်းသို့ဖျော်ဖြေရာတွင် မြန်မာနိုင်ငံအနေဖြင့် ကကြိုး၊ ကကွက်ကို အဓိကထားကာ ဆိုင်းဝိုင်း၊ စည်းဝါးတို့ဖြင့် လိုက်ဖက်အောင် ဟန်ချက်ညီစွာ ကပြသည့် ကြိုးဆွဲရုပ်သေးပညာဖြင့်လည်းကောင်း၊ ပြင်သစ်နိုင်ငံအနေဖြင့် အမျိုးသားတစ်ဦး ဂစ်တာတီးသည့်ဟန် ကြိုးဆွဲရုပ်သေးဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံအနေဖြင့် တုတ်ထိုးပညာအပြင် အရိပ်ပြပညာဖြင့်လည်းကောင်း၊ တရုတ်နိုင်ငံအနေဖြင့် လူထွက်ကြိုးဆွဲရုပ်သေးအကတို့ဖြင့် လည်းကောင်း၊ ဥရောပရုပ်သေး အများစုမှာ အဓိကအားဖြင့် လူနှင့်ဆင်တူအောင် ကပြလှုပ်ရှားသည့် ကြိုးဆွဲရုပ်သေးအကများကို ကိုယ်ပိုင်ဟန်ဖြင့် ဖျော်ဖြေကပြခြင်းများအပြင် ဇာတ်လမ်း ဇာတ်ကွက်အရ ရုပ်သေးနှင့်အတူ လူထွက်ကပြခြင်းများဖြင့်လည်းကောင်း ကပြဖျော်ဖြေကြရာ ပရိသတ်များ ကြိုက်နှစ်သက်ကြောင်း သိရသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ဇာတ်ရုံဝင်းအတွင်း စင်မြင့်၌ မြန်မာနိုင်ငံမှ ဖျော်ဖြေမှုအနေဖြင့် ဆင်အက၊ မျောက်လှည့်၊ သူငယ်တော်အက၊ ခုနစ်ထွေအကတို့ကို ဖျော်ဖြေခဲ့ကြသည်။

ယခုကဲ့သို့ ရုပ်သေးပွဲတော်ကို ကျင်းပခြင်းအားဖြင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုရှိပြီး ရုပ်သေးပညာကို ဖလှယ်ခွင့်ရှိသည့်အတွက် မြန်မာ့ရုပ်သေးလောက ဖွံ့ဖြိုးမှုဆောင်ရွက်ရာတွင် များစွာအထောက်အကူရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ ရုပ်သေးအဖွဲ့အနေဖြင့် ပြင်သစ်နိုင်ငံတွင် ကျင်းပသည့် ကမ္ဘာ့ရုပ်သေးပွဲတော်တွင် သုံးကြိမ်တိုင်တိုင် ပါဝင်ကပြဖျော်ဖြေခဲ့သည့်အပြင် အမေရိကန် ၊ ဖင်လန် ၊ ဂျာမနီ ၊ ဂျပန်၊ လာအို၊ စင်ကာပူ ၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နိုင်ငံတို့ အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၂၀ ခန့်ကို သွားရောက်ဖျော်ဖြေခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-ဇော်ကြီး**

# တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပပြီးစီး




**တောင်ကြီး မတ် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေ ယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေး ရောင်းပွဲတော်ကို တောင်ကြီးမြို့ အဝေရာ ကုန်းမြင့်သာယာ မီးပုံးပျံကွင်း၌ ကျင်းပရာ ယနေ့ ပွဲတော်နောက်ဆုံးည အဖြစ် ည ၇ နာရီက စတင်ကာ တိုင်းရင်း သားလူမျိုးစုများက ရိုးရာယဉ်ကျေးမှု အကများဖြင့် စည်ကားသိုက်မြိုက် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရ သည်။ **(ဝဲပုံ)**

အဆိုပါ တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို တိုင်းရင်းသား လူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အဓွန့်ရှည်တည်တံ့ စေရန်၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည် နှင့် အသုံးအဆောင်ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသား လူမျိုးစုများ အချင်းချင်း ရင်းနှီးချစ်ခင်မှုမှ တစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာ အားကောင်းလာစေရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေး နှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် အထောက် အကူဖြစ်စေရန် ရည်ရွယ်ကာ မတ် ၂၀ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သည်။


တိုင်းရင်းသားလူမျိုးစုများ၏ စာပေ ယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော် ပွဲတော်ကာလအတွင်း တိုင်းရင်းသားမျိုးနွယ်စုများ၏ စာပေ စာတမ်း ၁၅ စောင်နှင့် တိုင်းရင်းသား လူမျိုးစုသမိုင်း၊ ယဉ်ကျေးမှုဓလေ့ဆိုင်ရာ စာတမ်း ၁၂ စောင် စုစုပေါင်းစာတမ်း ၂၇ စောင် ဖတ်ကြားခြင်းကို တောင်ကြီး တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစု များ၏ ယဉ်ကျေးမှုပြခန်း ၂၃ ခန်း၊ ဌာန ဆိုင်ရာပြခန်း ကိုးခန်း၊ စာအုပ်အရောင်း ဆိုင် ၅၀ ၊ ရိုးရာအစားအသောက်ပြပွဲ၊ ဈေးရောင်းပွဲများအပြင် တိုင်းရင်းသား မျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှုအက အဖွဲ့ ၄၅ ဖွဲ့နှင့် ခေတ်ပေါ်စင်တင်တေးဂီတ ဖျော်ဖြေမှုများကို တောင်ကြီးမြို့ အဝေရာ ကုန်းမြင့်သာယာ မီးပုံးပျံကွင်း၌ လည်းကောင်း စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

# တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို နှစ်စဉ်ကျင်းပပေးရန် မျှော်လင့်


ဦးပြား


အက်ဖေါန်


ဦးလုပ်ယွန်း


ဒေါ်ဒီးနာ


စောနွဲ့အုန်းမြင့်


နန်းမေဦး

တောင်ကြီး မတ် ၂၅

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူး ကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်တည်တံ့ စေရန်၊ တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာအစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားလူမျိုးစုများအချင်းချင်း ရင်းနှီးချစ်ခင်မှုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာ စေရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် အထောက် အကူဖြစ်စေရန် ရည်ရွယ်ကာ မတ် ၂၀ ရက် မှ ၂၅ ရက်အထိ တောင်ကြီးမြို့၌ ကျင်းပလျက်ရှိသည်။**

ပွဲတော်ကာလအတွင်း တိုင်းရင်းသားမျိုးနွယ်စုများ၏ စာပေစာတမ်း ၁၅ စောင်နှင့် တိုင်းရင်းသားလူမျိုးစုသမိုင်း၊ ယဉ်ကျေးမှုဓလေ့ဆိုင်ရာ စာတမ်း ၁၂ စောင် စုစုပေါင်း စာတမ်း ၂၇ စောင် ဖတ်ကြားခြင်းကို တောင်ကြီးတက္ကသိုလ်ရှိ ဘွဲ့နှင်း သဘင်ခန်းမ၌ လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှု ပြခန်း ၂၃ ခန်း၊ ဌာနဆိုင်ရာပြခန်း ကိုးခန်း၊ စာအုပ် အရောင်းဆိုင် ၅၀ ၊ ရိုးရာအစားအသောက်ပြပွဲ၊ ဈေးရောင်း ပွဲများအပြင် တိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာယဉ်ကျေးမှု အကအဖွဲ့ ၄၅ ဖွဲ့နှင့် ခေတ်ပေါ်စင်တင် တေးဂီတဖျော်ဖြေမှုများကို တောင်ကြီးမြို့ အဝေရာကုန်းမြင့်သာယာ မီးပုံးပျံကွင်းတွင် လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပရာ တိုင်းရင်းသား များ၏ ရင်တွင်းပီတိစကားသံများကို ယခုကဲ့သို့ ကြားသိရသည်-

**ဦးပြား (ထနော့တိုင်းရင်းသား)**
**တောင်ပို့လကျေးရွာ ကလောမြို့နယ်**

ကျွန်တော်ကတော့ ကလောမြို့နယ် တောင်ပို့လကျေးရွာ မှ လာရောက်ကပြခြင်း ဖြစ်ပါတယ်၊ ကျွန်တော့်အမည်က ဦးပြား ဖြစ်ပါတယ်၊ ဒီလို တိုင်းရင်းသားစုံညီပွဲတော်တွေကို တွေ့မြင်ရတာ ဝမ်းသာပီတိ ဖြစ်ရပါတယ်၊ တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့ တစ်ယောက် ဆုံတွေ့ရတာလည်း ဝမ်းသာပီတိဖြစ်မိတယ်။

**အက်ဖေါန်(“ဝ”တိုင်းရင်းသူ) လားရှိုးမြို့နယ်**

ကျွန်မကတော့ လားရှိုးမြို့နယ်က “ဝ”တိုင်းရင်းသူ အက်ဖေါန်ဖြစ်ပါတယ်၊ “ဝ”ရိုးရာ တိုင်းရင်းသားယဉ်ကျေးမှု အနေနဲ့ လာရောက်တာပါ၊ ရှမ်းပြည်မြောက်ပိုင်း လားရှိုးမြို့က လာရောက်ပြီး ဈေးရောင်းပွဲတော်မှာ ပါဝင်ရောင်းချခြင်းဖြစ်ပါ တယ်၊ “ဝ” ရိုးရာ ကြက်သားဆန်ပြုတ်ကို အဓိကရောင်းချတာ ဖြစ်ပါတယ်၊ အစားအစာဆိုတော့ မစားဖူးသေးတဲ့သူတွေအစ လေ့လာရင်းနဲ့ လာရောက်စားသုံး အားပေးကြပါတယ်၊ ဒီဈေးရောင်းပွဲကို လာရောက်ပြီး ပါဝင်ရတာ အတော်ပဲပျော်ရွှင် ရပါတယ်၊ တိုင်းရင်းသားတွေ တစ်စုနဲ့တစ်စု ပိုပြီး ရင်းနှီးသွားတယ် လို့လည်း ခံစားရပါတယ်၊ ကိုယ်မတွေ့မကြုံဖူးတဲ့ တိုင်းရင်းသား တွေရဲ့အစားအစာနဲ့ အဝတ်အစားတွေကို လေ့လာခွင့်၊ စားသုံး ခွင့်ရရှိတဲ့အတွက် အရမ်းပဲဝမ်းသာမိပါတယ်၊ ဒီလို ပွဲတော်တွေ ကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးခြင်းအားဖြင့် တိုင်းရင်းသားတွေ ပိုမိုရင်းနှီးချစ်ခင်စည်းလုံးမှုရှိစေမယ်လို့ ခံစားမိပါတယ်။

**ဦးလုပ်ယွန်း (ဥက္ကဋ္ဌ၊“ဝ”တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဇဟိုကော်မတီ၊လားရှိုးမြို့)**

မင်္ဂလာပါ- ကျွန်တော့်နာမည် ဦးလုပ်ယွန်း ဖြစ်ပါတယ်၊ ကျွန်တော်တို့ လားရှိုးကနေ လာပါတယ်၊ ဈေးရောင်းပွဲတော် မှာ ကျွန်တော်တို့ လူမျိုးရဲ့ အစားအစာကို အဓိက ပြချင်လို့၊ အများပြည်သူလည်း စားဖူးသည်ရှိအောင် ကျွန်တော်တို့ တကယ်ကို အင်တိုက်အားတိုက် လာရောက်ခြင်း ဖြစ်ပါ တယ်။

**ဒေါ်ဒီးနာ (“ဝ”တိုင်းရင်းသူ)လားရှိုးမြို့**

ကျွန်မနာမည်ကတော့ ဒေါ်ဒီးနာ ဖြစ်ပါတယ်၊ တခြား တိုင်းရင်းသားတွေလည်း သူတို့ရိုးရာအစားအသောက်တွေကို ကျွန်မတို့လိုပဲ ဖော်ထုတ်ခွင့်ရမှာ ဖြစ်ပါတယ်၊ တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြည်ရင်းနှီးမှုတွေ တကယ်ပဲပိုလာတာဟာ လက်တွေ့ပဲ ဖြစ်ပါတယ်၊ နောက်တစ်ကြိမ် ပွဲတော်ကျင်းပဖို့ အခုကတည်းက မျှော်လင့်နေပါတယ်၊ “ဝ”စာပေနှင့် ယဉ်ကျေးမှု အဖွဲ့ ကိုယ်စားသာမက “ဝ”တိုင်းရင်းသားများအတွက်ပါ ကိုယ်စား ကျေးဇူးအထူးတင်ပါတယ်။

**စောနွဲ့အုန်းမြင့်(တိုင်းခမ်းတီတိုင်းရင်းသား)**
**ပူတာအိုယဉ်ကျေးမှုအဖွဲ့**

ကျွန်တော့်နာမည် စောနွဲ့အုန်းမြင့်ပါ၊ ပူတာအိုကနေ လာတာပါ၊ တိုင်းခမ်းတီတိုင်းရင်းသားအနေနဲ့ ပါဝင်တက်ရောက် ခွင့်ရတဲ့အတွက်ကြောင့် များစွာဂုဏ်ယူမိပါတယ်၊ နောက်နှစ် တွေမှာလည်း ဒီလိုပွဲမျိုး အမြဲတမ်းကျင်းပနိုင်ပါစေလို့ ပြောကြား ချင်ပါတယ်။

**နန်းမေဦး (ပအိုဝ်းတိုင်းရင်းသူ)၊ ညောင်ဖြူစခန်း၊ တောင်ကြီးမြို့**

ကျွန်မနာမည် နန်းမေဦးပါ၊ ကျွန်မတို့ အခုလိုမျိုး ကိုယ့် ပအိုဝ်းလူမျိုး တိုင်းရင်းသားတွေရဲ့ အဘိုးအဘွားတွေ ထားခဲ့တဲ့ အမွေအနှစ်တွေကို အခုလိုမျိုးပြသခွင့်ရတာကိုလည်း ကျေးဇူး တင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ နောက်ပိုင်းတွေမှာ သိပ်ပြီးတော့ မသိကြတော့ဘူးဆိုပေမယ့် အခုလိုမျိုးပွဲလုပ်ပေး တော့ ပြသခွင့်ရတာကိုလည်း ဝမ်းသာပါတယ်၊ ကျွန်မတို့ တိုင်းရင်းသားတွေအများကြီးနဲ့ တွေ့ဆုံခွင့်ရတာကို အများကြီး ဝမ်းသာပါတယ်၊ နောင်နှစ်တွေမှာလည်း တိုင်းရင်းသားတွေ စုံစုံလင်လင်နဲ့ စည်စည်ကားကား စည်းလုံးညီညွတ်စွာနဲ့ ပြန်လည်ဆုံတွေ့ချင်ပါတယ်။


ဦးမျိုးနိုင်ဦး


ဗျာဆာမိုးရီ


တွမ်းဟန်နာ

**ဦးမျိုးနိုင်ဦး (အာခါတိုင်းရင်းသားလူမျိုး)ကျိုင်းတုံမြို့နယ်**

ကျွန်တော်ကတော့ ကျိုင်းတုံမြို့နယ်က လာရောက်တဲ့ ဦးမျိုးနိုင်ဦး ဖြစ်ပါတယ်၊ အာခါတိုင်းရင်းသားလူမျိုးဖြစ်ပါတယ်၊ အများကြီး ဝမ်းသာအားရ ကျေနပ်ပီတိဖြစ်မိပါတယ်၊ အခုမှပဲ ကျွန်တော်တို့ အာခါတိုင်းရင်းသားတွေကို မြန်မာသာမက ကမ္ဘာ က သိရှိအောင် ဖော်ထုတ်ပြသခွင့်ရခဲ့ပါတယ်၊ ကျွန်တော်တို့ ရှေးရှေး ယခင်ကသိမ်းထားတဲ့ အသုံးအဆောင်ပစ္စည်းတွေ ကလည်း တန်ဖိုးကြီးမားပြီး ပျောက်ပျက်မှာလည်း စိုးရိမ်တယ်၊ ယူလာရတာလည်းဝေးတဲ့အတွက် ခေတ်ရေစီးကြောင်းနဲ့အညီ ဝတ်စုံများကိုသာ ဦးစားပေး လာရောက်ပြသခြင်း ဖြစ်ပါတယ်။

**ဗျာဆာမိုးရီ (လီဆူတိုင်းရင်းသားလူမျိုး) တောင်ကြီးမြို့နယ်**

ကျွန်တော့်နာမည်ကတော့ ဗျာဆာမိုးရီ ၊ လီဆူတိုင်းရင်း သားဖြစ်ပါတယ်၊ ကျွန်တော်တို့ လီဆူတိုင်းရင်းသားရိုးရာ စားသောက်ဆိုင်မှာ အဓိကရောင်းတဲ့ အစားအသောက်တွေ ကတော့ ဝက်ခြေထောက်မျှစ်ချဉ်၊ တော ခရမ်းချဉ်သီးထမင်းသုပ် စတာတွေရောင်းပါတယ်၊ ရိုးရာအစားအသောက်တွေကို လာရောက်ပြသရောင်းချခွင့်ရတဲ့အတွက် အထူးပဲ ဝမ်းသာ ဂုဏ်ယူမိပါတယ်။

**တွမ်းဟန်နာ(လီဆူတိုင်းရင်းသူ) တောင်ကြီးမြို့နယ်**

ကျွန်မကတော့ လီဆူတိုင်းရင်းသူ တွမ်းဟန်နာဖြစ်ပါတယ်၊ တိုင်းရင်းသားပေါင်းစုံနဲ့ ယခုလိုတွေ့ရတဲ့ အတွက်ရယ် ကိုယ့်တိုင်းရင်းသားလူမျိုးရဲ့အစားအသောက်ကို အခြားတိုင်းရင်း သားတွေက သိရှိစေနိုင်တဲ့အတွက် အတိုင်းမသိ ဝမ်းမြောက် ဝမ်းသာဖြစ်ပါတယ်၊ နောင်နှစ်တွေမှာ ကျင်းပခွင့်ရရှိခဲ့မယ်ဆိုရင် တော့ ဒီထက်ပိုမိုပြီး ကောင်းမွန်အောင်၊ ပြည့်စုံအောင် ၊ အမယ် များအောင် ရောင်းချဖို့အတွက် စဉ်းစားနေပါတယ်၊ နှစ်တိုင်း နှစ်တိုင်း အခုလိုပွဲတော်မျိုးကို ကျင်းပပေးမယ်ဆိုရင် တိုင်းရင်း သားအချင်းချင်း ပိုပြီးရင်းနှီးချစ်ခင်ပြီး စည်းလုံးမှုပိုမိုရရှိမယ်လို့ ထင်မြင်ပါတယ်။

**တွေ့ဆုံမေးမြန်း- ဝေယံလင်း၊နန်းဦးခမ်း**
**ဓာတ်ပုံ- စိုင်းဇော်လတ်၊ မိုးလွင်ဦး**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၅**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့် အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



# မြေပုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**စစ်တွေ မတ် ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြေပုံမြို့နယ်ရုံး အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါရုံးရှေ့၌ ကျင်းပသည်။

ရုံးအဆောက်အအုံသစ်ဖွင့်ပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက ရုံးအဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် မြေပုံမြို့နယ်အုပ်ချုပ်ရေးမှူးတို့အား အထိမ်းအမှတ်အလံများ ပေးအပ်သည်။ ထို့နောက် ရုံးအဆောက်အအုံသစ်အား ပြည်နယ်ဦးစီးမှူး ဦးနေထက်ရှိန်၊ မြောက်ဦးခရိုင်ဦးစီးမှူး ဦးချစ်မောင်နှင့် မြေပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြို့နယ်ဦးစီးမှူးရုံး ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ **(ဓါတ်ပုံ)**

အဆိုပါ ရုံးအဆောက်အအုံသစ်ဖွင့်ပွဲသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# တောင်ကြီးမြို့ရှိ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံ၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသ

**နေပြည်တော် မတ် ၂၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကြီးမှူး၍ ကမ္ဘောဇအုပ်စု ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM)နှင့် Smile Asia Medical Mission တို့ ပူးပေါင်း၍ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ကလေးများအတွက် အခမဲ့ခွဲစိတ်ကုသမှု ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမျိုးသမီးနှင့် ကလေး အထူးကုဆေးရုံကြီးတွင် မတ် ၂၅ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး Ms. Venessa Chan၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံ၏ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်မြင့်နိုင်နှင့် တကွ ဆရာဝန်နှင့် သူနာပြုများ၊ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၏ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းနှင့် Volunteers များ တက်ရောက်ခဲ့ကြသည်။

အခမဲ့ခွဲစိတ်ကုသမှုများကို မတ် ၂၄ ရက်မှ ၃၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုမှ ရှမ်း၊ လီဆူ၊ ပလောင်၊ ပအိုဝ်း၊ ကချင်၊ ကရင်၊ ကယား၊ ရခိုင်၊ ဗမာနှင့် ချင်းလူမျိုးများ ပါဝင်သော ကလေးငယ်ဦးရေ ၁၂၀ ကျော်၏ဘဝများ ပြောင်းလဲသွားစေရန် ကြိုးပမ်းဆောင်ရွက်ကြမည်ဖြစ်သည်။ ယခင်ခွဲစိတ်ကုသမှု သုံးကြိမ်တွင် မြန်မာနိုင်ငံတစ်ဝန်းမှ ကလေးငယ် ၂၈၁ ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း (BFM) အနေဖြင့် လူနာများ ခွဲစိတ်ကုသမှုခံယူနေစဉ် တစ်လျှောက်လုံး လူနာများ၏စာရင်းများ ကောက်ယူခြင်း၊ လူနာနှင့် မိသားစုအတွက် အသွား၊ အပြန် ခရီးစရိတ်များ တာဝန်ယူပံ့ပိုးခြင်း၊ လူနာများနှင့် မိသားစုဝင်များအတွက် နေထိုင်စားသောက်ရေးများ စရိတ်ငြိမ်း အခမဲ့စီစဉ်ပေးခြင်း၊ ကုသမှုခံယူနေချိန်အတွင်း သွားရေးလာရေး အဆင်ပြေချောမွေ့စေရန် မော်တော်ယာဉ်များ စီစဉ်ပေးခြင်း နှင့် ကမ္ဘောဇအုပ်စုမှ ဝန်ထမ်းများ၊ ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ မိတ်ဆွေသူငယ်ချင်းများမှ လုပ်အားဒါနပြုခြင်း တို့ကို တာဝန်ယူဆောင်ရွက်ပေးသွားမည် ဖြစ်သည်။



စတုတ္ထအကြိမ်မြောက် ခွဲစိတ်ကုသမှုများကို Smile Asia အဖွဲ့မှ အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ တရုတ်၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဘူတန်နိုင်ငံတို့မှ ကျွမ်းကျင်ခွဲစိတ်ဆရာဝန်ကြီးများ၊ ဆေးဘက်ပညာရှင်များနှင့်အတူ မြန်မာနိုင်ငံမှ ကျွမ်းကျင်ခွဲစိတ်ဆရာဝန်ကြီးများနှင့် ဆေးဘက်ပညာရှင်များက ပူးပေါင်း၍ စနစ်တကျ စမ်းသပ်စစ်ဆေးကာ ခွဲစိတ်ကုသမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သဲနိုင်ဦး(မြန်မာစာ)**

# မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးအဖြစ် စက်ဘီးစီးအဖွဲ့ မိုင်းဖုန်းဒေသသို့ စက်ဘီးစီးနင်းသွားရောက်ခဲ့

**တာချီလိတ် မတ် ၂၅**

မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရေးအဖြစ် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့မှ Bike For Health @ Tachileik စက်ဘီးစီးအဖွဲ့နှင့် ထိုင်းနိုင်ငံ လန်းပန်းခရိုင်မှ စက်ဘီးစီးအဖွဲ့ ၅၆ ဦးတို့ ပါဝင်သည့် စက်ဘီးစီးအဖွဲ့သည် ယနေ့ မတ် ၂၅ ရက် နံနက်ပိုင်းက တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စုရှိ မိုင်းဖုန်းဆရာတော် ကျောင်းတိုက်သို့ စက်ဘီးစီး သွားရောက်ခဲ့ကြောင်း သိရသည်။

စက်ဘီးစုပေါင်းစီးနင်းရာတွင် ထိုင်းနိုင်ငံ လန်းပန်းခရိုင်မှ စက်ဘီးစီးအဖွဲ့တွင် Mr. Sophon Vijitsopa ဦးဆောင်သည့် စက်ဘီးစီးသမား ၄၀ နှင့် တာချီလိတ်မြို့မှ Bike For Health @ Tachileik စက်ဘီးစီးအဖွဲ့ခေါင်းဆောင် ကိုစိုင်းလုံတစ် ဦးဆောင်သည့် စက်ဘီးစီးအဖွဲ့ ၁၆ ဦး စုစုပေါင်း ၅၆ ဦးတို့သည် တာချီလိတ်မြို့ ရှမ်းရိုးမကုန်တိုက်မှ မိုင်းဖုန်း(က)ကျေးရွာအုပ်စုရှိ မိုင်းဖုန်းဆရာတော်ကျောင်းတိုက်နှင့် ဝမ်ပုံကျေးရွာ မဲခေါင်မြစ်ဘေးရှိ ဇွဲသာယာကမ်းခြေသို့ စက်ဘီးစီးသွားရောက်မည် ဖြစ်သည်။

"ကျွန်တော့်အနေနဲ့ကတော့ မြန်မာနိုင်ငံထဲကို စက်ဘီးဝင်လာတာ ၁၀ ခေါက်လောက်ရှိပါပြီ၊ စက်ဘီးစီးဝင်လာတိုင်း ဒီက ရှမ်းတိုင်းရင်းသားတွေနဲ့ မြန်မာတွေအားလုံးရဲ့ချစ်ကြည်ရင်းနှီးမှုကို ခံစားမိပါတယ်၊ ယခု တစ်ကြိမ်မှာတော့ ဘုန်းကြီးကျောင်းတွေမှာ သွားပြီး စုပေါင်း အလှူလုပ်နိုင်ဖို့ရယ်၊ နယ်မြေဗဟုသုတ ရဖို့နဲ့ ကျန်းမာရေးအတွက် လေ့ကျင့်ခန်း အနေနဲ့ စက်ဘီးစီးပြီး လည်ရအောင်လည်း ဖြစ်ပါတယ်၊ နောက်ပြီး ဒီမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးစံတွေကို ပိုမိုသိရှိနိုင်ဖို့ရာအတွက် ထိုင်းနိုင်ငံ လန်းပန်းစက်ဘီးစီးအဖွဲ့တွေကို ခေါ်လာတာပါ"ဟု လန်းပန်းခရိုင် စက်ဘီးစီးအဖွဲ့မှ ဦးဆောင်သူ Mr. Sophon Vijitsopa က ပြောသည်။

အဆိုပါ စုပေါင်းစက်ဘီးစတင်စီးနင်းမှုကို တာချီလိတ်ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမင်းထွဋ်နှင့် Tachileik Old Star အဖွဲ့မှ ဦးစိန်လွင် တို့က လာရောက်အားပေးရာ ထိုင်းနိုင်ငံ လန်းပန်းခရိုင်မှ စက်ဘီးစီးအဖွဲ့ခေါင်းဆောင်က အမှတ်တရ အင်္ကျီ လက်ဆောင်များ ပေးကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**





# တာချီလိတ်မြို့နယ်၌ ငွေကျပ် သိန်းပေါင်း ၁၈၀ တန်ဖိုးရှိ တရားမဝင် ဆိုဒီယမ်ဆိုက်ရာနိုက်များ သိမ်းဆည်းရမိ

**တာချီလိတ် မတ် ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ဖန်မင်အုပ်စု မယ်ဟုတ်ကျေးရွာ တာချီလိတ်-ကျိုင်းတုံပြည်ထောင်စုလမ်းမကြီး၌ မတ် ၂၅ ရက် နံနက် ၇ နာရီခွဲက ရှာဖွေထုတ်လုပ်ရာတွင် အသုံးပြုသည့် ငွေကျပ် သိန်းပေါင်း ၁၈၀ တန်ဖိုးရှိ တရားမဝင် ဆိုဒီယမ်ဆိုက်ရာနိုက်များ ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ မတ် ၂၅ ရက် နံနက် ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ်သုမောင် ဦးစီးတပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် မယ်ဟုတ်ကျေးရွာ တာချီလိတ်-ကျိုင်းတုံသွားကားလမ်းမတွင် တာချီလိတ်မှ မယ်ယန်းကျေးရွာသို့ ယာဉ်မောင်း စိုင်းနော်ခမ်း မောင်းနှင်ပြီး အိုက်နွန် လိုက်ပါလာသည့် အီတန် ခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုဒီယမ်ဆိုက်ရာနိုက် စုစုပေါင်း အလေးချိန် ၃၀၀၀ ကီလိုခန့်အား လည်းကောင်း၊ (တစ်ကီလိုလျှင် ငွေကျပ် ၆၀၀၀နှုန်းဖြင့် ကီလို ၃၀၀၀အတွက် စုစုပေါင်း ငွေကျပ် ၁၈၀၀၀၀၀၀) ကျပ်သိန်းပေါင်း ၁၈၀ အား တွေ့ရှိသဖြင့် သက်သေခံမော်တော်ယာဉ်နှင့်အတူ သိမ်းဆည်းခဲ့သည်။

စိုင်းနော်ခမ်းနှင့် အိုက်နွန်တို့၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိသည့် ဆိုဒီယမ်ဆိုက်ရာနိုက်များအား တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်၊ မယ်ခေါင်(၂)လမ်း နေထိုင်သူ ဒေါ်စန်းစန်းယဉ်နှင့် ရန်ထွန်းမြင့်တို့မှ တာလေမြို့နားယောင်းအုပ်စုအတွင်းရှိ ရွှေတူးဖော်ရေးလုပ်ငန်းခွင်သို့ ပို့ဆောင်ခိုင်းခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်ရုံး၌ ရောက်ရှိလာသဖြင့် ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**



**သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်း ကြီးကြပ်မှုဖြင့် ပေါင်မြို့နယ် မုတ္တမနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်မင်းကြည်နှင့် တပ်ဖွဲ့ဝင်များသည် မတ် ၂၄ ရက်က သဲဖြူကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ သက်ငယ်မုဒိမ်း မဖြစ်ပွားရေးနှင့် မှုခင်းဆိုင်ရာများ အသိပညာပေး ဟောပြောစဉ်။** နန္ဒကျော်စွာ

# မန္တလေးတိုင်းဒေသကြီး ကာယဗလမောင်ပြိုင်ပွဲ၌ အောင်စည်သူဖြိုး (My life) ပထမဗိုလ်စွဲ

**မန္တလေး မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှုဆပ်ကော်မတီမှ ကြီးမှူး၍ ၂၀၁၈ ခုနှစ် မန္တလေးတိုင်းဒေသကြီး လူသစ်တန်း ကာယဗလမောင်ပြိုင်ပွဲကို မန္တလေးမြို့ရှိ ဗထူးအားကစားခန်းမ၌ ကျင်းပရာ ပြိုင်ပွဲဝင်ကာယဗလမောင်လောင်း ၂၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် မောင်လောင်း ၂၂ ဦးတို့က သတ်မှတ်ကိုယ်ဟန် အသီးသီးဖြင့် ပြသယှဉ်ပြိုင်ခဲ့ကြရာ အမှတ်ပေးဒိုင်များက အကဲဖြတ်ရွေးချယ်ခဲ့ကြပြီး နှစ်သိမ့်ဆု ပဥ္စမဆုရ ပြည့်သူထွန်း (ဂျူနီယာကလပ်)၊ နှစ်သိမ့်ဆုစတုတ္ထဆုရ စိုင်းစိုးမြင့်(ဗထူးကလပ်)တို့အား ဆုငွေကျပ်သုံးသောင်းစီနှင့် ဆုတံဆိပ်များ၊ ဆုလက်ဆောင်များကို လည်းကောင်း၊ တတိယဆုရ ဗထူးကလပ်မှ ကိုသက်အား ဆုငွေကျပ် ငါးသောင်း၊ တတိယဆုတံဆိပ်၊ ဆုလက်ဆောင်တို့ကို ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်ကြည်နှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ကြသည်။ ထို့နောက် ဒုတိယဆုရ အောင်ဖြိုးမိုး(ကျော်ဇေကလပ်)အား တိုင်း အား/ကာ ညွှန်ကြားရေးမှူး ဦးဝေဇင်က ဒုတိယဆုဖလား၊ ဆုငွေကျပ် ခုနစ်သောင်းနှင့် ဆုလက်ဆောင်ကို ချီးမြှင့်ပြီး တိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှု ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဟန်မြိုင်က ပထမလူသစ်တန်း ကာယဗလမောင်ဆုရ Mylife ကလပ်မှ အောင်စည်သူဖြိုးအား ဆုငွေကျပ် တစ်သိန်း၊ ပထမဆု ဖလားနှင့် ဆုလက်ဆောင်တို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝမ်း၊ တိုင်းဒေသကြီး ကာယဗလနှင့် ကာယကြံ့ခိုင်မှု ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဟန်မြိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးတင် အောင်ကြည်၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ ဆွေမျိုးများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်-မန်းကိုယ်ပွား**

# ၂၄ ရက်အတွင်း ခုနစ်ကြိမ်မြောက် ဖမ်းဆီးရခဲ့သည့် တရားမဝင်ခိုးဝင်သူများနှင့် ငွေယူပို့ဆောင်သူ ၇၃ ဦးအထိ ရှိလာ

**မင်းလှ မတ် ၂၅**

ရခိုင်ပြည်နယ်မှတစ်ဆင့် မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းသို့ တရားမဝင် ခိုးဝင်လာသူများနှင့် အခကြေးငွေရယူပို့ဆောင်ပေးသူများအား မတ် ၁ ရက်မှ ၂၄ ရက်အတွင်း ခုနစ်ကြိမ်မြောက်အဖြစ် ဖမ်းဆီးနိုင်ခဲ့ရာ ဖမ်းဆီးရမိသူ ၇၃ ဦးအထိ ရှိလာကြောင်း မင်းလှမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

"မတ် ၁ ရက်ကနေ ၂၄ ရက်အတွင်း တရားမဝင် ခိုးဝင်လာသူ ၆၄ ဦးနဲ့ လိုက်ပါပို့ဆောင်သူ ကိုးဦး ဖမ်းဆီးနိုင်ခဲ့ပါတယ်၊ ဌာနဆိုင်ရာတွေ ၊ ဒေသခံပြည်သူတွေနဲ့ ရဲတပ်ဖွဲ့ရဲ့ ပူးပေါင်းကြိုးပမ်းမှုတွေကြောင့် ဒီလိုဖမ်းမိတာပါ၊ တရားမဝင် ခိုးဝင်မှုတွေကို စုံစမ်းပြီး ဖမ်းဆီးရမိဖို့ ဆက်လုပ်သွားမှာပါ"ဟု မင်းလှမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ထင်အောင်လင်းက ပြောသည်။

ရခိုင်ပြည်နယ်ဘက်မှ မင်းလှမြို့နယ်အတွင်း တရားမဝင် ခိုးဝင်နေသူများကို မျက်ခြည်မပြတ် သတင်းရယူ စောင့်ကြည့်နိုင်ခဲ့သည့်အတွက် မတ် ၁ ရက်တွင် ငါးဦး၊ မတ် ၆ ရက်တွင် ခုနစ်ဦး၊ မတ် ၁၄ ရက်တွင် တစ်ဦး၊ မတ် ၁၈ ရက်တွင် နှစ်ဦး၊ မတ် ၂၀ ရက်တွင် ၁၀ ဦး ၊ မတ် ၂၃ ရက်တွင် ၂၅ ဦး၊ မတ် ၂၄ ရက်တွင် ၁၄ ဦး စုစုပေါင်း တရားမဝင် ခိုးဝင်လာသူ ၆၄ ဦးနှင့် ပို့ဆောင်သူ ကိုးဦးတို့အား ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

"ဖမ်းဆီးရမိသူတွေရဲ့ ထွက်ဆိုချက်အရတော့ ငွေကြေးကြောင့်ပါ၊ လွတ်လို့ မလေးရှားထိရောက်သွားရင် ငွေကြေးအဆင်ပြေတယ်လေ၊ ပို့တဲ့သူတွေကတော့ လမ်းပိုင်းတစ်ဖြတ်စီ၊ သူတို့ဘာမှမပြောနိုင်ဘူး၊ တစ်ဖြတ်စီသွားဖို့ ဘယ်လိုချိတ်လဲဆိုတာ မပြောနိုင်လို့ ကျွန်တော်တို့ ပင်ပန်းနေတာ၊ ဖုန်းနဲ့ စီစဉ်ပေးနေတဲ့သူ သပ်သပ်ရှိချင်ရှိနေမှာပေါ့"ဟု ရဲမှူး ထင်အောင်လင်းက မှတ်ချက်ပြုပြောသည်။ ဖမ်းဆီးရမိသူများအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပူးပေါင်း၍ ၁၉၄၉ ခုနှစ် မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေပုဒ်မအရ တရားရုံးသို့ ဦးတိုက်လျှောက်ထားကာ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ကျောက်တံခါး၌ လုပ်သေနတ်နှစ်လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၅**



သစ်တောလုံခြုံရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၄ ရက် ညနေ ၃ နာရီခွဲက ကျောက်တံခါးမြို့နယ် လင်းတရွာတဲစုနေ မြအောင် (၇၀နှစ်)၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့သည်။

**အမှုဖွင့်အရေးယူ**

ထိုသို့ရှာဖွေစဉ် အဆိုပါနေအိမ် ရှေ့၁၀ ပေခန့်အကွာရှိ ဝါးတဲစင်ပေါ်တွင် သက်ငယ်များဖြင့်ပတ်၍ ကြိုးချည်ထုပ်ပိုးထားသော ပြောင်းရှည်လုပ်သေနတ်နှစ်လက်၊ ဒူးလေးတစ်လက်နှင့် ဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မြအောင်အား ဖဒိုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရေတာရှည်မြို့နယ်၌ ကျွန်းသစ်နှင့် ပျဉ်းကတိုးသစ်လုံး တန် ၆၀ နီးပါး ဖမ်းဆီးရမိ

**ရေတာရှည် မတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်နှင့် ပဲခူးရိုးမတောကြီးနှင့် ဆက်စပ်လျက်ရှိသော သစ်တောကြိုးဝိုင်းများအတွင်း ပွင့်လင်းရာသီကာလ တရားမဝင်သစ်များ ထုတ်လုပ်မှုများ တားဆီးနိုင်ရန် မြို့နယ်သစ်တောဦးစီးဌာနမှ ပြည်သူလူထု ပူးပေါင်းပါဝင်မှု လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မတ် ၂၁ ရက် မှ ၂၃ ရက်အထိ တရားမဝင် ကျွန်းသစ်ခွဲသားများနှင့် ပျဉ်ကတိုးသစ်လုံးတန် ၆၀ နီးပါး ဖမ်းဆီးရမိခဲ့ကြောင်း မြို့နယ်သစ်တောဦးစီးဌာနရုံးမှ သိရှိရသည်။

မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆန်းမိုးနှင့် ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးအဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၁ ရက် ညနေ ၄ နာရီက သာဂရဘိနယ်အတွင်းမှ ကျွန်းခွဲသား ၇၈ ချောင်း ၄ ဒသမ ၇၉၉၂ တန်ကို လည်းကောင်း၊ မတ် ၂၂ ရက် ညနေပိုင်းက ဆွာတမံဘိနယ် ဥယျာဉ်မှူးကျေးရွာအနောက်ဘက်မှ ကျွန်းခွဲသား ၃၅ ချောင်း ၃ ဒသမ ၁၈၁ တန်အား လည်းကောင်း၊ မတ် ၂၃ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က ရေတာရှည်မြို့နယ်နှင့် တောင်ငူမြို့နယ် ထိစပ်နေသော စမိုးဘိနယ် အနောက်ဆွာကြိုးဝိုင်း၊ အကွက်အမှတ် ၃၄ အတွင်းမှ ပျဉ်းကတိုးသစ်လုံး ၉၇ လုံး ၅၁ ဒသမ ၈၇၈၆ တန် စုစုပေါင်း ၅၉ ဒသမ ၈၅၈၈ တန်ကို ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသစ်များအား မြို့နယ်သစ်တောဦးစီးဌာနရုံးသို့ သယ်ဆောင်ကာ ထိန်းသိမ်းဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မော်လိုက်မြို့နယ်၌ တရားမဝင်သစ်လုံးများနှင့် သစ်ခွဲသားများ တန် ၃၀ ကျော် ဖမ်းဆီးရမိ

**မော်လိုက် မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ယုဦးဆောင်သော မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးသန့်၊ မြို့နယ်သစ်တောဦးစီးမှူး ဦးအေးလွင်နှင့် သစ်တောဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မတ် ၂၄ ရက် မွန်းလွဲပိုင်းက နယ်မြေရှင်းလင်းရေး ဆောင်ရွက်ရာ မော်ကူးကျေးရွာအုပ်စု မိချောင်းတွင်းကျေးရွာအနီးမှ တရားမဝင်သစ်လုံးများနှင့် သစ်ခွဲသားဆိုဒ်စုံများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းအဖွဲ့သည် မိချောင်းတွင်းကျေးရွာ၏ အရှေ့ဘက် ဦးဝင်းကျော်၏ လယ်ကွင်းတဲအတွင်းမှ ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၆၂ ချောင်းနှင့် ပျဉ်းကတိုးခွဲသားဆိုဒ်စုံ ၈၂ ချောင်းတို့ကို ပိုင်ရှင်နှင့်အတူ သိမ်းဆည်းရမိခဲ့သည်။ ဆက်လက်၍ နိုင်ဝင်း၏ လယ်ကွင်းတဲအတွင်းမှ ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၃၇ ချောင်းအား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ပိုင်ရှင်မှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် နယ်မြေရှင်းလင်းရေးကို ဆက်လက်ဆောင်ရွက်ရာ လယ်ကွင်းနှင့် ချင်းတွင်းမြစ်ကမ်းဘေးတို့မှ ကျွန်းသစ်လုံး ၁၀၇ လုံး၊ အင်သစ်လုံး ၂၃ လုံး၊ ကျွန်းခွဲသားဆိုဒ်စုံ ၃၈ချောင်း၊ ပျဉ်းကတိုးခွဲသားဆိုဒ်စုံ ၃၇ ချောင်း၊ စကားဝါခွဲသားဆိုဒ်စုံ ၂၅ ချောင်းတို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် စုစုပေါင်း တရားမဝင်သစ်လုံးနှင့် သစ်ခွဲသားဆိုဒ်စုံ ၃၃ ဒသမ ၉၅၃၆ တန်ကို သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**

# မိတ္ထီလာ၌ တရားမဝင်လုပ်သေနတ်ကိုင်ဆောင်သူကို အရေးယူ

**မိတ္ထီလာ မတ် ၂၅**

မိတ္ထီလာတွင် တရားမဝင်လုပ်သေနတ်ကိုင်ဆောင်သူအား မတ် ၂၄ ရက် ညနေ ၅ နာရီ ၅၅ မိနစ်က အမှတ် (၂) နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တရားမဝင် လုပ်သေနတ်ကိုင်ဆောင်နေကြောင်း သတင်းအရ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် မိုးထက်နိုင်သည် ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဝန်ဇင်းရပ်ကွက် နယ်မြေ (၃) ဒေါ်မူ (၆၈ နှစ်)၏ နေအိမ်ဈေးဆိုင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျော်မင်းထွန်း (၂၇ နှစ်) ရန်မျိုးအောင်ရပ်ကွက် နယ်မြေ ၉ ထံမှ သစ်သားကိုယ်ထည်နှင့် ဒင်အရှည် ၂ ပေ ၊ ၃ လက်မ၊ လေအိုးအနီရောင်၊ လေပိုက်အစိမ်းရောင်အရှည် ၁ ပေ ၅လက်မ ၊ သံလုံးပြောင်းအရှည် ၁ ပေ ၁၁ လက်မ၊ လုံးပတ် လက်သန်းလုံးခန့်၊ ခဲဘောသီးထည့်ပစ်ရသည့် လုပ်သေနတ်တစ်လက်ကို စစ်ဆေးတွေ့ရှိရသည်။

၎င်းကို စစ်ဆေးမေးမြန်းရာ ထိုလုပ်သေနတ်မှာ ကိုင်ဆောင်ခွင့် လိုင်စင်တစ်စုံတစ်ရာ မရှိဘဲ လက်ဝယ်ကိုင်ဆောင်ထားသည်ကို တွေ့ရသဖြင့် တရားမဝင် လုပ်သေနတ်ကိုင်ဆောင်သူ ကျော်မင်းထွန်းအား အမှတ် ၂ နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# တံတားဦးမြို့နယ် ဂေါင်းကွဲကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**တံတားဦး မတ် ၂၅**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် မြို့မရဲစခန်းအပိုင် ဂေါင်းကွဲကျေးရွာတွင် မတ် ၂၄ ရက် ည ၁၂ နာရီက မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးစိုင်းမင်းထွန်း၏ နှစ်ထပ် ထန်းရွက်မိုး၊ ထရံကာနေအိမ်ရှိ မီးဘုတ်ခုံမှ ဝိုင်ယာရှော့ဖြစ်ပြီး မီးလောင်ရာ ၎င်းနေအိမ်ဘေးရှိ ဦးထွန်းထွန်း၊ ဦးကျော်ကြီးနှင့် ဒေါ်တင်ကြည်တို့၏ နေအိမ်သို့ မီးကူးစက်လောင်ခဲ့သည်။ အဆိုပါ မီးလောင်းရာသို့ တံတားဦးမြို့မ ရဲစခန်းမှူး ဒုရဲမှူး မြင့်ဇော်ဦးနှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သူ အောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မီးသတ်ယာဉ်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းသတ်နိုင်ခဲ့သည်။ စုစုပေါင်းနေအိမ် လေးလုံးမီးလောင်ခဲ့ရာ မီးအားပေါ့ဆစွာ အသုံးပြုသူ စိုင်းမင်းထွန်း(၃၃နှစ်)အား တံတားဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ရဲတင့်**

# စစ်တွေမြို့နယ်၌ ငွေကျပ်သိန်းပေါင်း ၁၉၄၈၈ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၅**



ရေချမ်းပြင်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၄ ရက် ညနေ ၄ နာရီက စစ်တွေမြို့နယ် ရေချမ်းပြင်ဆိပ်ကမ်း မေယုဘုရင် ဇက်ရေယာဉ်ပေါ်ရှိ မော်တော်ယာဉ်အား စစ်ဆေးရာ ယာဉ်မောင်း ထွန်းအောင်သိန်း၊ ယာဉ်ပိုင်ရှင် ကျော်ကျော်လင်း ဖြစ်ကြောင်းသိရှိရပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ရသေ့တောင်မြို့နယ် အငူမော်ဆိပ်ကမ်းတွင် ရပ်ထားသည့် မော်တော်ယာဉ်ပေါ်၌ ယာဉ်ပိုင်ရှင် ကျော်ကျော်လင်း၊ နေဇော်မင်းနှင့် မမြတ်သန္တာတို့ကို တွေ့ရှိရသဖြင့် ၎င်းတို့ကို ခေါ်ဆောင်ပြီး မော်တော်ယာဉ်အား ရှာဖွေရာ ယင်းယာဉ်ပေါ်ရှိ SCG ဘိလပ်မြေအိတ်များအတွင်းမှ ငွေကျပ် သိန်းပေါင်း ၁၉၄၈၈ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၉၆၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၈ နာရီတွင် ဝေခါတပ်စခန်းမှ ဗိုလ်ကြီး ကျော်ကောင်းလွင် ဦးစီးအဖွဲ့သည် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မကာပင်ကျေးရွာ အမှတ် ၂ ရပ်ကွက်နေ မဂျာဘူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၁၁၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇၀ ကို လည်းကောင်း။

နံနက် ၅ နာရီက မူးယစ်တပ်ဖွဲ့စု ၈ မုံရွာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျွန်းလှမြို့နယ် ညောင်ကိုင်းကျေးရွာအုပ်စု သရက်တစ်ထောင်ကျေးရွာနေ တင်စိုးနိုင်(ခ)မောင်နိုင်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉ ပြားကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်း၏ဖခင်ဖြစ်သူ ဦးပွဲပေါ် နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူ ၈၇ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀ ကိုလည်းကောင်း။

ထို့အတူ ည ၇ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု ၁၈ မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် (ဆ) ရပ်ကွက် ၅၁ လမ်းနှင့် အေးသုခလမ်းထောင့်တွင် တွေ့ရှိသူ မရင်မင်းထွေး(ခ)မဆင့်ကို ရှာဖွေရာမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း။

ည ၈ နာရီတွင် မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် သာစည် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ရွှေစင်စကြာခရီးသည်တင် ယာဉ်အား ရှာဖွေရာ ထိုင်ခုံအမှတ်၂၅။ ၂၆ တွင် လိုက်ပါလာသည့် ဇော်ဝင်းကိုနှင့် နိုင်လင်းတို့ တန်ဆာပြုလုပ်တင်ဆောင်လာသည့် လက်ဖက်ခြောက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀ ကိုလည်းကောင်း။

ထို့အတူ နံနက် ၆ နာရီခွဲက ကျောက်တလုံးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် လွယ်ဆောင်ကျေးရွာအနီး ကျောက်တလုံး-ဆိုက်ခေါင် သွားလမ်းပေါ်တွင် ကျော်အောင်မောင်းနှင်လာသည့် ဆိုင်ကယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ခရီးသည်တင်ယာဉ်ပေါ်မှ တရားမဝင်ကန့်သတ်ပစ္စည်းဖြစ်သည့် သင်းခွေချပ်တစ်ကောင် စစ်ဆေးတွေ့ရှိ

**နေပြည်တော် မတ် ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၄၆ စီး၊ သွင်းကုန် ၉၆၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၉ စီး ၊ သွင်းကုန် ၁၄၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၆ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၀၇ သန်းခန့် စုစုပေါင်းတားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၈၀၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်မော်တော်ယာဉ်တစ်စီးအား မသင်္ကာသဖြင့် စစ်ဆေးရာ တရားမဝင်ကန့်သတ်ပစ္စည်း သင်းခွေချပ်(အရှင်)(1×5kg)2U ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၆ သန်း ခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပိုမိုတင်းကျပ်သည့် သေနတ်ထိန်းချုပ်ရေးဥပဒေကို တောင်းဆိုသည့် လူထုစုဝေးချီတက်မှုအကြီးအကျယ်ပြုလုပ်

**ဝါရှင်တန် မတ် ၂၅**

ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းက ဖလော်ရီဒါ၌ ဖြစ်ပွားခဲ့သည့် ကျောင်းတွင်းသေနတ်ပစ်ခတ်မှုကို ပိုမိုတင်းကျပ်သည့် သေနတ်ထိန်းချုပ်ရေးဥပဒေဖြင့် တားဆီးရန် တောင်းဆိုသည့် လူထုစုဝေးမှုများကို အမေရိကန်နိုင်ငံတစ်လွှားတွင် အကြီးအကျယ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

မျိုးဆက်သစ်လူငယ်များစွာ ပါဝင်သည့်ထောင်နှင့်ချီသော လူအုပ်ကြီးသည် စနေနေ့တွင် ဝါရှင်တန်ရှိလမ်းများပေါ်၌ ပြည့်နှက်ရောက်ရှိနေခဲ့ကြသည်။

၎င်းတို့အနက် အများစုသည် သေနတ်အကြမ်းဖက်မှု နောက်ထပ်အလိုမရှိ။ ကလေးငယ်များကို ကာကွယ်ကြပါ။ သေနတ်များကိုမကာကွယ်ပါနှင့် အစရှိသည့် သတိပေးဆိုင်းဘုတ်များကို ကိုင်ဆောင်ထားကြသည်။

ကျောင်းသားဟောင်းတစ်ဦး၏သေနတ်ပစ်ခတ်မှုကြောင့် လူ ၁၇ ဦးသေဆုံးခဲ့သည့်ဖလော်ရီဒါအထက်တန်းကျောင်းမှ ကျောင်းသားများက လူထုစုဝေးမှုပြုလုပ်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

ဝါရှင်တန်လူထုစုဝေးမှုတွင် အထက်တန်းကျောင်းသားတစ်ဦးက သေနတ်ကိုင်ဆောင်မှုများကိုစည်းကမ်းတင်းကျပ်ရန် အချိန်ကာလကြာမြင့်နိုင်ကြောင်း၊ သို့သော် အရေးကြီးသည့်အချက်မှာ လူငယ်များက ထုတ်ဖော်ပြောဆိုကြရန်ဖြစ်ကြောင်း ပြောခဲ့သည်။

အမေရိကန်အလယ်ပိုင်း၊ ဥရောပနှင့်အခြားနေရာများရှိ နေရာပေါင်း ၈၀၀ ကျော်တို့တွင်လည်း အလားတူ လူထုစုဝေးချီတက်မှုများ စီစဉ်ပြုလုပ်ခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု၌ သေနတ်ပစ်ခတ်မှုများဖြစ်ပွားခဲ့သည့် အချိန်တိုင်းတွင် သေနတ်ထိန်းချုပ်မှုကို ပိုမိုတင်းကျပ်စွာဆောင်ရွက်ပေးရန်တောင်းဆိုမှုများ ပေါ်ထွက်လာခဲ့သည်။

သို့သော်လည်း ပြည်သူအချို့က သေနတ်များသည်ကိုယ့်ကိုယ်ကို ကာကွယ်ရန် လိုအပ်သည်ဟုဆိုတာ ပိုမိုတင်းကျပ်သည့် စည်းကမ်းဥပဒေများချမှတ်ခြင်းမပြုလုပ်ရန် ကန့်ကွက်ဆန့်ကျင်ခဲ့ကြသည်။

ကျောင်းများတွင် လုံခြုံဘေးကင်းစေရေးခိုင်မာသေချာစေရန်အတွက် ဆရာ၊ ဆရာမများ သေနတ်ကိုင်ဆောင်ရန် အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ အဆိုပြုချက်မှာလည်း အငြင်းပွားမှုများကို ပေါ်ပေါက်လာစေလျက်ရှိသည်။

ပြီးခဲ့သည့်လက ဖြစ်ပွားခဲ့သည့် ကျောင်းတွင်း သေနတ်ပစ်ခတ်မှုကဲ့သို့သော ကြေကွဲဖွယ် ဖြစ်ရပ်ကဲ့သို့ နောက်ထပ်အလားတူဖြစ်ရပ်မျိုး မဖြစ်ပွားစေရန်မည်သို့ တားဆီးကာကွယ်သွားမည်ဆိုသည်နှင့်ပတ်သက်၍ သဘောထားအယူအဆကွဲလွဲမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ခ်ျကေ**




# ကိုရီးယားနှစ်နိုင်ငံ ဝန်ကြီးများအဆင့်ဆွေးနွေးပွဲကို ကြာသပတေးနေ့တွင် ကျင်းပရန် သဘောတူ

**ဆိုးလ် မတ် ၂၅**

တောင်ကိုရီးယားအစိုးရသည် မြောက်ကိုရီးယားနှင့် ဝန်ကြီးများအဆင့် ဆွေးနွေးပွဲကို ကြာသပတေးနေ့တွင်ကျင်းပရန် သဘောတူညီခဲ့ကြောင်း ပြောကြားခဲ့သည်။ တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံထိပ်သီးအစည်းအဝေးပွဲ ကျင်းပရန် စီစဉ်ထားမှုအသေးစိတ်ကို ဝန်ကြီးများအဆင့်တွေ့ဆုံပွဲတွင် ဆွေးနွေးသွားကြမည်ဖြစ်သည်။

ကိုရီးယားနှစ်နိုင်ငံတို့သည် နှစ်နိုင်ငံခေါင်းဆောင်များအစည်းအဝေးတစ်ရပ်ကို ဧပြီလနှောင်းပိုင်းတွင် တောင်ကိုရီးယားဘက်အခြမ်းရှိ ပန်မွန်ဂျွန် အပစ်အခတ်ရပ်စဲရေးကျေးရွာ၌ ကျင်းပသွားကြရန် သဘောတူညီထားခဲ့သည်။

ယင်းထိပ်သီး စည်းဝေးပွဲသည် နှစ်ပေါင်း ၁၀ နှစ်ကျော်အတွင်း ပထမဆုံးသောထိပ်သီးအစည်းအဝေးဖြစ်လာမည်ဖြစ်သည်။ တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက စနေနေ့က ကြေညာခဲ့ရာတွင် မြောက်ကိုရီးယားသည် ထိပ်သီးအစည်းအဝေးကျင်းပမည့် နေ့ရက်နှင့်အစီအစဉ်ကို ဆွေးနွေးသွားရန် ကြာသပတေးနေ့တွင် ဝန်ကြီးများအဆင့် ဆွေးနွေးပွဲကျင်းပရန် ကမ်းလှမ်းချက်ကိုသဘောတူလက်ခံခဲ့သည်ဟု ဆိုသည်။




တောင်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ကို ပြန်လည်ပေါင်းစည်းရေးဝန်ကြီးချိုမြောင်ဂျွန်းက ဦးဆောင်မည် ဖြစ်သည်ဟု သိရသည်။ ၎င်းသည် ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ကိုရီးယားနှစ်နိုင်ငံအဆင့်မြင့်အရာရှိများ ဆွေးနွေးပွဲကို ဦးဆောင်ခဲ့သူဖြစ်သည်။

မြောက်ကိုရီးယား ကိုယ်စားလှယ်အဖွဲ့ကို ကိုရီးယားငြိမ်းချမ်းစွာပြန်လည်ပေါင်းစည်းရေးကော်မတီ အကြီးအကဲ ရီဆန်ဂွန်က ဦးဆောင်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ခ်ျကေ**

# တောမီးလောင်ကျွမ်းမှုကိုတားဆီးကာကွယ်ရန် သစ်တောရှင်းလင်းရေးအစီအစဉ် ပေါ်တူဂီ၌ ဆောင်ရွက်

**လစ္စဘွန်း မတ် ၂၅**

ပေါ်တူဂီသမ္မတ၊ ဝန်ကြီးချုပ်နှင့် အစိုးရဝန်ကြီးအချို့သည် တောမီးလောင်ကျွမ်းမှုများကိုလျှော့ချရန် အင်အားစိုက်ထုတ်မှုတစ်ရပ်အနေဖြင့် နိုင်ငံတစ်ဝန်း သစ်တောရှင်းလင်းရေးစီမံချက်၌ အတူတကွပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

စီမံချက်သည် တစ်နိုင်ငံလုံးဆိုင်ရာကိစ္စရပ်ဖြစ်ကြောင်း ပေါ်တူဂီသမ္မတ မာစီလိုဒီဆိုဆာက ပေါ်တူဂီမြောက်ပိုင်းရှိ ပီနီဒါဂီရက်စ်အမျိုးသားဥယျာဉ်၌ သတင်းထောက်များအား ပြောကြားခဲ့သည်။ ယင်းဥယျာဉ်၌ မီးလောင်လွယ်သည့် အပင်များနှင့် အပျက်အစီးများအားရှင်းလင်းရန် ဒေသဆိုင်ရာကြိုးပမ်းဆောင်ရွက်မှုများကို သမ္မတက ကူညီဆောင်ရွက်ခဲ့သည်။

ဝန်ကြီးချုပ် အန်တိုနီယိုကိုစတာသည် အကာအကွယ်ခေါင်းဆောင်းကိုဝတ်ဆင်ထားပြီး နိုင်ငံတောင်ပိုင်းရှိကျေးရွာတစ်ရွာဖြစ်သည့် Ameixial တွင်သစ်ပင်ချုံနွယ်အစအနများဖယ်ရှားသည့် စက်များဖြင့် အလုပ်လုပ်ခဲ့သည်။

တရားရေးဝန်ကြီး ဖရန်စီကာဗန်ဒူမင်က လက်အိတ်များနှင့် ဒဏ်ခံဦးထုပ်များကို ဝတ်ဆင်ခဲ့ပြီး လစ္စဘွန်းအနီး အဇမ်ဘူဂျာမြို့ရှိ Alcoentre အကျဉ်းထောင်အနီးတစ်ဝိုက်ရှိ သစ်တောများတွင် ရှင်းလင်းရေးပါဝင်ဆောင်ရွက်ခဲ့သည်။

ယင်းအကျဉ်းထောင်သည် သစ်တောရှင်းလင်းရေးနှင့် စီမံခန့်ခွဲရေးတို့ကိုဆောင်ရွက်ရန် အကျဉ်းသားများကို လေ့ကျင့်ပေးသည့် စီမံချက်တစ်ရပ်ကိုဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ**

# ရပ်တန့်နေသည့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်အသက်ဝင်လာစေရန် ဆာနားသို့ အမေရိကန်သံတမန်သွားရောက်

**ဆာနား မတ် ၂၅**

ငြိမ်းချမ်းရေးအတွက် ယခင်ကြိုးပမ်းမှု သုံးခု အရာမထင်ဖြစ်ခဲ့ရပြီးနောက်တွင် ရပ်တန့်နေသည့်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများပြန်လည်စတင်နိုင်ရေးအတွက် အမေရိကန်အထူးသံတမန် မာတင်ဂရစ်ဖစ်သည် စနေနေ့က ယီမင်နိုင်ငံမြို့တော် ဆာနားသို့ရောက်ရှိခဲ့ကြောင်း သိရသည်။

ဂရစ်ဖစ်သည် ထင်ရှားသည့် ရှီးယိုက် ဟူသီခေါင်းဆောင်များနှင့် သမ္မတဟောင်း အလီအဗ္ဗဒူလာဆာလက်၏ ပါတီဝင်များနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

အလီအဗ္ဗဒူလာဆာလက်သည် ပြီးခဲ့သည့် ဒီဇင်ဘာလနှောင်းပိုင်းက ၎င်း၏ မဟာမိတ်ဟူသီတို့၏ သတ်ဖြတ်မှုကို ခံခဲ့ရသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဩဂုတ်လမှ စတင်ကာ တိုက်ပွဲဖြစ်ပွားနေသည့် အင်အားစုများအကြား ငြိမ်းချမ်းရေးဖြစ်စဉ်များ ရပ်တန့်သွားခဲ့ပြီးနောက်တွင် ဂရစ်ဖစ်၏အလည်အပတ်ခရီးစဉ်သည် ဟူသီသူပုန်များကို ညှိနှိုင်းရေးစားပွဲပေါ်သို့ရောက်အောင် ခေါ်ဆောင်ရန်ရည်ရွယ်ခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ဂရစ်ဖစ်သည် ယီမင်သမ္မတ အဗ္ဗဒူရာဘူလ်မန်ဆောဟာဒီနှင့် ဆော်ဒီမြို့တော်ရီယာ့ဒ်၌ တွေ့ဆုံခဲ့သည်။

၎င်းတို့နှစ်ဦးသည် နိုင်ငံတကာက အသိအမှတ်ပြုထားသည့် အစိုးရနှင့် ဟူသီသူပုန်များအကြား ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများကို ပြန်လည်စတင်နိုင်မည့်နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကုလသမဂ္ဂက ကမကထဆောင်ရွက်ခဲ့ပြီး ကူဝိတ်နှင့် ဆွစ်ဇာလန်တို့တွင် ၂၀၁၆ ခုနှစ်က ကျင်းပခဲ့သည့် ယခင်ငြိမ်းချမ်းရေးဆွေးနွေးပွဲ သုံးခုတို့သည် စစ်ပွဲကို အဆုံးသတ်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပေ။ ယီမင်ပြည်တွင်းစစ်သည် ယီမင်နိုင်ငံသား ၁၀၀၀၀ ကျော်ကို သေဆုံးစေခဲ့ပြီး ပြည်သူသုံးသန်းခန့်ကို အိုးအိမ်ပျောက်ကွယ်စေခဲ့သည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### တူရကီအလယ်ပိုင်း၌ တိုက်လေယာဉ်ပျက်ကျရာ တစ်ဦးသေဆုံး

**အန်ကာရာ မတ် ၂၅**

တူရကီနိုင်ငံ အလယ်ပိုင်း နာ့ဗ်ဆီဟာပြည်နယ်တွင် ယမန်နေ့က အက်ဖ်-၁၆ တိုက်လေယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ တူရကီတပ်ဖွဲ့ဝင် တစ်ဦး သေဆုံးသွားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အက်ဖ်-၁၆ တိုက်လေယာဉ်သည် ယမန်နေ့က လေ့ကျင့်ပျံသန်းမှုပြုလုပ်နေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း တူရကီစစ်ဘက်ဆိုင်ရာ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

လေယာဉ်ပျက်ကျရာ နေရာသို့ မီးသတ်ကားများ၊ ကယ်ဆယ်ရေးအဖွဲ့များနှင့် အခြားတပ်ဖွဲ့များကို အလျင်အမြန်စေလွှတ်ခဲ့ကြောင်း အဆိုပါသတင်းတွင် ဆက်လက်ဖော်ပြခဲ့သည်။

အက်ဖ်-၁၆ဂျက်တိုက်လေယာဉ် ပျက်ကျမှုတွင် သေဆုံးခဲ့သော တပ်ဖွဲ့ဝင်တစ်ဦး၏ အလောင်းကို ပြန်လည်တွေ့ရှိခဲ့ပြီး လေယာဉ်ပျက်အပိုင်းအစများကိုလည်း တွေ့ရှိခဲ့ကြောင်း ပြည်တွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။ လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

### မောင်းသူမဲ့ ရထားများ တရုတ်နိုင်ငံတွင် မတ်လကုန် မောင်းနှင်နိုင်မည်

**ပေကျင်း မတ် ၂၅**

တရုတ်နိုင်ငံရှန်ဟိုင်းတွင် မောင်းသူမဲ့မြေအောက်ရထားများပြေးဆွဲမည့် မြို့ပတ်ရထားလမ်းသစ်ကို လာမည့်မတ်လကုန်တွင် စမ်းသပ်မောင်းနှင်နိုင်မည်ဟု မျှော်လင့်ရကြောင်း ရှန်ဟိုင်း-ရှန်တုံ မီးရထားလုပ်ငန်းအုပ်စုက ယမန်နေ့က ပြောခဲ့သည်။

ရထားလမ်းအရှည် ၆ ဒသမ ၇ ကီလိုမီတာရှိသော အေပီအမ်ရထားလိုင်းသည် ဟွာဆန်လမ်းနှင့် ခရီးသည်များလိုင်းနံပါတ် ၈ သို့ ကူးပြောင်းနိုင်သည့် ရှန်ဒူ အဝေးပြေးဂိတ်ကို ဆက်သွယ်ပေးထားပြီး ၎င်းတွင် ဘူတာရုံခြောက်ရုံပါရှိသည်။

အလေးချိန်ပေါ့ပါးစေရန်ရေးဆွဲထားသော ပုံစံနှင့် မှတ်ဉာဏ်မြင့်စွမ်းအင်စီမံခန့်ခွဲမှုစနစ်တို့ကို အသုံးပြုထားသော အဆိုပါမောင်းသူမဲ့ ရထားများသည် အခြားပုံမှန်ရထားများထက် စွမ်းအင်သုံးစွဲမှု နည်းကြောင်းသိရသည်။

အေပီအမ်စနစ်ကို ကမ္ဘာတစ်ဝန်းကျယ်ပြန့်စွာ အသုံးပြုနေပြီး ပေကျင်းနှင့် ကွမ်ကျိုးတို့တွင်လည်း အသုံးပြုခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရှန်ဟိုင်းမြို့တွင် ကမ္ဘာ့အရှည်ဆုံး ရထားလမ်းကွန်ရက်အဖြစ် ၆၆၆ ကီလိုမီတာရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်သမ္မတထရန့်ရဲ့ တံတိုင်းကာမယ့် ရည်ရွယ်ချက် ခရီးဆုံးထိရောက်မှာလား

*တင်လင်းအောင်*



အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ဟာ မကြာသေးမီက မက္ကဆီကိုနယ်စပ်သို့ သွားရောက်ခဲ့ပြီး နယ်စပ်တံတိုင်းကာရံဖို့အတွက် တံတိုင်းပုံစံများကို သွားရောက်ကြည့်ရှုခဲ့ပါတယ်။ အမေရိကန်သမ္မတရဲ့ အဲဒီ ခရီးစဉ်အပေါ် ဆန္ဒပြသူများက “တံတိုင်းများအစား တံတားများ တည်ဆောက်ပေးပါ”လို့ ကြွေးကြော်ဆန္ဒပြခဲ့ကြပါတယ်။ ဆန္ဒပြသူတွေဟာ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီယာဂိုမြို့လယ်ကောင် ပေါ်ထွက်ပြီး ဆန္ဒပြခဲ့ကြတာဖြစ်ပါတယ်။

အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်ဟာ သူ့ရဲ့ ရွေးကောက်ပွဲကတိအတိုင်း နယ်စပ်တံတိုင်းကာရံခြင်းကို တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိပါတယ်။ ဒုက္ခသည်ခိုလှုံအခြေချနေထိုင်ခွင့်ကန့်သတ်မှုတွေကို ပြုလုပ်ခဲ့တာဟာ နိုင်ငံရဲ့လုံခြုံရေးအတွက်ပါလို့ အမေရိကန်သမ္မတဒေါ်နယ်ထရန့်က မကြာသေးခင်ကမှ သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာရေးသားဖော်ပြခဲ့ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ အမျိုးသားလုံခြုံရေးအတွက် နောက်ထပ်လည်း လူဝင်မှုကြီးကြပ်ရေးနဲ့ဆိုင်တဲ့ ကန့်သတ်မှုတွေ ပိုမိုလုပ်ဆောင်သွားမှာဖြစ်ပါတယ်လို့ သူကဆက်လက်ပြောခဲ့ပါတယ်။

အခြားနိုင်ငံတွေမှာ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေအတွက် တံတားတွေတည်ဆောက်နေကြသော်လည်း ဆန့်ကျင်ဘက်အနေနဲ့ အမေရိကန်နိုင်ငံကတော့ သူ့နိုင်ငံအတွင်း ဒုက္ခသည်ဝင်ရောက်မှုတွေကို ကာကွယ်ဖို့အတွက် တံတိုင်းတွေတည်ဆောက်နေပြီး ကမ္ဘာကြီးနဲ့ တဖြည်းဖြည်းဝေးကွာလာသလိုဖြစ်ခဲ့ပါတယ်။

အမေရိကန်သမ္မတထရန့်ရဲ့မူဝါဒဟာ အမျိုးသမီးတွေနဲ့ ရွှေ့ပြောင်းအခြေချတဲ့သူတွေကို ဆန့်ကျင်နေပါတယ်။ ဒါဟာ အမေရိကန်ရဲ့ မူလရပ်တည်ချက်ကို ဆန့်ကျင်သလိုဖြစ်ခဲ့ပြီး အမျိုးသမီးတွေနဲ့ ရွှေ့ပြောင်းအခြေချတဲ့သူတွေအပေါ် ထရန့်ရဲ့ မူဝါဒဟာ အဓိက သဘောထားကွဲလွဲစရာဖြစ်သလို မက္ကဆီကိုနဲ့ နယ်စပ်တံတိုင်းပြုလုပ်မယ့်အရေးနဲ့ ပတ်သက်ပြီးတော့လည်း သဘောထားကွဲလွဲမှုတွေ ဖြစ်ခဲ့ပါတယ်။

ဒါကြောင့်လည်း ထရန့်ရဲ့ တံတိုင်းကာရံမယ့် ကြိုးစားဆောင်ရွက်ချက်အပေါ် တံတိုင်းတွေအစား တံတားတွေ တည်ဆောက်ပေးကြပါလို့ ဆန္ဒပြသူတွေက တောင်းဆိုခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမယ့်လည်း သေချာတာ တစ်ခုကတော့ အမေရိကန်သမ္မတ ထရန့်ဟာ မက္ကဆီကိုနဲ့ အမေရိကန်ကို ပိုင်းခြားထားမယ့် တံတိုင်းကြီးများ တည်ဆောက်ဖို့ ဆန်ဒီယာဂိုမြို့ကို လာရောက်ပြီး ၉ မီတာ အမြင့်ရှိတဲ့ တံတိုင်းပုံစံရှစ်ခုကို ကြည့်ရှုခဲ့ပါတယ်။ ဒါက ဘာကိုပြသလဲဆိုရင် သူ့အနေနဲ့ သူ့ရဲ့ ဆုံးဖြတ်ချက်အတိုင်း မမိုတ်မသုန် ဆက်လက်လုပ်ဆောင်မယ်ဆိုတာကို ဖော်ပြတဲ့သဘောပဲ ဖြစ်ပါတယ်။

အမေရိကန် သမ္မတ ဒေါ်နယ်ထရန့်က ဘာပြောသလဲဆိုရင် ဒီနေရာမှာ တံတိုင်းတွေသာမရှိရင် နိုင်ငံဆိုတာလည်း ရှိလာတော့မှာ မဟုတ်ဘူးလို့ ပြောကြားခဲ့ပြီး ပြစ်တင်ဝေဖန်မှုတွေအပေါ်ပြန်လည်ချေပတုံ့ပြန်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒေါ်နယ်ထရန့် အမေရိကန် သမ္မတစဖြစ်လာတဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီကစပြီး ယခုအချိန်အထိ မက္ကဆီကိုနဲ့ ထိစပ်နေတဲ့ ကီလိုမီတာ ၃၂၀၀ ရှည်လျားတဲ့ နယ်စပ်တစ်လျှောက် တံတိုင်းတည်ဆောက်ခဲ့တာဟာ အခုဆိုရင် လူနဲ့မော်တော်ယာဉ်တွေ ဝင်ရောက်ခြင်းက ကာကွယ်ဖို့ ခြံစည်းရိုးများ သုံးပုံတစ်ပုံလောက် ကာရံပြီးပြီ ဖြစ်ပါတယ်။ ဒေါ်နယ်ထရန့်ဟာ သူသမ္မတ ဖြစ်တာနဲ့ချက်ချင်း မက္ကဆီကိုနယ်စပ်တစ်လျှောက်တံတိုင်းကာရံဖို့အမိန့်တစ်ခုကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

တည်ဆောက်မယ့် တံတိုင်းအမျိုးအစားရှစ်ခုရှိပြီး အဲဒီတံတိုင်းတွေကို ၂၀၁၇ခုနှစ် စက်တင်ဘာလကစတင်တည်ဆောက်ခဲ့ပါတယ်။ တံတိုင်းတစ်ခုချင်းစီဟာ အမေရိကန်ဒေါ်လာနှစ်သန်းနဲ့ လေးသန်းကြား ကုန်ကျမယ်လို့ သိရပါတယ်။ အမေရိကန်သမ္မတရဲ့ တံတိုင်းတည်ဆောက်တဲ့ အစီအစဉ်အပေါ် တချို့ပညာရှင်များနဲ့ လေ့လာစောင့်ကြည့်သူတွေက အစွန်းရောက်တဲ့ လုပ်ဆောင်ချက်အဖြစ် ရှုမြင်ခဲ့ကြပါတယ်။ သို့သော်လည်း တစ်ဖက်က ပြန်ကြည့်မယ်ဆိုရင် အမေရိကန်သမ္မတဟာ သူ့ရဲ့ရွေးကောက်ပွဲကာလမဲဆွယ်စည်းရုံးရေးလုပ်စဉ် ပေးခဲ့တဲ့ ကတိအတိုင်း အတိအကျအကောင်အထည်ဖော်နေကြောင်း ဘရွတ်ကင်း ဉာဏ်ကြီးရှင်အဖွဲ့မှ ဝါရင့်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒါရယ်ဝက်က ပြောခဲ့ပါတယ်။

တံတိုင်း တည်ဆောက်ခြင်းကို ထောက်ခံသူ တချို့က ထရန့်အနေနဲ့ အမေရိကန်နိုင်ငံရဲ့ကိုယ်ပိုင်နယ်စပ်တွေကို ကာကွယ်ဖို့ အမြင့်ဆုံးအချိန်တစ်ခုဖြစ်ကြောင်း ထောက်ခံပြောကြားခဲ့ပါတယ်။ အမေရိကန်နိုင်ငံမှာ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုအဖွဲ့အစည်းတွေ၊ မူးယစ်ဆေးဝါးမှောင်ခို ရောင်းဝယ်သူတွေနဲ့ ဆက်စပ်နေတဲ့ ခြိမ်းခြောက်မှုတွေ တစ်စတစ်စ များပြားလာနေတဲ့အချိန်မှာ အမေရိကန်သမ္မတထရန့်က အခုလုပ်ဆောင်နေတဲ့ ကိစ္စတွေကို သူ့တာဝန်အရသူလုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ကွင်တနာက ပြောခဲ့ပါတယ်။

> **“ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံဟာ နယ်စပ်တံခါးတွေကို ပိတ်ပြီး ဂလိုဘယ်လိုက်ဇေးရှင်းကို ထီးထီးကြီးဆန့်ကျင် နေကာ အမျိုးသားရေးမူဝါဒတစ်ခုအား ကိုယ်ကျိုးစီးပွားကာကွယ်ရန်အဆိုပြုနေခြင်းဟာ အံ့သြဖွယ်ကောင်းပါတယ်လို့ ပီရူးနိုင်ငံ လူမှုဗေဒပညာရှင် ကောလိပ်ညွှန်ကြားရေးမှူး အက်ဒါဒိုအာရီယိုလာ ဂူနာက ပြောခဲ့”**

မက္ကဆီကိုမှာ အလုပ်လုပ်တာထက် အမေရိကန်မှာ အလုပ်လုပ်ရင် လုပ်ခနှစ်ဆလောက်ရရှိနိုင်ကြောင်း တီဂျူအန်နာမြို့မှ ဒေသခံတက္ကဆီသမားတစ်ဦးက ဆိုပါတယ်။ သူက မက္ကဆီကန်တွေအနေနဲ့ အမေရိကန်တို့ရဲ့ လုပ်ငန်းကို လုယူသွားမှာ မဟုတ်ပါဘူး။ အမေရိကန်တွေ မလုပ်ချင်တဲ့အလုပ်တွေကိုသာ လုပ်ကိုင်ပေးနေတာဖြစ်ပါတယ်လို့ ထရန့်ကို ပြောခဲ့ပါတယ်။

ထရန့်ရဲ့ နယ်စပ်တံတိုင်းတည်ဆောက်ခြင်းဟာ အမေရိကန်နိုင်ငံအတွင်း ကိုယ်ကျိုးစီးပွား ကာကွယ်မှုကို မြှင့်တင်ခြင်းပင်ဖြစ်ကြောင်း မက္ကဆီကိုနိုင်ငံ အမျိုးသားတက္ကသိုလ် သမိုင်းသုတေသီဌာနမှ ပရော်ဖက်ဆာတစ်ဦးဖြစ်သူ ဆေးဗာထရီဗီလီ ဂက်စ်ရီဗော့တက်စ်က ပြောခဲ့ပါတယ်။ မက္ကဆီကိုနိုင်ငံဟာ အမေရိကန်နိုင်ငံရဲ့တတိယအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ပို့ကုန် ၈၀ ရာခိုင်နှုန်းဟာ အမေရိ ကန်ဈေးကွက်သို့ စီးဝင်လျက်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖော်ပြခဲ့ပါတယ်။ ထရန့်ရဲ့ကိုယ်ကျိုး စီးပွားကာကွယ်မှုဟာ အမေရိကန်ရဲ့ စီးပွားရေးဖြစ်ထွန်းမှုကို ထိခိုက်စေမှာ ဖြစ်တယ်လို့ ရီဗော့တက်စ်က ပြောခဲ့ပါတယ်။

မက္ကဆီကိုလူမျိုးအများဆုံးနေထိုင်လျက်ရှိတဲ့ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ဟာ ရွှေ့ပြောင်းဒုက္ခသည်တွေနဲ့ ကမ္ဘာတစ်ဝန်းမှ တီထွင်ဆန်းသစ်သူတွေကို ကြိုဆိုနေတဲ့အတွက် သာယာဝပြောမှုရှိကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဂျယ်ရီဘရောင်းက ပြောခဲ့ပါတယ်။ ကမ္ဘာ့အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံဟာ နယ်စပ်တံခါးတွေကို ပိတ်ပြီး ဂလိုဘယ်လိုက်ဇေးရှင်းကို ထီးထီးကြီးဆန့်ကျင်နေကာ အမျိုးသားရေးမူဝါဒတစ်ခုအား ကိုယ်ကျိုးစီးပွားကာကွယ်ရန်အဆိုပြုနေခြင်းဟာ အံ့သြဖွယ်ကောင်းပါတယ်လို့ ပီရူးနိုင်ငံ လူမှုဗေဒပညာရှင်ကောလိပ်ညွှန်ကြားရေးမှူး အက်ဒါဒိုအာရီယိုလာ ဂူနာက ပြောခဲ့ပါတယ်။

လူအများစုက တံတိုင်းတည်ဆောက်မယ့် အစီအစဉ်အစား နယ်စပ်လုံခြုံရေးတပ်ဖွဲ့များ တိုးချဲ့ခြင်း၊ စောင့်ကြည့်ကင်မရာနဲ့ အာရုံခံစနစ်တွေ တပ်ဆင်ခြင်းက ပိုမိုထိရောက်မှုရှိနိုင်ကြောင်း ထောက်ပြဆွေးနွေးပြောဆိုခဲ့ကြသော်လည်း ထရန့်အနေနဲ့ သူ့ရဲ့အစီအစဉ်အပေါ် လက်လျှော့မယ့်သဘောမတွေ့ရသေး ပါဘူး။ တံတိုင်းတည်ဆောက်မှုကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုတွေ ဖြစ်ပေါ်လာနိုင်ကြောင်းလည်း သိရပါတယ်။

တံတိုင်းတည်ဆောက်မယ်ဆိုပါက ကုန်ကျစရိတ်များပြားမည်ဖြစ်ကာ ယင်းအပေါ် လွှတ်တော်မှလည်း ရန်ပုံငွေရရှိရန် ရှင်းလင်းသော အတည်ပြုချက် မရရှိသေးကြောင်း သိရပါတယ်။ ထရန့်က တံတိုင်းတည်ဆောက်မှု အစီအစဉ်အတွက် မက္ကဆီကိုနိုင်ငံမှ ငွေကြေးထည့်ဝင်ပေးရမယ်လို့ အခိုင်အမာပြောဆိုခဲ့သော်လည်း အဲဒီပြောကြားမှုကို မက္ကဆီကိုဘက်က ငြင်းပယ်လိုက်တဲ့ အချိန်ကတည်းက အမေရိကန်-မက္ကဆီကို နှစ်နိုင်ငံဆက်ဆံရေး အေးစက်စက် ဖြစ်သွားခဲ့ပါတယ်။ တံတိုင်းတည်ဆောက်ရေးအတားအဆီးတွေဟာ ဒေသတွင်းမျိုးစိတ်တွေရဲ့ လှုပ်ရှားသွားလာမှုနဲ့ အသက်ရှင်နေထိုင်မှုကို အနှောင့်အယှက်ဖြစ်နိုင်တာကြောင့် နယ်စပ်တံတိုင်းတည်ဆောက်ခြင်းကို မပြုလုပ်သင့်ပါဘူးလို့ လူ့အခွင့်အရေးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ဂျွန်နော့ဇ်က ပြောခဲ့ပါတယ်။

လတ်တလောမှာ ထရန့်ရဲ့ နယ်စပ်တံတိုင်း တည်ဆောက်မှုအပေါ် သံသယအမြင်များစွာထွက်ပေါ်လျက်ရှိပါတယ်။ ကုန်ကျစရိတ် အလွန်များပြားတဲ့ တံတိုင်းတည်ဆောက်မှုဟာ ကိုယ်ကျိုးစီးပွား ကာကွယ်တဲ့ အမေရိကန်ကို အခြေအနေတွေ ပိုဆိုးလာမလား၊ ပိုကောင်းလာမလားဆိုတာ စောင့်ကြည့်ရမှာပဲ ဖြစ်ပါတယ်။ ရွှေ့ပြောင်းဒုက္ခသည်တွေကို တားဆီးဖို့အတွက် တံတိုင်းကာဖို့ ထရန့်ရဲ့ ရွေးကောက်ပွဲကတိဟာ အမေရိကန်နိုင်ငံကို ပိုမိုကောင်းမွန်လာစေမှာလားဆိုတာ မသေချာပေမယ့် နိုင်ငံတကာ ကျွမ်းကျင်သူတွေကတော့ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကြီးကို ထီးထီးကြီး ဆန့်ကျင်လျက်ရှိပါတယ်လို့ ပြောကြပါတယ်။ ။

**ကိုးကား - ဆင်ဟွာ**

# ကောက်စိုက်စက်ဖြင့် တောင်သူများကိုယ်တိုင် ကျွမ်းကျင်စွာ အသုံးပြုစိုက်ပျိုးနိုင်ရန် လေ့ကျင့်ပေးနိုင်ရေး ဆောင်ရွက်

**နေပြည်တော် မတ် ၂၅**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကို လုပ်ကိုင်ကြသော ကျေးလက်ဒေသများတွင် ယခုအခါ လုပ်သားရှားပါးမှုပြဿနာများနှင့် ကြုံတွေ့လျက်ရှိသည်ကို ကြားသိနေရသည်။ ထို့ကြောင့် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအသီးသီးမှ လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရန် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလျက်ရှိသည်ကိုလည်း တွေ့မြင်နေရသည်။



သို့ရာတွင် မြန်မာနိုင်ငံ၏ အဓိက စိုက်ပျိုးမှုတစ်ခုဖြစ်သည့် စပါးစိုက်ပျိုးရာတွင် လူအား အချိန်အား မျိုးစေ့နှုန်းများပါ သက်သာသည့် ကောက်စိုက်စက်ဖြင့်စိုက်ပျိုးသည့် SRI စိုက်ပျိုးနည်းစနစ်များကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရန် သက်ဆိုင်ရာဌာနများမှ ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ နှင့်အတူ မတ် ၂၂ ရက်က နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ တောင်သူ ဦးအောင်၏ နွေစပါးစိုက်ကွင်းတွင် SRI စနစ် ကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုရာ စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က ရှင်းလင်းတင်ပြသည်။

အဆိုပါ ကောက်စိုက်စက်သည် SRI စိုက်ပျိုးနည်းစနစ်အရ ပျိုးသက်နုချိန်တွင် ကောက်ပင်တစ်ပင်ချင်းအား ထိခိုက်မှုမရှိစေဘဲ လွယ်ကူ လျင်မြန်စွာ စိုက်ပျိုးနိုင်ရန် ဂျပန်နိုင်ငံမှ တီထွင် ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။ SRI စနစ်ကောက်စိုက်စက်ကို မြန်မာ့ရေမြေတွင် တောင်သူများ အသုံးပြုရာ၌ တွေ့ကြုံနိုင်သည့် အခက်အခဲနှင့် လိုအပ်ချက်များ ရှိ၊ မရှိကို စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်သူများက လက်တွေ့စမ်းသပ်ပြီး တောင်သူများအား စရိတ်သက်သာစွာဖြင့် ဝန်ဆောင်မှုပေးခြင်း ဖြစ်သည်။ မကြာမီကာလအတွင်း SRI စနစ် ကောက်စိုက်စက်ကို တောင်သူများ ကိုယ်တိုင်ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန် စက်မှုလယ်ယာသင်တန်းကျောင်းများ၌ လေ့ကျင့် သင်ကြားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါတွင် လက်လှမ်းမီသည့် တောင်သူအများစုသည် SRI စနစ် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုများကိုလည်း အများအပြား တွေ့မြင်နေရသည်။ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူ ရပ်ကွက် နွေစပါးစိုက်ကွင်းတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့ ပူးပေါင်း၍ SRI စနစ်ဖြင့် စိုက်ပျိုးထားသော ဆင့်ပွားမိဘမျိုးစေ့ Registered Seed မှ ရောင်းချရန် မျိုးစေ့ Certified Seed (RS to CS) မျိုးစေ့ထုတ်စိုက်ကွင်း ၁၀ ဧကကို စိုက်ပျိုးလျက်ရှိရာ ၄၇ ရက်သားတွင် စိမ်းစိုဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်းသိရသည်။ ဆက်လက်၍ အဆိုပါ စိုက်ကွင်းသို့ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကြည့်ရှုအားပေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ လက်ရှိဖြစ်ပေါ်သက်ရောက်လျက်ရှိသော ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် မျိုးသစ်များ ဖော်ထုတ်အသုံးပြုနိုင်ရေးနှင့် သီးနှံအရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သော ဒေသမျိုးများ စုဆောင်းထိန်းသိမ်းရေးလုပ်ငန်းများ အပါအဝင် သုတေသနရလဒ်များကို ပညာရှင်များအပိုင်းတွင် သာမက တောင်သူများအပိုင်းတွင်ပါ အကျိုးရှိထိရောက်စွာအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# မန္တလေးမြို့ကျောက်တော်ကြီး၌ မြန်မာ့သနပ်ခါး ပွဲတော် ကျင်းပမည်

**မန္တလေး မတ် ၂၅**

မြန်မာ့သနပ်ခါးကို မြန်မာက သာမက ကမ္ဘာကသိရန် ပထမဆုံးမြန်မာ့ သနပ်ခါး အရောင်းပြခန်းနှင့် သနပ်ခါး အသွေး၊ အလိမ်းပြိုင်ပွဲကြီးကို မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အသင်းမှကြီးမှူး၍ မန္တလေးမြို့ ကျောက်တော်ကြီး ဘုရားဝင်းအတွင်း၌ မတ် ၃၀ ရက်နှင့် ၃၁ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ရှင်မတောင်သနပ်ခါး စိုက်ပျိုးထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးအေးခိုင်ထံက သိရသည်။

အဆိုပါ ပြိုင်ပွဲကြီးကို နာမည်ကျော်ရွှေပြည်နန်းသနပ်ခါး၊ ဒေါ်သီသနပ်ခါး၊ ရွှေဘိုမင်းသမီးသနပ်ခါးနှင့် ဆွစ်ဇာလန် နိုင်ငံအခြေစိုက် HELVRTAS အသင်းကြီးတို့၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပခြင်းဖြစ်သည်ဟု သိရသည်။



မြန်မာ့သနပ်ခါး အရောင်းပွဲတော်ကြီးတွင် သနပ်ခါးစိုက်ဒေသများဖြစ်သော ရေစကြိုမြို့နယ် ရှင်မတောင်သနပ်ခါး၊ မြိုင်မြို့နယ် သနပ်ခါး၊ ပခုက္ကူသနပ်ခါး၊ အရာတော်သနပ်ခါး၊ ရွှေဘိုသနပ်ခါးဆိုင်ခန်းပေါင်းများစွာဖြင့် ခင်းကျင်းရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သနပ်ခါး အရောင်းပွဲတော်ကြီးတွင် သနပ်ခါးအသွေး ပြိုင်ပွဲ၊ အလိမ်းပြိုင်ပွဲများပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး ပထမဆုငွေကျပ်သုံးသိန်း၊ ဒုတိယဆုငွေကျပ်နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်း ချီးမြှင့်သွားမည်ဖြစ်ပြီး သနပ်ခါးနှင့် ပတ်သက်သော ဗဟုသုတအမေးအဖြေပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

ရှင်မတောင်သနပ်ခါး၏ ထူးခြားချက်မှာ ရှင်မတောင်တောင်၏ ပတ်လည် မိုင် ၂၀ အတွင်း သနပ်ခါးများသာ သဘာဝအလျောက် အမွှေးဆုံး၊ အကောင်းဆုံးဖြစ်သည်။ ရှင်မတောင် သနပ်ခါးကို မျိုးစေ့ထုတ်စိုက်ပျိုးသော်လည်း မမွှေး၊ ဖန်တီးပြုလုပ်၍မရသော သဘာဝအပင် ဖြစ်သည်။

သနပ်ခါးအရောင်းပြပွဲတွင် အဖြူရောင်၊ အနီရောင်၊ အဝါရောင်သနပ်ခါး အမျိုးစားသုံးမျိုးကို ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာ့သနပ်ခါးကို ကမ္ဘာတွင် ဖြန့်ချိနိုင်ရန်အတွက် ရေမွှေးအဆင့်အထိ တိုးတက်ထုတ်လုပ်ရန် မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အသင်းကြီးက အစိုးရဝန်ကြီးဌာနများ၏ အကူအညီဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# လာမည့် ဘဏ္ဍာနှစ်အတွင်း မိကျောင်းကွမ်းဖတ်စေ့ တန် ၄၀၀၀ နီးပါး တရုတ်နှင့် အိန္ဒိယသို့ တင်ပို့သွားမည်

လာမည့်ဘဏ္ဍာနှစ်အတွင်း မိကျောင်းကွမ်းဖတ်စေ့ တန်ချိန် ၄၀၀၀ နီးပါးကို တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း မိကျောင်းကွမ်းဖတ်စေ့ တင်ပို့ရောင်းချရေးကုန်သည်များ အစုအဖွဲ့မှ သိရသည်။

"နှစ်စဉ် ပို့နေတာ ငါးနှစ်လောက် ရှိနေပြီ၊ စ ပို့တုန်းက တန် ၃၀၀ ကျော် လောက်ပဲ ရှိတာ၊ အခု တစ်နှစ်ထက် တစ်နှစ် တိုးတက်ပို့လာနိုင်တာ တန် ၃၀၀၀ ကျော် ဖြစ်လာတယ်၊ တရုတ်နဲ့ အိန္ဒိယဘက်ကတော့ တိုင်းရင်းဆေးဝါးနဲ့ အလှကုန်ပစ္စည်းတွေမှာ အသုံးပြုတယ်"ဟု ယင်းအစုအဖွဲ့ဝင် ဦးထူးမြတ်က ပြောသည်။

လက်ရှိ မိကျောင်းကွမ်းဖတ်စေ့ စိုက်ပျိုးမှုရှိသော ရောဝတီ၊ မကွေး၊ စစ်ကိုင်းနှင့် မန္တလေးဘက်သို့ ကုန်ကြမ်း စုဆောင်းဝယ်ယူနိုင်ရန် ပြင်ဆင်နေပြီး ယခင်ဈေးထက် မြင့်သောဈေးဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

"မိကျောင်းကွမ်းဖတ်စေ့ဟာ ပရဆေးပစ္စည်းထဲမှာ ပါဝင်တော့ အရင်ရှိပြီးသားထက် ပို ပို့နိုင်ဖို့ဆိုတာ စီးပွားဖြစ် စိုက်ပျိုးမှုတွေအများကြီးလိုအပ်လာသလို စိုက်နိုင်အောင် မြေအသုံးချရေးကလည်း လိုအပ်တော့ သက်ဆိုင်ရာဌာနတွေ အနေနဲ့လည်း ပါဝင်ကူညီဖို့ လိုလာတယ်၊ အလားလာရှိတဲ့ ပို့ကုန်ထဲမှာ ပါဝင်လာဖို့ လိုအပ်တဲ့ ပံ့ပိုးမှုတွေလိုတယ်၊ တင်ပို့ဖို့ ကုန်ကြမ်းဝယ်ရတာကလည်း ခက်ခဲနေသေးတယ်" ဟု မန္တလေး-မူဆယ်ရှိ ကုန်သည် ဦးသန်းဦးက ပြောသည်။

မိကျောင်းကွမ်းဖတ်စေ့ကို အသားအရေ ပြုပြင်ပစ္စည်းများတွင် အဓိက သုံးစွဲနေပြီး အရည်အသွေး ကောင်းပါက တစ်ပြည်လျှင်ငွေကျပ် ၃၅၀၀ မှ ၅၀၀၀ ကြား ပေးဝယ်နေပြီး အရည်အသွေး ညံ့ဖျင်းပါက တစ်ပြည်လျှင်ငွေကျပ် ၂၀၀၀ ခန့် ဈေးပေး ဝယ်ယူနေကြောင်း သိရသည်။

ယခင်က မိကျောင်းကွမ်းဖတ်စေ့များကို အလေ့ကျပေါက်သော အပင်မှ အစေ့ကို ထုတ်ယူကာ တင်ပို့ကြသော်လည်း တရုတ်နိုင်ငံမှ ဝယ်လိုအားရှိလာသောကြောင့် လက်ရှိတွင် ပဲခူးတိုင်း၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် စပါးစိုက် တောင်သူများအနေဖြင့် စပါးရိတ်သိမ်းပြီးသည့် တပေါင်း၊ တန်ခူးလများတွင် လယ်ယာများအတွင်းသို့ ရေသွင်းထွန်ယက်ကာ စပါးကဲ့သို့ မျိုးစေ့ကြဲပြီး တစ်ပိုင်တစ်နိုင်စိုက်ပျိုးလာကြကြောင်း သိရသည်။

**ဇာလင်းသူ (AMIA)**

# ပျဉ်းမနားမြို့၌ စုပေါင်းဓာတ်မြေဩဇာ ကြဲပက်

**နေပြည်တော် မတ် ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ နွေစပါးတင်း ၁၀၀ နှင့် အထက်ထွက်ရှိရေး၊ တမန်းမြေနိုးခြင်းနှင့် စုပေါင်းဓာတ်မြေဩဇာကြဲပက်ခြင်းကို မတ် ၁၉ ရက်က ပျဉ်းမနားမြို့နယ် ကံဦးကျေးရွာရှိ တောင်သူဦးဉာဏ်လင်းသိန်း၏ ကွင်းအမှတ် ၁၆၆၄ ဦးပိုင် ၂ စိုက်ဧက ၃၀ နွေစပါးစိုက်ကွက်၌ ကျင်းပခဲ့သည်။

အဆိုပါ နွေစပါးတင်း ၁၀၀နှင့် အထက်ထွက်ရှိရေး တမန်းမြေနိုးခြင်း၊ စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ရာတွင် ပုလဲဓာတ်မြေဩဇာ ထိရောက်စွာ အာနိသင် ရှိရေးအတွက် ပုလဲဓာတ်မြေဩဇာ တစ်ဆ၊ နွားချေးမြေဆွေး သုံးဆနှင့် တစ်ညတာနှပ်ပြီး စပါးစိုက်တောင်သူ ၆၅ ဦးက ကြဲပက်ခြင်းဖြစ်ပြီး အခမ်းအနားသို့ နေပြည်တော် တိုင်းစိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကျော်လှိုင်သင်း**

# ကြက်သွန်များလှိုင်လှိုင်ပေါ်နေပြီး တောင်သူများကြက်သွန်ရောင်းချချိန် တွက်ခြေမကိုက်ဖြစ်နေ

**ကျောက်ပန်းတောင်း မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် လဲဂွရွာ၊ ညောင်ဖြူပင်ရွာနှင့်မုန့်ကုန်းကျေးရွာများသည် ကြက်သွန်နီကို နှစ်တိုင်းစိုက်ပျိုးကြသော ရွာများဖြစ်ကာ ကြက်သွန်အထွက်နှုန်းကောင်းသောကျေးရွာများ ဖြစ်သည်။

ကြက်သွန်ကို သီတင်းကျွတ်လပြည့်ကျော်မှ စ၍ပျိုးထောင်ကြကာ ၄၅ ရက်သားပြည့်လျှင် ကြက်သွန်နီစိုက်ပျိုးမည့် မြေကွက်များသို့ ရွှေ့စိုက်ကြရကာ စပြီးရွှေ့စိုက်သည့်ရက်မှ ရက်ပေါင်း ၉၀ကျော်လျှင် ပုံမှန်လောင်းနေသော ရေဖြတ်ကာ အပင်အရွက်များ ကျချိန်တွင် နုတ်ယူသိမ်းဆည်းရပြီး ချောင်းခင်းများနုတ်ယူချိန်လွယ်ကူသည်။ ကုန်းခင်းများမှာ သံတူရွင်းငယ်များ ဖြင့်ထိုးစွတူးမှသာရသောကြောင့် လုပ်အားခနှစ်ဆခန့် မြင့်တက်နေကြောင်း ကုန်းခင်းကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

"ကြက်သွန်တွေကတော့ ဒီနှစ်အတော်ကောင်းတယ်၊ ဥကြီးတွေများတယ်၊ ဥလတ်နဲ့ဥသေး သိပ်မပါဘူး၊ မနှစ်ကလို ဈေးမျိုး တောင်သူတွေလက်ထဲ ကြက်သွန်ရှိချိန် ဈေးကောင်းရင်တော့ တောင်သူတွေအဆင်ပြေကြပြီး ပွဲစားတွေလက်ထဲရောက်မှ ဈေးတက်တော့ တောင်သူတွေဘဝက လုံးလည်လိုက်နေရတယ်"ဟု ဒေသခံတောင်သူတစ်ဦးက မနှစ်ကကြက်သွန်ဈေးကောင်းသော်လည်း ဈေးမရရှိသည့်အနေအထား ပြောပြသည်။

ကြက်သွန် နုတ်ချိန် လုပ်အားခများ ဈေးကြီးခြင်း၊ ကြက်သွန်နုတ်ခတစ်ဦး ငွေကျပ် ၃၅၀၀ ပေးရကာ နုတ်ပြီးကြက်သွန်လှည်းများပေါ်တင်ရန် တစ်ဦးငွေကျပ် ၅၀၀၀ ပေးရပြီး ကြက်သွန်တိုက်ခလှည်းတစ်စီး နံနက်ပိုင်းတွင် ငွေကျပ် တစ်သောင်းပေးရကာ ကြက်သွန်အပင်(အမြိတ်) ဖြတ်ခ ၁၂ ပိဿာဝင် တောင်းတစ်တောင်း ငွေကျပ် ၁၀၀ ပေးရကြောင်း သိရသည်။

ပေါ်ဦးစကြက်သွန် တစ်ပိဿာ ငွေကျပ် ၇၀၀ ရောင်းချရပြီး စိုက်စရိတ်ထက် ဈေးလျော့ကျနေခြင်းကြောင့် တောင်သူများ ကြက်သွန်နုတ်ပြီး ရောင်းချချိန် အရှုံးပေါ်နေကြောင်း ကြက်သွန်စိုက် တောင်သူများထံမှ သိရသည်။



**ကိုထိန်(ငါ့သရောက်)**

# စိုက်ပျိုးရေးအတွက်အားထားစရာ ကတင်ကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ပြီးစီးတော့မည်



မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အတွင်း၌ စိုက်ပျိုးရေးအတွက် မြို့နယ်အတွင်းရှိ ဆည်ကန်များမှရေကို အဓိက အားထားရသည် ဖြစ်ရာ ကတင်ကန်သည်လည်း တစ်ခုအပါအဝင် ဖြစ်ပေသည်။ ထိုသို့စိုက်ပျိုးရေးအတွက် အားထားရသော ကတင်ကန်ကြီးအား သဲနုန်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ပြီးစီးတော့မည် ဟု သိရသည်။

ကတင်ကန်သည် ရမည်းသင်းမြို့နယ် ကတင်ကျေးရွာအနီးတွင်တည်ရှိပြီး ရွှေဒါးချောင်းပေါ်ရှိ ဘုမ္မရေလွှဲဆည်မှ တစ်ဆင့် ရေပင်းယူကာ ရေးမြန်မာမင်းများ လက်ထက်ကပင် ကျေးရွာလူထုအားဖြင့် ဆည်ဖို့ခဲ့သော ကန်ဖြစ်သည်။

အဆိုပါကန်မှာ နှစ်ကာလကြာမြင့်လာသည် နှင့်အမျှ ကန်အတွင်းချောင်းရေနှင့်အတူ မျောပါလာသည့် သဲနုန်းပို့ချပြီး တိမ်ကောလျက်ရှိသည့် အပြင် ကန်အတွင်း ရေသိုလှောင်နိုင်မှု လျော့နည်းခြင်း၊ စိုက်ပျိုးရေ ပေးဝေရာတွင် အခက်အခဲများနှင့် ကြုံတွေ့ခြင်း၊ ကန်ပေါင်အားနည်းခြင်းကြောင့် မကြာခဏ ကန်ပေါင်ကျိုးပျက်မှုများ ဖြစ်ပေါ်မှုကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိရုံး ရမည်းသင်းမြို့မှ ကတင်ကန် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ တိုင်းဒေသကြီး (သာမန်)ငွေစာရင်း ခေါင်းစဉ်အောက်မှ ကျခံဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။

ထိုသို့ ကတင်ကန်အတွင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းနှင့်အတူ ကန်ပေါင်အတွင်း အပြင်ပေါင် အားဖြည့်ခြင်းလုပ်ငန်း၊ ကန်ပေါင်အတွင်း ဆည်ရေလှိုင်းကာ ကျောက်ရိုးစီခြင်း၊ ရေထိန်းအဆောက်အအုံများနှင့် ရေတံခါးရွက်များ ပြန်လည်ပြုပြင်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများကိုလည်း ထည့်သွင်းဆောင်ရွက်လျက်ရှိရာ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဟု သိရသည်။

ကတင်ကန်မှရေထုတ်ပေါက်အမှတ် (၁၊ ၂၊ ၃) တို့ဖြင့် အင်ကြင်းကန်ရွာ၊ ရွှေဒါးသာစည်ရွာ၊ ကတင်ရွာ၊ အုံးသီးကွဲရွာ၊ သက်ငယ်ခြုံရွာရှိ ရေသောက် စိစစ် ၂၅၂၉ ဧက ကို နှစ်စဉ် မိုးစပါး၊ နွေစပါး၊ မိုးကြိုးဝါတို့ကိုစိုက်ပျိုးအောင်မြင်လျက်ရှိသည့်အပြင် သစ်ဆုံဆည်မှရွှေဒါးချောင်းသို့ ရေပို့လွှတ်ပြီး ကတင်ကန်မြို့သုံးမြောင်းမှ တစ်ဆင့် ရမည်းသင်းမြို့သုံးရေအဖြစ် ပေးဝေလျက်ရှိသည်ဟု သိရသည်။

ယခုကဲ့သို့ တိုင်းဒေသကြီးနှင့် အစိုးရမှ ကတင်ကန်သဲနုန်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ပေးခြင်းကြောင့် ကတင်ကန်အတွင်း ရေပိုမိုသိုလှောင်နိုင်ပြီး စိုက်ပျိုးရေပိုမိုရရှိခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း၊ မြို့လူထုအတွက် သန့်ရှင်းသော သုံးရေရရှိခြင်း၊ ကန်ပေါင်ရေရှည်တည်တံ့ခိုင်မြဲစေခြင်း၊ ရမည်းသင်းမြို့သုံးမြောင်းနှင့် ဆက်စပ်လျက်ရှိသည့် ကျေးရွာများသို့ သုံးရေပေးဝေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်သန်းတင့်**



## မြန်မာ့ကုလားပဲဈေးကွက်ဝေစု ၄ ဒသမ ၂၅ ရာခိုင်နှုန်းကျော် ရှိလာ

ကမ္ဘာ့ကုလားပဲ စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများတွင် ပဉ္စမမြောက် စိုက်ပျိုးမှုများသော မြန်မာနိုင်ငံသည် လက်ရှိဘဏ္ဍာနှစ်အတွင်း ကုလားပဲဈေးကွက်ဝေစု ၄ ဒသမ ၂၅ ရာခိုင်နှုန်းကျော် ရရှိလာကြောင်း ကုလားပဲ တင်ပို့ထုတ်လုပ်ရေး လုပ်ငန်းရှင်များ အစုအဖွဲ့မှ သိရသည်။

"အိန္ဒိယ၊ ပါကစ္စတန်၊ တူရကီ၊ အီသီယိုးပီးယား နိုင်ငံတွေပြီးရင် မြန်မာက ပဉ္စမမြောက် စိုက်ကေအများဆုံး ဖြစ်သလို အထွက်နှုန်းကလည်း အတူတူပဲ၊ မတ်ပဲ၊ ပဲတီစိမ်းနဲ့ ပဲစင်းငုံအစားထိုးသီးနှံအဖြစ် ကုလားပဲပြောင်းလဲစိုက်လာတော့ စိုက်ကေလည်း တိုးလာတယ်၊ တစ်ဧကအထွက်နှုန်းဟာ သာမန် ရာသီဥတုအတွက်ဆိုရင် တင်း ၂၀ နှုန်းထွက်တယ်၊ ရာသီဥတုဖောက်ရင်တော့ တစ်ဧကကို ၁၀ တင်း ကျော်ပဲ ထွက်တယ်" ဟု ဦးကျော်သောင်းထွန်းကပြောသည်။ အဓိကအားဖြင့် ကုလားပဲကို အိန္ဒိယ၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ယူအေအီး နိုင်ငံတို့ကို တင်ပို့နေကြောင်း သိရသည်။

"နှစ်စဉ် ကုလားပဲတန် တစ်သိန်းကျော်ပဲ ပို့နိုင်တာ၊ ကျန်တာ ပြည်တွင်းစားသုံးမှုများတယ်၊ နိုင်ငံအလိုက် ပို့တာကလည်း မြင့်တက်လာတယ်၊ ဒါပေမယ့် ပြည်တွင်းစားသုံးမှုများလို့ ပြည်ပကို လိုသလောက် မပို့နိုင်သေးဘူး၊ ပြည်ပကို များများပို့နိုင်မှုလည်း တောင်သူတွေ ဈေးကောင်းရလာနိုင်မယ်"ဟု ရန်ကုန်တိုင်းဒေသကြီးရှိ ကုလားပဲနှင့် ပဲပုပ်စေ့တင်ပို့ရောင်းချနေသူ ဒေါက်တာ ကျော်သက်ဦးက ပြောသည်။

ကုလားပဲ၏ ကမ္ဘာ့ဈေးကွက်ဝေစု ရရှိမှုမှာ ဩစတြေးလျမှ ၇၀ ရာခိုင်နှုန်း၊ ကနေဒါ ၄ ရာခိုင်နှုန်း၊ တန်ဇန်းနီးယားမှ ၁၀ ရာခိုင်နှုန်းနှင့် အမေရိကန်မှ ၃ ရာခိုင်နှုန်း တင်သွင်းကြောင်း သိရသည်။ နှစ်စဉ် ကုလားပဲကို ဒီဇင်ဘာလကုန်တွင် စိုက်ပျိုးပြီး မျိုးစေ့ကောင်းမွန်၍ ရာသီဥတုမျှတပါက တစ်ဧကလျှင် တင်း၂၀ အထိ အထွက်နှုန်းရှိရာ မျိုးစေ့အနေဖြင့် ရေဆင်းကုလားပဲနီ(အဖြူ)၊ ရွှေနီလုံးကြီးတို့ကို ပိုမိုစိုက်ပျိုးပြီး တစ်ဧကလျှင် အပင်တစ်သိန်းသုံးသောင်းကျော် ဖြစ်ထွန်းရန် လိုအပ်သည်ဟု သိရသည်။

မြန်မာနိုင်ငံတွင် ကုလားပဲကို အောက်တိုဘာ၊ နိုဝင်ဘာလတို့တွင် စိုက်ပျိုးကာ ဇန်နဝါရီမှ ဧပြီလအတွင်း ရိတ်သိမ်းကြပြီး ကုလားပဲကို စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဧကပေါင်း တစ်သိန်းကျော်အထိ စိုက်ပျိုးကြကြောင်း သိရသည်။

**ဇာလင်းသူ (AMIA)၊ ဓာတ်ပုံ- ကေဇူး (AMIA)**

## ယခုနှစ်တွင် ထိုင်းနိုင်ငံသို့ အုန်းသီးအလုံးရေ ရှစ်သောင်းကျော် တင်ပို့နိုင်ရန် မျှော်မှန်းထား

ယခုနှစ်တွင် ထိုင်းနိုင်ငံ ရနောင်းဘက်သို့ တနင်္သာရီနှင့် မွန်ပြည်နယ်များမှ ထွက်ရှိသည့် အုန်းသီးအလုံးရေ ရှစ်သောင်းကျော်အထိ တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း အုန်းသီးရောင်းဝယ်ရေး ကုန်သည်များက ပြောသည်။

"အရင်နှစ်ကထက် ပိုတင်ပို့မယ်ဆိုရင် ဈေးကွက်အရ ပို့လို့ရနိုင်မလားဆိုတာ ထိုင်းဘက်က ကုန်သည်တွေနဲ့ ဆွေးနွေးထားတာ အလုံးရေ ရှစ်သောင်း ပိုဝယ်ချင်တယ်လို့ အကြောင်းပြန်လာတော့ ကျွန်တော်တို့ဘက်က ပို့နိုင်ဖို့ပဲ ကြိုးစားရတော့မှာပါ၊ အုန်းသီးတစ်လုံးဈေးအနေနဲ့တော့ ငွေကျပ် ၅၀၀ က စရတယ်၊ ဒေသခံ ဆီကတော့ တစ်လုံး ငွေကျပ် ၃၀၀က စပေးပြီး ဝယ်တယ်"ဟု မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ အုန်းသီးတင်ပို့နေသူ ဦးအောင်ဆွေက ပြောသည်။

ယင်းကဲ့သို့ တင်ပို့နိုင်ရန်လည်း မွန်နှင့် တနင်္သာရီရှိကျေးရွာ ၇၀ ကျော်သို့ သွားရောက် ချိတ်ဆက်ခြင်း၊ ခူးဆွတ်ရန် လုပ်သားရှာခြင်းနှင့် ကြိုတင်စရိတ်ပေး ဝယ်ယူစုဆောင်းမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

"ပို့တာကတော့ ကုန်သည်တိုင်းက ပို့ကြမှာပါ၊ အုန်းသီးအလုံးရေ ရှစ်သောင်းဆိုတာ တစ်ဦးတစ်ယောက်ထဲ ကတော့ မဟုတ်ဘူးပေ့ါ၊ သူတို့ဘက်ကလည်း လိုအပ်လာတဲ့ ပမာဏကို ပြောတာပါ၊ ကျွန်တော်တို့ဆီကတော့ ထိုင်းဘက်ကို တန် ၂၀၀ ကနေ ၃၀၀ ကြားတော့ ပို့နေတာပဲ၊ သူတို့ဘက်က အလှ ကုန်ပစ္စည်းတွေနဲ့ ဟိုတယ်လုပ်ငန်းတွေမှာ အသုံးများတယ်" ဟု အုန်းသီးကုန်သည် ဦးနေလှိုင်မင်းက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံ ရနောင်းဘက်ကမ်းသို့ ၁၂ သန်းကျော် တန်ဖိုးရှိ အုန်းသီး ၆၅ တန်ခန့်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ၆၀ သန်းခန့် တန်ဖိုးရှိ အုန်းသီးတန်ချိန် ၃၀၀ နီးပါး၊ လက်ရှိ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၀၀ ကျော် ပို့ထားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အုန်းပင်များကို ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

**ဇာလင်းသူ (AMIA)**

## နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရန် ရေလွှဲဆည်ရေမြောင်း တိုးချဲ့တူးဖော်

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး ဥက္ကံမြို့ အရှေ့ဘက်ရှိ တဘူးလှဆည်မှ လက်ယာမြောင်း တစ်ခုဖြစ်သော ရေလွှဲမြောင်းကို နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်စေရန်နှင့် လက်ရှိစိုက်ပျိုးနေသော နွေစပါးခင်းများ စိုက်ပျိုးရေလုံလောက်စွာရရှိစေရန် ဥက္ကံရေလွှဲမြောင်းအား ချဲ့ထွင်ပြုပြင်ဆောင်ရွက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဥက္ကံသကြားစက်ရှေ့မှ ဖြတ်သန်းစီးဆင်းသောရေလွှဲမြောင်းမှ နွေစပါးစိုက် တောင်သူများ စိုက်ပျိုးရေကို နှစ်စဉ်အသုံးပြုလျက်ရှိသဖြင့် ဧက ၆၂၀၀ စိုက်ပျိုးရေလုံလောက်စွာရရှိစေရန် စမ်းရွာရေလွှဲဆည်မှ ဥက္ကံသကြားစက်အလွန် ရေခွဲအဆောက်အအုံအထိ ပေ ၁၆၂၀၀အရှည် ရေမြောင်းအား ထပ်မံချဲ့ထွင်တူးဖော်ရာ လုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး၍ အချောသပ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီလက်ယာမြောင်းမှာ ကောနေတဲ့အပိုင်းတွေကို ပြန်လည်တူးဖော်တာပါ၊ ဧက ငါးထောင်ဆိုရင် လက်ယာမြောင်းအဖြစ် သတ်မှတ်တယ်၊ တောင်သူတွေ စိုက်ပျိုးတဲ့အပေါ် မူတည်ပြီး ဧက အပြောင်းအလဲရှိတယ်၊ အခုစပါးဈေးကောင်းတော့ ဧကတွေတိုးတယ်၊ လယ်ယာမြေက ဧက ၆၂၀၀ ကို ရေပေးနေပါတယ်၊ လက်ဝဲမြောင်းက တိုက်ကြီးမြို့ တိုးဂိတ်အလွန်အထိ ရေရောက်ပါတယ်၊ နှစ်စဉ်မြောင်းတူးဖော်မှုကိုဆောင်ရွက်ပါတယ်" ဟု ဆည်မြောင်းဝန်ကြီးဌာန မြောက်ပိုင်း ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

အောက်တိုဘာလကုန်မှ မတ်လကုန်အထိ တဘူးလှဆည်မှတောင်သူတို့ နွေစပါးအတွက် စိုက်ပျိုးရေပို့လွှတ်ပေးလျက်ရှိရာ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့်စိုက်ပျိုးထားသော နွေစပါးခင်းများ စိုက်ပျိုးရေ အပြည့်အဝရရှိစေရန် မြေတူးစက်လေးစီးဖြင့် ရေလွှဲမြောင်းကို ချဲ့ထွင်တူးဖော်လျက်ရှိပြီး ယခုလအကုန်တွင် အချောသပ်ပြီးစီးမည်ဟု သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**



# လယ်ယာလုပ်သားရှားပါးသဖြင့် ကုလားပဲကို လက်ခစားစနစ်ဖြင့် အကျိုးတူရိတ်သိမ်းရန် ပြင်ဆင်နေ

**နေပြည်တော် မတ် ၂၅**
ကုလားပဲ စတင်ခူးဆွတ်ချိန်တွင် ဈေးကောင်းရရှိနေသော်လည်း လယ်ယာလုပ်သားများ ရှားပါးမှုနှင့် လုပ်အားခ ဈေးကြီးမြင့်နေမှုကြောင့် လုပ်သားရှားပါးမှု အခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် စိုက်ကေနည်း တောင်သူများအနေဖြင့် လက်ခစားစနစ်ဖြင့် အကျိုးတူရိတ်သိမ်းရန် ပြင်ဆင်နေကြောင်း ကုလားပဲစိုက်တောင်သူများထံမှ သိရသည်။

"ကုလားပဲဈေးနှုန်းက အမျိုးအစားအလိုက် တစ်တင်းကို ကျပ်ငါးသောင်းကျော် ရပေမယ့် ရွာမှာ ရိတ်သိမ်းပေးမယ့် လုပ်သားမရှိလို့ တော်တော်ကို ခက်ခဲနေတယ်၊ ရှိနေတဲ့လုပ်သားတွေကလည်း လက်ခစားစနစ်နဲ့ လုပ်မယ်ဆိုရင်သာ လုပ်ပေးမယ်ဆိုတော့ သုံးပုံပုံရင် တစ်ပုံနှုန်း သူတို့ကို ပေးရတာပေါ့၊ ဒါပေမယ့် ကေများတဲ့သူ ထွက်နှုန်းများတဲ့သူကြတော့ သုံးပုံတစ်ပုံနှုန်း မပေးဘဲနဲ့ ထွက်နှုန်း တစ်ဆယ်ကနေ နှစ်ဆယ်ကြား ရခဲ့ရင်တော့ သုံးတင်းနှုန်းနဲ့ အပြတ်ပေးတာတွေလည်း ရှိတယ်၊ တောင်သူတစ်ယောက်နဲ့ တစ်ယောက်တော့ လက်ခစားပေးတဲ့ တင်းအရေအတွက် ကွာတယ်၊ သူတို့ဘက်ကတော့ ယာခင်းထဲ ရိတ်သိမ်းတာကနေ ဖုန်၊ သဲ၊ ခဲ စွန့်ထုတ်တဲ့အထိ လုပ်ပေးရတယ်။ ရိတ်တာကနေ ဖုန်၊ သဲ၊ ခဲ ရှင်းထုတ်တဲ့အထိဆိုရင်တော့ ကိုးရက်လောက် ကြာတယ်၊ နေ့စားခ ပေးမယ်ဆိုရင်လည်း တစ်ရက်ကို ထမင်းတစ်နပ်ကျွေး ကျပ်ရှစ်ထောင် ပေးရတော့ တောင်သူတွေလည်း မြန်မြန်ပြီးနိုင်မယ့် လက်ခစားစနစ်ပဲ အသုံးပြုလာကြတယ်"ဟု နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ကုလားပဲစိုက်တောင်သူ ဦးကြည်စိုးက ပြောသည်။

လက်ရှိအချိန်တွင် ကျေးရွာများရှိ လယ်ယာလုပ်ကိုင်နိုင်သော လူငယ်များမှာ ထိုင်းနှင့် ကိုရီးယားနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မှု များပြားလာခြင်းကြောင့် လယ်ယာလုပ်သားရှားပါးလာခြင်းဖြစ်ကြောင်းလည်း ၎င်းက ဆိုသည်။

"တောင်သူတိုင်းတော့ လက်ခစားစနစ် မသုံးပါဘူး၊ စိုက်ကေနည်းတဲ့သူလောက်ပဲ သုံးတယ်၊ ကေများတဲ့သူတွေကတော့ စက်နဲ့ရိတ်တာတွေ ရှိတယ်၊ စက်ကတော့ အလုည့်ကျနဲ့ဆိုတော့ စောင့်ရတာကြာတယ်၊ အုပ်စုလိုက်မှာ စက်ကလည်း တစ်လုံးပဲရှိတော့ အဆင်မပြေဘူးဖြစ်နေလို့ မစောင့်နိုင်တဲ့တောင်သူတွေက လက်ခစားနဲ့ပဲ ရိတ်လိုက်ကြတာပါ၊ ရိတ်သိမ်းချိန်လွန်ရင်လည်း အထွက်နှုန်း ကျဆင်းတတ်တယ်၊ ကေများတဲ့ ယာခင်းတွေကိုတော့ ဦးစားပေး ရိတ်သိမ်းပေးတယ်"ဟု နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ တောင်သူဦးလှဝင်းက ပြောသည်။

ကုလားပဲကို မြန်မာနိုင်ငံတွင် အောက်တိုဘာ၊ နိုဝင်ဘာလတို့တွင် စိုက်ပျိုးပြီး ဇန်နဝါရီမှ ဧပြီလအတွင်း ရိတ်သိမ်းကြကာ အများဆုံးစိုက်ပျိုးသည့် ဒေသများမှာ စစ်ကိုင်း၊ ပဲခူး အနောက်၊ မကွေး၊ မန္တလေးနှင့် ဧရာဝတီ တိုင်းဒေသကြီးတို့ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မြန်မာ့ကုလားပဲများကို အိန္ဒိယ၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှားနှင့် ယူအေအီးနိုင်ငံများသို့ တင်ပို့နေပြီး လွန်ခဲ့သည့်နှစ်များအတွင်း ထုတ်လုပ်မှုအများစုကို ပြည်ပတင်ပို့ခဲ့သော်လည်း ယခုနှစ်တွင် တင်ပို့မှုကျဆင်းလာကြောင်း သိရသည်။

ကုလားပဲ၏ သက်တမ်းမှာ ရက် ၁၀၀ နှင့် ၁၂၀ ကြားရှိပြီး စိုက်ပျိုးချိန်မှစ၍ လေးလအကြာ မတ်လခန့်တွင် ရိတ်သိမ်းကြသည်။ အိန္ဒိယ ကုလားပဲမျိုးများသည် သက်တမ်း ၁၁၅ နှင့် ၁၂၅ ရက်ကြား၊ အီဂျစ်မျိုးများသည် ၁၄၀ နှင့် ၁၅၀ ကြား၊ မြန်မာ ကုလားပဲသည် ရက်ပေါင်း ၁၂၀ ခန့် စသည်ဖြင့် မျိုးအလိုက် ကွဲပြားခြားနားသကဲ့သို့ ကုလားပဲကို အချိန်စော၍ရိတ်သိမ်းပါက အစေ့များပိန်ရှုံ့ပြီး အမြင်မလှ၊ ဈေးကောင်းမရနိုင်ခြင်းကြောင့် တစ်ပင်လုံးဝါလာချိန် အရင့်အမှည့်လွန်မှသာ ရိတ်သိမ်းရန်နှင့် ထိုသို့ရိတ်သိမ်းပါက အလေအလွင့်နည်းပါးမည်ဖြစ်ကြောင်း ပညာရှင်များက သတိပေး ပြောကြားထားသည်။



**မြတ်သူ**(AMIA)၊ **ဓာတ်ပုံ- ကေဇူး**(AMIA)

# နေပြည်တော်တွင် မြေပဲစံပြစိုက်ကွက် ဧက ၄၀ ကျော်ကို ထိုင်ဝမ်နည်းဖြင့် စိုက်ပျိုးမည်

**နေပြည်တော် မတ် ၂၅**
နေပြည်တော်ရှိ မြို့နယ်များတွင် တောင်သူများစုပေါင်း၍ အထွက်နှုန်းမြင့်မားစေမည့် မြေပဲစံပြစိုက်ကွက် ဧက ၄၀ ကျော်ကို ထိုင်ဝမ်နည်းပညာ အစေ့ချဘောင်ဖော်စနစ်ဖြင့် စိုက်ပျိုးရန် စီစဉ်နေကြောင်း တောင်သူများက ပြောသည်။



"အရင်နှစ်က ထိုင်ဝမ်နည်းနဲ့ စမ်းသပ်စိုက်တာ တစ်ဧကကို တင်း ၉၀ ကျော် ထွက်ခဲ့တော့ အောင်မြင်တယ်လို့ ပြောလို့ရတယ်၊ ဒါကြောင့် ဒီနှစ် မိုးမြေပဲကို လယ်သမားတွေစုပေါင်းပြီးတော့ စံစိုက်ကွက်တစ်ခုရဲ့ အင်္ဂါရပ်တွေနဲ့အညီ စိုက်နိုင်အောင် ဆွေးနွေးညှိနှိုင်းနေတယ်၊ စိုက်မယ့်မျိုးစေ့ကိုလည်း အာမခံချက်ရှိတဲ့ ကုမ္ပဏီတစ်ခုဆီကနေ ဝယ်ဖို့ ဆွေးနွေးထားတယ်"ဟု တပ်ကုန်းမြို့နယ်အတွင်းရှိ တောင်သူဦးဝင်းညိုက ပြောသည်။

ယင်းကဲ့သို့ ပဲစံပြကွက်စိုက်ပျိုးရန် ယာခင်းများအား ဘောင်တင်ခြင်း၊ မြေပြုပြင်ခြင်း၊ မျိုးစေ့များ တူညီစွာရွေးချယ်ခြင်း၊ တောင်သူတစ်ဦးချင်း စိုက်ကေအလိုက်ပါဝင်ရန် စေ့ဆော်ခြင်းတို့ကို ဆောင်ရွက်နေပြီး ဆီစက်ပိုင်ရှင်များနှင့်ချိတ်ဆက်၍ ပေါ်ထွက်လာသည့်မြေပဲများ ရောင်းချနိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

"စိုက်တာကတော့ ရိုးရိုးရော စံပြအကွက်ရောပေါ့၊ နည်းပညာကတော့ စံစိုက်ကွက်စိုက်ဖူးတဲ့ တောင်သူဆီကပဲ ဖလှယ်ရမှာပေါ့၊ ဒီဘက်မှာ ရိုးရိုးမြေပဲစိုက်ရင် တစ်ဧကကို တင်း ၆၀ ကျော်တော့ ထွက်တယ်၊ ဒီဘက်မှာ လက်ခစားစနစ်နဲ့ပဲ ပေးတာဆိုတော့ မြေပဲတောင်းတစ်တင်း ခူးဆွတ်ပေးရင် သုံးပြည်နှုန်း ပြန်ပေးတယ်၊ ဒါကြောင့် မြေပဲစိုက်တာက လုပ်သားအခက်အခဲတော့မရှိဘူး၊ အိမ်မှာစားသုံးဖို့ လိုက်လံခူးဆွတ်ကြတာဆိုတော့ လုပ်သားမခက်ခဲဘူး"ဟု တပ်ကုန်းမြို့နယ် အင်ပင်ကျေးရွာရှိ တောင်သူဦးအောင်စိုးဦးက ပြောသည်။

မြေပဲကို ပြည်ပနိုင်ငံပေါင်း ၁၀ ခုသို့ နှစ်စဉ်တင်ပို့နေပြီး တရုတ်နှင့် ထိုင်းနိုင်ငံသို့ နှစ်စဉ် တန်ချိန် ရှစ်သောင်းကျော်အထိ တင်ပို့နေကြောင်း၊ လက်ရှိတွင် မြန်မာ့မြေပဲကို တရုတ်နှင့် ထိုင်းနိုင်ငံမှ ဝယ်လိုအားကောင်းနေပြီး ပိုမိုဝယ်ယူရန် ကမ်းလှမ်းမှုများ ရှိနေကြောင်းသိရသည်။

မြေပဲကို အာရှနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အများအပြား စိုက်ပျိုးကြပြီး မြန်မာနိုင်ငံတွင် မြေပဲအစိုက်အများဆုံး ဒေသများမှာ မကွေးတိုင်းဒေသကြီးတွင် မင်းဘူးမြို့၊ စလင်းမြို့၊ ပခုက္ကူမြို့၊ ရေစကြိုမြို့နှင့် မြောင်မြို့တို့ ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးမှ အင်ပင်၊ ကြံခင်း၊ မြန်အောင်မြို့တို့တွင်လည်း အများအပြားစိုက်ပျိုးသည်။

မြန်မာနိုင်ငံတွင် မြေပဲ၊ နှမ်းနှင့် နေကြာတို့ကို ဆီထွက်သီးနှံအဖြစ် အဓိကစိုက်ပျိုးနေပြီး ယခင်က တစ်ဧကလျှင် တင်း ၅၀ မှ ၆၀ ကြားသာ ထွက်ရှိသည့်မျိုးများကို စိုက်ပျိုးခဲ့ရာမှ ယခုအခါ တစ်ဧကလျှင် တင်း ၁၀၀ အထိထွက်သည့် ပဲမျိုးများကို တောင်သူအများစု စိုက်ပျိုးနေပြီဖြစ်သည်။ လက်ရှိ မြေပဲဈေးကွက်တွင် ဒိုင်သွင်းဈေး မြေပဲအတောင့် တစ်ပိဿာလျှင် ကျပ် ၁၃၀၀မှ ကျပ် ၁၅၀၀ ရှိကြောင်း သိရသည်။

**ဇာလင်းသူ**(AMIA)၊ **ဓာတ်ပုံ- ကေဇူး**(AMIA)

## တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်

**(မတ် ၁၉ ရက်မှ ၂၃ ရက်အထိ)**

**မတ်ပဲ** (FAQ/RC)

မတ်ပဲကတော့ ဒီတစ်ပတ်မှာ ဈေးအနည်းငယ် အပြောင်းအလဲ ရှိပါတယ်။ ပြည်ပတင်ပို့မှုများတဲ့နေ့မှာ ဈေးအနည်းငယ်တက်ပြီး တင်ပို့မှုနည်းတဲ့နေ့ဆို ဈေးအနည်းငယ်ကျဆင်းသွားပါတယ်။ တင်ပို့မှုမှာ ၂၀၁၈ ပဲအသစ်တွေလည်း ပါဝင်တဲ့အတွက်ကြောင့် ပဲအသစ်တွေကတော့ ပဲအဟောင်းထက် ဈေးကောင်းရနေပါတယ်။

မြန်မာအစိုးရက ဒီတစ်ပတ်မှာ အိန္ဒိယနိုင်ငံအစိုးရကို မတ်ပဲနဲ့ ပဲစင်းငုံနီ တန်ချိန်တိုးဝယ်ဖို့အတွက် စာတင်ထားတယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ဩဂုတ်လလောက်မှာ အိန္ဒိယအစိုးရက ပဲတန်ချိန် ကန့်သတ်လိုက်ကတည်းကစပြီး ပြည်တွင်းပဲဈေးကွက်က မထင်မှတ်လောက်အောင် ကျဆင်းသွားတာကြောင့် ကုန်သည်တွေ တောင်သူတွေ ထိခိုက်နစ်နာမှု အများအပြား ဖြစ်ပွားခဲ့ပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ ပဲလက်ကျန်တွေ ကျန်နေတာဖြစ်တဲ့အတွက် လျှော့ချဝယ်ယူခဲ့ပြီး ယခုနှစ်မှာလည်း ထပ်ပြီး လျှော့ချနိုင်ဖွယ် အခြေအနေတွေ ရှိနေပါတယ်။ ထပ်ပြီး တင်သွင်းမယ်ဆိုရင် လက်ကျန်ပဲ အများအပြား ကျန်ရှိနေမှာကို ကုန်သည်တွေက စိုးရိမ်ပြီး မြန်မာမတ်ပဲဈေးဟာ အလွန်သက်သာနေတဲ့အတွက် တောင်သူတွေမှာ ထိခိုက်မှုတွေရှိနိုင်တယ်လို့လည်း စိုးရိမ်မှုများ ရှိနေပါတယ်။

မုံရွာကုန်စည်ဒိုင်မှာတော့ မတ်ပဲက တစ်တင်းကို ၁၅၅၀၀ နဲ့ တစ်တင်းမှာ ၂၀၀ ကျပ်လောက် ဈေးတက်လာပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာတော့ တစ်အိတ်ကို ကျပ် ၄၅၀၀၀ ရှိပြီး တစ်အိတ်မှာ ၁၅၀၀ ကျပ် ဈေးတက်လာပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၅၈၀၀ ရှိပြီး ၄၀၀ ကျပ်လောက် ဈေးကျဆင်းသွားပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကလည်း ဈေးအတက်အကျ အနည်းငယ်သာ ပြောင်းလဲမှုရှိပါတယ်။ ပဲအသစ်တွေ စပေါ်ချိန်က ပဲအဟောင်းထက် ဈေးပိုရခဲ့ပေမယ့် လက်ရှိမှာတော့ ပဲအသစ်တွေက ဈေးကျဆင်းသွားပြီး ပဲအဟောင်းတွေက ဈေးအနည်းငယ် ပိုရနေတာကို တွေ့ရပါတယ်။ ပဲစင်းငုံကတော့ နယ်ကုန်စည်ဒိုင်တွေမှာ ရက်ခြား ရောင်းဝယ်မှုသာရှိတယ်လို့လည်း သိရပါတယ်။

ပဲစင်းငုံနီကိုလည်း တန်ချိန် လေးသိန်းအထိ တိုးဝယ်ဖို့ မြန်မာအစိုးရက အိန္ဒိယအစိုးရကို တောင်းဆိုထားပါတယ်။ ပဲစင်းငုံနီက နယ်ကုန်စည်ဒိုင်တွေမှာ အဝယ်မလိုက်တဲ့အတွက် ဈေးကျဆင်းသွားပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ တစ်တင်းကို ၁၀၅၀၀ ကျပ်၊ ပခုက္ကူကုန်စည်ဒိုင်မှာ တစ်တင်းကို ၉၀၀၀ ကျပ်နဲ့ ပြည်ကုန်စည်ဒိုင်မှာ ၁၁၀၀၀ ကျပ်နှုန်းရှိပြီး တစ်တင်းမှာ ကျပ် ၂၀၀ မှ ၅၀၀ အထိ အသီးသီး ဈေးကျဆင်းသွားပါတယ်။

**ကုလားပဲ**

ကုလားပဲက ဒီတစ်ပတ်ထဲမှာ ဈေးကျဆင်းသွားပါတယ်။ ဆောင်းသီးနှံ ကုလားပဲအသစ်တွေက ဆက်တိုက်ကို ဝင်ရောက်နေတဲ့အတွက် အဝယ်သွက်ပြီး ဈေးကျဆင်းနေခဲ့ပါတယ်။ ဈေးက နှစ်ပတ်ဆက်တိုက် ကျဆင်းနေခဲ့တာလည်း ဖြစ်ပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ ကုလားပဲဝါ/ပဲဖြူ (အကြီး၊အသေး)က တစ်တင်းကို ကျပ် ၂၂၀၀၀ ကနေ ၂၄၇၀၀ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ၁၅၀၀ ကျပ်လောက် ဈေးကျဆင်းသွားခဲ့ပါတယ်။ မြင်းခြံမှာတော့ တစ်တင်းကို ကျပ် ၂၃၅၀၀ ကနေ ၂၈၀၀၀ အထိ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ် ၃၀၀ ခန့် ဈေးတက်လာပါတယ်။ ပခုက္ကူကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၂၅၀၀၀ ရှိပြီး ၁၀၀၀ ကျော် ဈေးကျဆင်းသွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၂၄၀၀၀ ကနေ ၂၅၅၀၀ ရှိပြီး ၂၀၀၀ ကျပ်ခန့် ဈေးကျဆင်းသွားပါတယ်။ ကုလားပဲ အဝါထက် အဖြူက လက်ရှိမှာ ဈေးပိုရနေပါတယ်။

ကုလားပဲက ဈေးကျဆင်းနေပေမယ့် လက်ရှိမှာ ပဲကြီးပြီးရင် ဒုတိယဈေးအမြင့်ဆုံး ရရှိနေတဲ့ပဲအမျိုးအစား ဖြစ်ပါတယ်။

**ပဲကြီး**

ပြီးခဲ့တဲ့အပတ်ကတည်းက ဈေးကျဆင်းနေတဲ့ ပဲကြီးကတော့ ဒီတစ်ပတ်မှာလည်း ဈေးကျဆင်းနေပါတယ်။ နေ့စဉ် ပဲအဝင်ဆက်တိုက်ရှိနေပြီး အရောင်းသွက်နေပေမယ့် ဈေးကျဆင်းနေခဲ့တာ ဖြစ်ပါတယ်။ ပဲကြီးကတော့ ပဲတွေထဲမှာ ဈေးအမြင့်ဆုံးရရှိနေတဲ့ပဲ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တုန်းက တစ်တင်းကို ကျပ် ၇၀၀၀၀ နီးပါးအထိ ဈေးရရှိခဲ့တဲ့ ပဲအဟောင်းဈေးကို မမီပေမယ့် လက်ရှိ ပြည်တွင်းဈေးကွက်ထဲမှာ ပဲအားလုံးထက်ပိုပြီး အမြင့်ဆုံးဈေး ရရှိနေတာလည်း ဖြစ်ပါတယ်။ အဓိကအားဖြင့် ပန်းတောင်း၊ ကျီးသဲ၊ ပြည်၊ အောင်လံ နယ်တွေကတစ်ဆင့် ဝင်ရောက်နေပြီး ရန်ကုန်၊ မန္တလေး ဝယ်လက်တွေကိုပါ ရောင်းနေရကြောင်း သိရပါတယ်။

မုံရွာကုန်စည်ဒိုင်မှာ ပဲကြီးတစ်တင်းကို ကျပ် ၃၃၀၀၀ ကျော် ပေါက်ဈေးရှိပြီး တစ်တင်းမှာ ကျပ် ၄၀၀၀ လောက် ဈေးကျဆင်းသွားပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း တစ်တင်းကို ကျပ် ၃၆၅၀၀ ကနေ ၃၈၀၀၀ အထိ ပေါက်ဈေးရှိပြီး တစ်တင်းမှာ ၄၀၀၀ ကျပ်လောက် ဈေးကျဆင်းသွားပါတယ်။ ပခုက္ကူမှာတော့ တစ်ပိဿာကို ကျပ် ၁၇၀၀ ကျော်ရှိပြီး တစ်ပိဿာမှာ ကျပ် ၁၀၀ လောက် ဈေးကျဆင်းသွားပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ မြို့နယ်စုံက နေ့စဉ် အဝင်ရှိနေပြီး အရောင်းအဝယ်လည်း သွက်နေပါတယ်။ ကုန်စည်ဒိုင်တစ်ခုကို တစ်နေ့ အိတ်ပေါင်း ၄၀၀ အထိ အဝင်ရှိနေတာကြောင့် အရောင်းအဝယ်ကောင်းပေမယ့် ဈေးက တဖြည်းဖြည်း ကျဆင်းသွားခဲ့ပါတယ်။ မြင်းခြံကုန်စည်ဒိုင်မှာ ကြက်သွန်နီတစ်ပိဿာကို ၃၅၀ ကနေ ၇၂၅ ကျပ်ရှိပြီး ၂၅ ကျပ်ခန့် ဈေးကျပါတယ်။ နေပြည်တော်မှာ ၄၂၅ ကျပ်ကနေ ၆၂၅ ကျပ်ရှိပြီး ၁၀၀ ကျပ်ခန့်၊ ပြည်ကုန်စည်ဒိုင်မှာတော့ ၆၀၀ ကနေ ၇၅၀ ကျပ်ကြားရှိပြီး ၁၀၀ ကျပ်ခန့် အသီးသီး ဈေးကျဆင်းသွားပါတယ်။ ရန်ကုန်ကုန်စည်ဒိုင်မှာလည်း မြို့နယ်ပေါင်းစုံကဝင်နေတဲ့ ကြက်သွန်နီက တစ်ပိဿာကို ကျပ် ၅၅၀ ကနေ ၁၁၅၀ အထိရှိပြီး တစ်ပတ်အတွင်းမှာ ကျပ် ၂၀၀ ကျော် ဈေးကျဆင်းသွားပါတယ်။ နေပြည်တော်ကုန်စည်ဒိုင်မှာတော့ တစ်ပိဿာကို ကျပ် ၁၂၀၀ ကနေ ၁၅၀၀ ကြားရှိနေပြီး တစ်ပိဿာမှာ ကျပ် ၁၀၀ ကျော် ဈေးတက်လာပါတယ်။

**ကြက်သွန်ဖြူ**

လက်ရှိမှာ ရှမ်းကြက်သွန်ဖြူတွေ အသစ်ဝင်ရောက်လာပြီး အစိုဓာတ်များတဲ့အတွက် အရည်အသွေးပိုင်းမှာ အားနည်းနေသလို ဈေးကလည်း တစ်ပိဿာမှာ ကျပ် ၅၀၀ နီးပါး ကျဆင်းသွားပါတယ်။ လက်ရှိဈေးနှုန်းတွေကတော့ နေပြည်တော်ကုန်စည်ဒိုင်မှာ တစ်ပိဿာကို ကျပ် ၂၀၀၀၊ ရန်ကုန်မှာ တစ်ပိဿာကို ကျပ် ၁၁၀၀ ကနေ ၁၈၀၀ နဲ့ ပြည်ကုန်စည်ဒိုင်မှာ တစ်ပိဿာကို ၁၅၀၀ ကျပ်ဝန်းကျင် ရှိနေပြီး တစ်ပိဿာမှာ ကျပ် ၅၀၀ ခန့် ဈေးကျဆင်းသွားခဲ့တာဖြစ်ပါတယ်။

**ဝတ်ရည်မွန်**(AMIA)

# ကျွန်တော်နဲ့ လောဘ၊ ဒေါသ၊ မောဟ



## ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

လောဘ၊ ဒေါသ၊ မောဟ ဒီမီးတွေငြိမ်းရင် အေးချမ်းမှုရမယ်ဆိုတာ ကျွန်တော်တို့ သိနားလည်ကြတယ်။ ဒါကြောင့်လည်း ငြိမ်းအောင်လည်း ကြိုးစားအားထုတ်နေကြတယ်။ ကျွန်တော့်အနေနဲ့ ကိုယ့်ကိုယ်ကိုယ်ဆန်းစစ်တော့ ဒီမီးသုံးရပ် မငြိမ်းတာတွေ့ရတယ်။ ကြိုးစားပေမယ့် မအောင်မြင်ပါဘူး။

**အချမ်းသာဆုံးနိုင်ငံ**

လောဘနဲ့ ပတ်သက်လို့ ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာမှု၊ ကျော်ကြားမှု၊ ရာထူးဂုဏ် ဒါတွေနဲ့ပတ်သက်လာရင် ကျွန်တော် စိတ်ဝင်စားမှု မရှိဘူး။ မမက်မောဘူး။ ခေါင်းထဲမှာ မရှိဘူး။ ဘာဖြစ်ရမယ်၊ ဘာလိုချင်တယ် ဆိုတာကိုလည်း အချိန်ကုန်မစဉ်းစားမိဘူး။ ဒါပေမယ့် ကျွန်တော် လောဘနဲ့မကင်းဘူး။ မချုပ်နိုင်ဘူး။ ကျွန်တော့်လောဘက မြန်မာနိုင်ငံကို တိုးတက်စေချင်တယ်။ ချမ်းသာစေချင်တယ်။ တစ်ချိန်က မြန်မာဟာ အရှေ့တောင်အာရှမှာ အချမ်းသာဆုံးနိုင်ငံ၊ အင်ဒိုနီးရှားရဲ့ ဝင်ငွေထက် လေးဆများတယ်။ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းကလည်း မြင့်မားလှတယ်။ အိမ်နီးနားချင်းနိုင်ငံတွေက အားကျခဲ့ရတယ်။ ဒါပေမယ့် ၁၉၈၇ ခုနှစ်မှာ အဆင်းရဲတကာ့ အဆင်းရဲဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့တယ်။ စီးပွားရေးပေတံအရသာမက လူမှုရေးပေတံ၊ ပညာရေးပေတံ၊ ကျန်းမာရေးပေတံနဲ့ တိုင်းတာရင် အဘက်ဘက်မှာ ကျဆင်းခဲ့တယ်။ ဒါကြောင့် ကျွန်တော့်ရဲ့လောဘက ကိုယ့်နိုင်ငံ သူများထက် သာစေချင်တယ်၊ အောင်မြင်စေချင်တယ်။ နိုင်ငံအတိုင်းအတာအတွက်သာမက ပြည်တွင်းမှာရှိတဲ့ အဖွဲ့အစည်းတွေ၊ လုပ်ငန်းတွေ၊ ကုမ္ပဏီတွေ အောင်မြင်စေချင်တယ်၊ ထက်မြက်စေချင်တယ်။

အခုချိန်မှာ အစိုးရအဖွဲ့အစည်းတွေ နှေးကွေးနေကြတယ်။ အမှားလုပ်ရမှာ ကြောက်နေကြတယ်။ အမှားမဖြစ်အောင် ဘာမှမလုပ်ကြတော့ဘူး။ အလုပ်များတာကို ကျေနပ်နေကြတယ်။ ဂုဏ်ယူနေကြတယ်။ အမှန်တော့ အလုပ်များတာနဲ့ ရလဒ်ရတာက မတူဘူး။ အရေးပေါ်အလုပ်တွေနဲ့ ပိနေတာမို့ အရေးကြီးတာတွေ မလုပ်ဖြစ်ကြဘူး။ ပြန်လည်သုံးသပ်မှု၊ ဆန်းစစ်မှု မလုပ်နိုင်ဘဲ ရှေ့ပဲတိုးနေကြတာ။ အလုပ်တွေကို မခက် ခက်အောင် လုပ်ကြတယ်။ မြန်အောင်၊ သွက်အောင် အာရုံစိုက်တာထက် မမှားအောင် ဂရုထားနေကြတော့ မလိုအပ်တဲ့ လုပ်ထုံးလုပ်နည်းတွေကို ရဲရဲဝံ့ဝံ့ ဖျက်သင့်တယ်။ ကြိုးနီစနစ်ကို မီးရှို့ပစ်ရမယ်။ အစိုးရဝန်ထမ်းတွေဟာ ထက်မြက်ရမယ်။ အရည်အချင်းရှိရမယ်။ လုပ်သက်တစ်ခုကို အခြေခံပြီး ရာထူးတိုးတဲ့စနစ်ကို ပြန်လည်စဉ်းစားသင့်တယ်။ တော်တဲ့သူ၊ ထူးချွန်တဲ့သူတွေကို အားပေးရမယ်။ ပုံစံခွက်ကို ရိုက်ခွဲပစ်ဖို့လိုတယ်။ အရာရာကို အထက်တင်ပြတဲ့အကျင့်ကို ပြင်ရမယ်။ တာဝန်ယူ တာဝန်ခံရဲရမယ်။ အလုပ်ထွက်ရဲတဲ့ ဝန်ထမ်းများများရှိဖို့ လိုအပ်တယ်။ အစိုးရဦးစီးနေတဲ့ စီးပွားရေးလုပ်ငန်းတွေ အမြတ်ရဖို့လိုတယ်။ နှစ်အဆက်ဆက် အရှုံးပေါ်နေလို့ မဖြစ်ပါဘူး။

**ပို့ကုန်ကို အခြေခံတဲ့ စီးပွားရေးစနစ်**

ပုဂ္ဂလိကလုပ်ငန်းတွေနဲ့ပတ်သက်လာရင် ကျွန်တော့်ရဲ့ လောဘက ဒေသဈေးကွက်၊ ကမ္ဘာ့ဈေးကွက်ကို ထိုးဖောက်နိုင်အောင် ကြိုးစားစေချင်တယ်။ ပြည်တွင်းမှာလည်း တာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းတွေ ဖြစ်စေချင်တယ်။

၂၀၁၈ ခုနှစ်မှာ အသက်ဝင်လာမယ့် အာဆီယံစီးပွားရေးအသိုင်းအဝိုင်းရဲ့ အခွင့်အရေးတွေကို ယူတတ်ဖို့ လိုပါလိမ့်မယ်။

> **“အမှန်တော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ စီးပွားရေးကို ဖွင့်ထားဖို့လိုတယ်၊ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုရမယ်၊ သူတို့ဆီက နည်းပညာတွေရအောင် ယူရမှာဖြစ်တယ်။ အခုတော့ အချို့လုပ်ငန်းရှင်တွေက အကာအကွယ်ပေးပါဆိုပြီး တစာစာတောင်းဆိုနေကြတယ်။ ယှဉ်ပြိုင်မှုကို မလိုလားကြ”**

ကွယ်လွန်သွားပြီဖြစ်တဲ့ ဆရာကြီး ဒေါက်တာလှမြင့်က ၁၉၆၀ ပြည့်နှစ်က လွတ်လပ်ရေးရပြီးစ နိုင်ငံတွေကို “အပြင်ကြည့်” ဖို့ တိုက်တွန်းခဲ့ပါတယ်။ အဓိပ္ပာယ်က နိုင်ငံတွေ တိုးတက်ဖွံ့ဖြိုးဖို့ ပို့ကုန်ကို အခြေခံတဲ့ စီးပွားရေးစနစ် တည်ဆောက်ဖို့ဖြစ်တယ်။ ဆရာကြီးရဲ့အကြံပြုချက်ကို စင်ကာပူနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံတို့က လက်ခံခဲ့ပြီး ကမ္ဘာ့ဈေးကွက်မှာ ဝင်ရောက်ခဲ့ကြတယ်။ ဒီလိုဆောင်ရွက်ချိန်မှာ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်နေတဲ့ ကျွန်တော်တို့နိုင်ငံကတော့ “အတွင်းကြည့်” ပုံစံကို သုံးခဲ့တယ်။ သွင်းကုန်အစားထိုးတဲ့ မဟာဗျူဟာတွေကို ဖော်ထုတ်ခဲ့တယ်။ အမှန်တော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ စီးပွားရေးကို ဖွင့်ထားဖို့လိုတယ်။ နိုင်ငံတကာက ရင်းနှီးမြှုပ်နှံမှုတွေကို ကြိုဆိုရမယ်။ သူတို့ဆီက နည်းပညာတွေရအောင် ယူရမှာဖြစ်တယ်။ အခုတော့ အချို့လုပ်ငန်းရှင်တွေက အကာအကွယ်ပေးပါဆိုပြီး တစာစာတောင်းဆိုနေကြတယ်။ ယှဉ်ပြိုင်မှုကို မလိုလားကြဘူး။ အမျိုးသားအကျိုးစီးပွားရေးဆိုတဲ့ ဆောင်ပုဒ်ကို တွင်တွင်သုံးပြီး ကန့်ကွက်နေကြတာ တွေ့ရတယ်။ ဒီအတွေးအမြင်တွေဟာ (၂၁) ရာစုနဲ့ မကိုက်ညီတော့ပါဘူး။ အရေးကြီးတာက “မြေညီကွင်း” ဖြစ်ဖို့သာ လိုအပ်ပါတယ်။ ယှဉ်ပြိုင်မှုဟာ တရားရမယ်၊ ပွင့်လင်းမြင်သာရမယ်။ ပြည်တွင်းကုမ္ပဏီဖြစ်တာမို့ မျက်နှာလိုက်တာ၊ ညှာတာတို့ မဖြစ်သင့်ဘူး၊ စီးပွားရေးလုပ်ငန်းတွေဟာ စနစ်တကျ ကျစ်ကျစ်လျစ်လျစ်စီမံအုပ်ချုပ်ဖို့ လိုအပ်တယ်။ ကောင်းမွန်သော စီမံအုပ်ချုပ်မှုကို အသက်သွင်းရမှာဖြစ်တယ်။ စီးပွားရေးလုပ်ငန်းတွေဟာ စားသုံးသူတွေရဲ့ မျက်နှာကို ကြည့်စေချင်တယ်။ အမြတ်ရရှိရေးဟာ အရေးကြီးသလို ဝန်ထမ်းတွေ၊ ဖောက်သည်တွေ၊ ရင်းနှီးမြှုပ်နှံသူတွေရဲ့ အကျိုးကိုလည်း စောင့်ရှောက်ရမှာဖြစ်တယ်။ ပတ်ဝန်းကျင်ကိုလည်း ကာကွယ်ထိန်းသိမ်းရမယ်။

အဖွဲ့အစည်းတွေအနက် အရပ်ဘက်လူ့အဖွဲ့အစည်းတွေဟာလည်း အရေးကြီးလှတယ်။ ကျွန်တော့်ရဲ့ လောဘကတော့ ဒီအဖွဲ့အစည်းတွေဟာ တာဝန်ယူ၊ တာဝန်ခံဖို့ လိုအပ်တယ်။ တစ်ချိန်က အရပ်ဘက်လူ့အဖွဲ့အစည်းတွေဟာ ပြင်ပအထောက်အပံ့တွေ အားကိုးပြီး အလုပ်တွေလုပ်ခဲ့ကြတယ်။ ရှိနေတဲ့ အစိုးရကို ကန့်ကွက်ခဲ့တယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေ ပြင်ပနိုင်ငံတွေကလည်း ဒီမိုကရေစီပေါ်ပေါက်ဖို့အတွက် အာရုံစိုက်ခဲ့ကြပြီး အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ လက်တွဲခဲ့ကြတယ်။ ၂၀၁၅ ခုနှစ်ကစပြီး ပြည်သူရွေးချယ်ခြင်းခံရတဲ့ အစိုးရပေါ်ပေါက်လာတဲ့အချိန်ကစပြီး ချဉ်းကပ်မှုပုံစံတွေ ပြောင်းလဲဖို့လိုအပ်ပါတယ်။ အစိုးရလုပ်သမျှ ကန့်ကွက်ရမယ်ဆိုတဲ့ အယူအဆနေရာမှာ ပြည်သူ့အကျိုးအတွက် အစိုးရနဲ့ ဘယ်လိုတွဲဖက်လုပ်သင့်သလဲဆိုတာကို ဖော်ထုတ်ရမှာ ဖြစ်တယ်။ အထောက်အပံ့အကူအညီကို အားကိုးမယ့်အစား စဉ်ဆက်မပြတ်လှုပ်ရှားနိုင်ဖို့ လူမှုစီးပွားရေးအဖွဲ့အစည်းတွေအဖြစ် ပြောင်းလဲသင့်ပါတယ်။ ကျွန်တော့်အနေနဲ့ လူငယ်တွေနဲ့ ပတ်သက်ပြီး လောဘကြီးပါတယ်။ သူတို့ကို အားကိုးတယ်၊ ယုံကြည်တယ်။ သူတို့တစ်တွေဟာ တိုင်းပြည်ရဲ့ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွေမှာ တက်တက်ကြွကြွ ပါဝင်စေချင်တယ်။ တက်ကြွတဲ့နိုင်ငံသားတွေ ဖြစ်စေချင်တယ်။ အသိတရားကို အခြေပြုတဲ့ စီးပွားရေးဘဝမှာ ပါဝင်လှုပ်ရှားစေချင်တယ်။ ခေတ်မီနည်းပညာတွေကို သုံးပြီး တိုင်းပြုပြည်ပြုအလုပ်တွေမှာ ရှေ့တန်းက ပါဝင်စေချင်ပါတယ်။

**အဂတိလိုက်စားမှု**

ကျွန်တော် ဒေါသထွက်တာ၊ စိတ်ဆိုးတာ အင်မတန်ရှားပါတယ်၊ အရာရာကို နားလည်နိုင်အောင် ကြိုးစားတယ်၊ ခွင့်လွှတ်နိုင်စိတ်မွေးပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ ဒေါသကို မထိန်းနိုင်တဲ့ ကိစ္စတွေလည်း ရှိပါတယ်။ မတရားတွေ လုပ်နေတာတွေ့ရရင် ဒေါသမထိန်းနိုင်ပါဘူး။ မဟုတ်တာတွေကို ရေးနေတာတွေ ဖတ်ရရင် ဒေါသမထိန်းနိုင်ပါဘူး။ အမုန်းတရားတွေပွားအောင်လုပ်နေတာတွေ မြင်ရရင် ဒေါသမထိန်းနိုင်ပါဘူး။ သက်ငယ်မုဒိမ်းမှုတွေအကြောင်းကြားရရင် ဒေါသမထိန်းနိုင်ပါဘူး။ ကြီးနိုင်ငယ်ညှဉ်းလုပ်နေတာမြင်ရရင် ဒေါသမထိန်းနိုင်ပါဘူး။ ဆရာဝန်တွေက လူနာတွေကို မချေမငံဆက်ဆံနေတာတွေ့ရင် ကျွန်တော်ဒေါသထွက်ရပါတယ်။ တရားတာနဲ့ မတရားတာက ရှင်းနေတာပါပဲ။ မတရားတာကို လက်ခံစရာအကြောင်း ဘာမှမရှိပါဘူး။

အဂတိလိုက်စားမှုတွေကြောင့် မဟုတ်တာလုပ်ပြီး မတရားချမ်းသာနေတာတွေ့ရင် ဒေါသဖြစ်ရပါတယ်။ ရတဲ့ဝင်ငွေနဲ့ ပိုင်ဆိုင်မှု လုံးဝမညီညွတ်ရင် ဒေါသဖြစ်ရပါတယ်။ မိမိမှာရှိတဲ့ အခွင့်အာဏာကို အလွဲသုံးစားလုပ်တာကို ဒေါသထွက်ရပါတယ်။ ပညာရေးစနစ်ကို အစအဆုံးဖျက်ဆီးခဲ့တာကို ကြည့်ပြီး ဒေါသဖြစ်ရပါတယ်။ ကျန်းမာရေးလောကကြီး ပျက်စီးနေတာ မြင်ရတာကိုလည်း ဒေါသဖြစ်ရပါတယ်။ ဒါတွေနဲ့ ပတ်သက်ပြီး ဒေါသမထွက်သင့်ဘူးလို့ ကျွန်တော့်ကို မဆုံးမပါနဲ့လို့ တောင်းပန်ချင်ပါတယ်။

**လက်ခံစရာမရှိ**

မောဟရှိသလားလို့မေးရင် ရှိပါတယ်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိပါတယ်။ ကိုယ့်ရဲ့ကြိုးစားမှုရဲ့ရလဒ်ကို ကျေနပ်မိပါတယ်။ ဒါပေမယ့် အခုချိန်မှာ မတရားသောနည်းနဲ့ ဘွဲ့အတုတွေ ယူတာတွေ့ပြီး မောဟဖြစ်ရတယ်။ မရှိတာကိုရှိအောင် ဟန်ဆောင်နေကြတာကို အံ့သြမိပါတယ်။ တစ်ချိန်တုန်းက ဒီလုပ်ရပ်တွေက အနည်းစုဖြစ်တယ်။ အခုတော့ နေရာတိုင်းမှာ တွေ့နေရတယ်။ မရှက်ကြ၊ မကြောက်ကြဘူး ထင်ပါရဲ့။ ပြောင်လုပ်နေကြတယ်။ လုပ်တယ်လူလည်းရှိသလို လက်ခံတဲ့သူတွေမှာလည်း အပြစ်ရှိတယ်လို့ ယူဆမိပါတယ်။ သူများကို အထင်မသေးအောင် ကြိုးစားပေမယ့် အခုလို အတုအယောင်တွေနဲ့ ပတ်သက်လို့တော့ လက်ခံစရာမရှိပါဘူး။

ကျွန်တော့်ရဲ့ လောဘ၊ ဒေါသ၊ မောဟတွေကို လျှော့နိုင်အောင်၊ ပပျောက်အောင် ဆက်ပြီး ကြိုးစားရမှာသာဖြစ်တယ်။ ဒါပေမယ့် လွယ်မယ့် အလုပ်တော့မဟုတ်ပါဘူး။ ။



## ကျောက်ပန်းတောင်း-မန္တလေး အသွားအပြန်ခရီး အသက် ၇၈ နှစ် အဘိုး တပ်မတော်နေ့ဂုဏ်ပြုလမ်းလျှောက်

**မန္တလေး မတ် ၂၅**

(၇၃) နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောက်ပန်းတောင်းမြို့နေ အသက် ၇၈ နှစ်အရွယ်ရှိ စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်သူ ဦးရဲမြင့်ဆွေ (ခ) ဦးမြင့်ဆွေသည် ကျောက်ပန်းတောင်း-မန္တလေး-ကျောက်ပန်းတောင်း အသွားအပြန် ခရီးရှည်အား တစ်ကိုယ်တည်းလမ်းလျှောက်ရန် မတ် ၁၆ ရက်တွင် ခရီးစဉ်၏အစ ကျောက်ပန်းတောင်းမှ စတင်ထွက်ခွာလာခဲ့ကြောင်း သိရသည်။

၎င်းသည် မတ် ၁၆ ရက် နံနက် ၈ နာရီက ကျောက်ပန်းတောင်းမှစတင် လမ်းလျှောက်လာခဲ့ပြီး မတ် ၂၂ ရက် ညဦးပိုင်းတွင် စဉ့်ကိုင်မြို့သို့ရောက်ရှိသည်။ ညအိပ်ရပ်နားကာ စဉ့်ကိုင်မြို့မှ နံနက် ၆ နာရီတွင် မန္တလေးသို့ စတင်လမ်းလျှောက်ကာ မြစ်ငယ်တံတားပေါ်သို့ နံနက် ၁၀ နာရီတွင် ရောက်ရှိသည်။ ၎င်းသည် တစ်နေ့လျှင် မိုင် ၂၀ နှုန်းခန့် လျှောက်ကြောင်း၊ မန္တလေးမြို့တော်ခန်းမသို့ ပန်းဝင်ပြီး ယင်းမှတစ်ဆင့် မန္တလေး-မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းအတိုင်း ပြန်၍ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်စိုး (မြစ်ငယ်)**

## ရေရှားပါးမှုကြုံနေရသည့် ပေါက်မြို့နယ် သုံးမွှာတာချောင်းကျေးရွာအတွက် ရေအလှူရှင်များလိုအပ်နေ

**ပေါက် မတ် ၂၅**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် အတွင်းရှိ သုံးမွှာတာချောင်းကျေးရွာတွင် သောက်သုံးရေရှားပါးမှုနှင့် ကြုံတွေ့နေရပြီး မကြာမီရက်ပိုင်းအတွင်း ရေပြတ်လပ်သွားနိုင်သဖြင့် ရေအလှူရှင်များ လိုအပ်နေကြောင်း ဒေသခံများထံမှ သိရသည်။

“ကန်ရေကိုပဲ အမှီပြုနေရတာပါ၊ ချွေတာပြီးသုံးနေကြတာတောင် နောက်ငါးရက်စာလောက်ပဲ ရတော့မှာပါ၊ ရေအလှူရှင်မပေါ်ရင် ရွာနဲ့တစ်မိုင်ခွဲကျော်ဝေးတဲ့ ရွှေပြည်သာကျေးရွာကို နွားလှည်းတွေနဲ့ သွားဝယ်ပြီး သုံးနေရပါတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

ယင်းအခြေအနေနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ကျေးလက်ဦးစီးဌာနက “၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေနဲ့ သုံးမွှာတာချောင်းကျေးရွာမှာ စက်ရေတွင်းတူးဖော်ခဲ့ပေမယ့် ပေ ၆၀၀ ကျော်တဲ့အထိ ရေမရခဲ့ပါဘူး၊ GP survey တိုင်းတဲ့အခါမှာ မြေအောက်ရေရရှိနိုင်ခြေနည်းပါးကြောင်း အဖြေထွက်ခဲ့တဲ့အတွက် ဆက်လက်မတူးဖော်ဘဲ ရပ်နားခဲ့ရပါတယ်၊ မတ် ၂၁ ရက်မှာ ပေါက်မြို့နယ် ကျေးလက်ဦးစီးဌာနက ရေဂါလန် ၃၆၀၀ သွားရောက်ပေးဝေထားပါတယ်” ဟု တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်ဇော်က ပြောသည်။

သုံးမွှာတာချောင်းကျေးရွာရေရရှိရေးအတွက် ရွာနှင့် နှစ်မိုင်ခန့်ဝေးသော သက္ကယ်ချောင်ရွာတွင် စက်ရေတွင်းတူးဖော်၍ သုံးမွှာတာချောင်းကျေးရွာအရောက် ရေပိုက်လိုင်းသွယ်တန်းနိုင်မည့် အခြေအနေကို ခရိုင်ကျေးလက်ဦးစီးမှူး ဦးတင့်ဝေနှင့် ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပခုက္ကူခရိုင်ကျေးလက်ဦးစီးဌာနမှ သိရသည်။

ယင်းကျေးရွာတွင် အိမ်ခြေ ၆၂ အိမ်၊ လူဦးရေ ၃၆၀ ကျော်၊ နွားကောင်ရေ ၄၀၀ ကျော်ရှိကာ လက်ရှိအသုံးပြုနေသော ကန်ရေမှာ လွန်စွာနည်းပါးသဖြင့် ကျန်းမာရေးအရ သောက်သုံးရန်မသင့်သည့် အခြေအနေရှိကြောင်း၊ ရေရရှိနိုင်သည့်အနက်ပေအထိတူးပေးမည့် အလှူရှင်များကို အဓိကမျှော်လင့်နေပြီး သုံးစွဲရန်ရေနှင့် စက်ရေတွင်း လှူဒါန်းလိုပါက ဦးမြဝင်း (ရာအိမ်မှူး) ဖုန်း ၀၉-၄၂၇၄၈၁၀၈၊ ဦးအောင်မြင့်သန်း (ကျောင်းအုပ်)ဖုန်း၀၉-၄၅၉၈၇၈၀၁၉ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဇေယျတု (မကွေး)**



# ဒူးနာခြင်း၊ ကိုယ်လက်ကြံ့ခိုင်ရေးကုထုံးနှင့် မှားယွင်းနေသော ရှေးရိုးအမြင် ငါးခု

**ဒေါက်တာကေဇင်သွယ်**

ဒူးနာခြင်းသည် နေ့စဉ် လုပ်ငန်းဆောင်တာများကို ထိခိုက်စေပါသည်။ ထိုသို့ ခံစားရလျှင် ကိုယ်လက်ကြံ့ခိုင်ရေး ကုထုံးများသည် သင့်အတွက် အရေးပါသော ကုသမှုများထဲတွင် ပါဝင်လာပါသည်။ သို့သော် သင်ကြားဖူး မြင်ဖူးသော ရှေးစကားများ၊ အတွေ့အကြုံများအရ သင်သည် လေ့ကျင့်ခန်းလုပ်ခြင်း၏ အကျိုးများကို အယုံအကြည်ရှိချင်မှ ရှိပါလိမ့်မည်။ ထို့ကြောင့် အမှန်တရားကို ရှာဖွေဖော်ထုတ်ကြည့်ကြပါစို့။ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းနှင့်ပတ်သက်၍ အများအားဖြင့် မှားယွင်းနေသော အယူအဆများမှာ အောက်ပါတို့ဖြစ်ပါသည်။

**အယူအဆမှား(၁)**

**ကိုယ်လက်ကြံ့ခိုင်ရေး ကုထုံးများသည် အလုပ်မဖြစ်ပါ**

ကိုယ်လက်ကြံ့ခိုင်ရေးကုထုံးများသည် အလုပ်မဖြစ်ဟု အချို့သူများက ထင်နေတတ်ကြသည်။ တစ်ခါတစ်ရံတွင် မလုပ်ဖူးသော လေ့ကျင့်ခန်းများကို လုပ်ရန် တွန့်ဆုတ်နေကြပါသည်။ အမှန်မှာ လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရှိပါသည်။

ကိုယ်လက်ကြံ့ခိုင်ရေး ကုထုံးများသည် အများစုသော ကုသမှုများတွင် အရေးပါသောကဏ္ဍတစ်ခု ဖြစ်လာပြီး အများစုသောလူနာများတွင် အကျိုးရှိကြောင်းလည်း တွေ့ရပါသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး သံသယရှိလျှင် သင့်ဆရာဝန်အား လွတ်လပ်စွာ မေးမြန်းနိုင်ပါသည်။

**အယူအဆမှား(၂)**

**လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းသည် နာကျင်မှုအနည်းငယ် ဖြစ်စေသောကြောင့် ချက်ချင်းရပ်တန့်လိုက်သင့်ပါသည်**

လေ့ကျင့်ခန်းများသည် စလုပ်ကာစတွင် အနည်းငယ် နာကျင်စေပါသည်။ ထို့အပြင် ကြွက်သားများသည် ပုံမှန်ထက် ပိုအလုပ်လုပ်ရသောကြောင့် အနည်းငယ်တောင့်တင်းခြင်းများကိုလည်း ခံစားရမည်ဖြစ်ပါသည်။ ထိုဖြစ်စဉ်သည် ကိုယ်လက်လှုပ်ရှားမှုများပြုလုပ်ပြီး ၂၄ နာရီမှ ၄၈ နာရီအတွင်း ဖြစ်တတ်ပါသည်။ ထို့ကြောင့် ထိုဝေဒနာများကို သက်သာစေမည့် နည်းလမ်းများကို သင့်ဆရာဝန် သို့မဟုတ် ကျန်းမာရေးနည်းပြများအား ကြိုမေးထားသင့်ပါသည်။ ကိုယ်လက်ကြံ့ခိုင်ရေး ကုထုံးများကို မပြုလုပ်မီ သွေးပူလေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်း၊ အကြောများ ဆန့်ပေးခြင်းဖြင့် ထိုနာကျင်မှုများ သက်သာစေမည်ဖြစ်ပါသည်။ သို့သော် သင်သည် ကိုယ်လက်ကြံ့ခိုင်ရေး ကုထုံးများကြောင့် မခံမရပ်နိုင်အောင် နာကျင်ခြင်းများ ဖြစ်လာလျှင် ဆရာဝန်အား ပြောပြသင့်ပါသည်။ ထိုသို့ ဖြစ်ခြင်းမှာ သင်လုပ်နေသော လှုပ်ရှားမှုများသည် သင့် အခြေအနေနှင့် မသင့်တော်သောကြောင့် ဖြစ်နိုင်ပါသည်။

**အယူအဆမှား(၃)**

**ဒူးနာမကောင်းလာသောကြောင့် ကျွန်ုပ်သည် ထိုလေ့ကျင့်ခန်းများကို ဆက်မလုပ်သင့်တော့ပါ**

အရာအားလုံးသည် အသားကျရန်အတွက် အချိန်ယူရလိမ့်မည်ဖြစ်ပါသည်။ အထူးသဖြင့် ဆေးဝါးကုထုံးများသည် တိုးတက်မှုများရရှိရန် အနည်းဆုံး ခြောက်ပတ်ခန့် အချိန်ယူရမည်ဖြစ်သည်။ ထို့ကြောင့် သင်သည် ကိုယ်လက်ကြံ့ခိုင်ရေး ကုထုံးများကို အနည်းဆုံး ၁၂ ကြိမ်မျှ ပြုလုပ်ရမည်ဖြစ်သည်။

ယင်းကုထုံးများသည် သင့်နာကျင်မှုများကို ဖြည်းဖြည်းချင်း ပြေလျော့စေပြီး ကြွက်သားများကို ဆန့်ထုတ်စေပါသည်။ ကြာလာလျှင် ယင်းကုထုံးများသည် သင့်ကျန်းမာရေးအတွက် အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်လာသောကြောင့် စွဲမြဲစွာ လုပ်ဆောင်သင့်သော လေ့ကျင့်ခန်းများဖြစ်ပါသည်။



**အယူအဆမှား(၄)**

**ကျန်းမာရေးကုထုံး ပညာရှင်သည် နာကျင်မှုများအားလုံးကို ကုသနိုင်ပါသည်**

ကိုယ်လက်ကျန်းမာရေးကုထုံး ပြုလုပ်ရာတွင် ပြုလုပ်သော အစိတ်အပိုင်းများအပေါ် မူတည်ပြီး ပညာရှင်များလည်း ကွဲပြားပါသည်။ ဥပမာ- လက်ကုထုံး၊ ကျောရိုး၊ ပခုံးများနှင့် ဒူးများကို ကုသောကုထုံး၊ အာရုံကြောကုထုံး(လေဖြတ်ခြင်း၊ ကျောရိုးကို ထိခိုက်မိခြင်း၊ အကြောဆိုင်းရောဂါဖြစ်ခြင်း)၊ အားကစားသမားများတွင် ထိခိုက်မှုများအတွက် ကုထုံးများ၊ အမျိုးသမီးများအတွက် ကျန်းမာရေးကုထုံးများ စသည်ဖြင့် ကုထုံးများစွာ ရှိပါသည်။

ကုထုံးတစ်မျိုးစီအပေါ်မူတည်ပြီး ပြုလုပ်ရသော လှုပ်ရှားမှုများလည်း ကွာခြားပါသည်။ ထို့ကြောင့် သင်သည် ကုထုံးပညာရှင်ကို မရွေးချယ်မီ မှန်ကန်သော ရွေးချယ်မှုမျိုးဖြစ်အောင် စုံစမ်းလေ့လာသင့်ပါသည်။

**အယူအဆမှား(၅)**

**ကိုယ်အလေးချိန်များခြင်းသည် ဒူးနာခြင်းနှင့် မသက်ဆိုင်ပါ**

အမှန်မှာ ကိုယ်အလေးချိန်များခြင်းသည် ဒူးနာခြင်းနှင့် တိုက်ရိုက် ဆက်နွှယ်နေပါသည်။ ကိုယ်အလေးချိန်များလျှင် ဒူးတွင် ဖိအားပိုများပြီး ဒူးဆစ်များကို ထိခိုက် ဒဏ်ဖြစ်စေပါသည်။ အထူးသဖြင့် လမ်းလျှောက်စဉ်၊ လှေကားတက်စဉ်များတွင် ပိုပြီး ဒဏ်ဖြစ်ပါသည်။

လေ့လာချက်များအရ ကိုယ်အလေးချိန်များခြင်းသည် အရိုးများနှင့် အဆစ်များ ကျီးပေါင်းရောဂါ (အသက်ကြီးလာသောကြောင့် အရိုးအဆစ်များ ယိုယွင်းလာသည့် အဖြစ်အများဆုံးရောဂါ) ဖြစ်နိုင်ခြေကို ပိုများစေပါသည်။ ထို့ကြောင့် ကိုယ်အလေးချိန်ကို လျှော့ချပါ။ ယင်းသည် သင့်ဒူးကို ပိုပြီး ကျန်းမာစေပါသည်။

**ကိုယ်အလေးချိန်ကျစေသည့် လေ့ကျင့်ခန်းများ**

အရေးကြီးဆုံးအချက်မှာ ကိုယ်အလေးချိန်ကျစေသည့် လေ့ကျင့်ခန်းများကို ပြုလုပ်ပေးရန် ဖြစ်ပါသည်။ ထို့ကြောင့် သင့်ကိုယ်အလေးချိန်နှင့် သင့်တော်သည့် လေ့ကျင့်ခန်းများကို ဆရာဝန်၊ ကုထုံးပညာရှင်များနှင့် ဆွေးနွေးပါ။ ထို့အပြင် သင့်ဒူးနာကုထုံးများတွင် ကိုယ်အလေးချိန်ကျစေသော ကုထုံးများလည်း ထည့်သွင်းလုပ်ဆောင်ရန် လိုအပ်ပါသည်။

တစ်ခါတစ်ရံတွင် ကိုယ်လက်ကြံ့ခိုင်ရေး ကုထုံးများသည် ထိရောက်မှု ရှိချင်မှ ရှိပါလိမ့်မည်။ ထိုကုထုံးများ ခံယူနေစဉ်တွင် သင့်ဒူးကို ပိုပြီး နာကျင်စေကောင်း နာကျင်စေပါလိမ့်မည်။ သို့သော် ထိုသို့ အမြဲဖြစ်လေ့မရှိပါ။ ထို့ကြောင့် သင်သည် ယခုဆောင်းပါးပါ အချက်များကို သိထားခြင်းဖြင့် ကိုယ်လက်ကြံ့ခိုင်ရေး ကုထုံးများအကြောင်းကို ပိုသိလာမည်ဖြစ်ပြီး သင့်ခံယူချက်များလည်း ပြောင်းလဲလာမည်ဖြစ်ပါသည်။ ။

# မြန်မာ့တိုင်းရင်းဆေးပညာကို အတွေ့အကြုံအခြေပြုမှ သက်သေအခြေပြု ဆေးပညာအဖြစ် ပြောင်းလဲတိုးတက်နိုင်ရေး စာတမ်းဖတ်

**မန္တလေး မတ် ၂၅**

မြန်မာ့တိုင်းရင်းဆေးပညာကို အတွေ့အကြုံအခြေပြု ဆေးပညာရပ်အဖြစ်မှ သက်သေအခြေပြု ဆေးပညာအဖြစ်သို့ ပြောင်းလဲတိုးတက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာ ဦးစီးဌာနက ကြီးမှူးပြီး အဌမအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲကို မတ် ၂၃ ရက်က မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ်တွင် ကျင်းပခဲ့သည်။



တိုင်းရင်းဆေးသုတေသန ပိုစတာများ ပြသထားမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် လိုက်လံကြည့်ရှုနေစဉ်။

စာတမ်းဖတ်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က “ဒီကနေ့ကျင်းပတဲ့ စာတမ်းဖတ်ပွဲဟာ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရေးပါလှပါတယ်၊ ကျွန်တော်တို့ရဲ့ မြန်မာ့တိုင်းရင်းဆေးပညာရပ်ဟာ Experience based ကနေ Evidence Based Medicine ကို ပြောင်းလဲတိုးတက် ဆောင်ရွက်လျက်ရှိပါတယ်၊ ပြည်သူတွေဟာ မြန်မာ့တိုင်းရင်းဆေးပညာကို နှစ်ပေါင်းများစွာကတည်းက ယုံကြည်အားကိုးပြီး သုံးစွဲခဲ့ကြတယ်၊ သဘာဝဆေးပစ္စည်းတွေဟာ ဘေးထွက်ဆိုးကျိုးနည်းပါးပြီး အစွမ်းအာနိသင်ရှိတယ်ဆိုတာကိုလည်း သိထားကြပါတယ်၊ အဓိကအချက်က အရည်အသွေး ဘယ်လောက်ရှိတယ်၊ စွမ်းဆောင်ရည် ဘယ်လောက်ရှိတယ် ဆိုတာတွေ ပြခြင်းအားဖြင့် ကျွန်တော်တို့ တိုင်းရင်းဆေးပညာဟာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပြီး အနောက်တိုင်းဆေးပညာနဲ့ ယှဉ်လာနိုင်မှာဖြစ်ပါတယ်၊ ကျွန်တော်တို့ နိုင်ငံတော်အစိုးရကလည်း တိုင်းရင်းဆေးအခန်းကဏ္ဍ ပိုမိုမြင့်မားလာရေးကို အလေးအနက်ထားပြီး ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုအတွက် အားပေးဆောင်ရွက်လျက်ရှိနေပါတယ်”ဟု ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက တိုင်းရင်းဆေးတက္ကသိုလ်မှ တာဝန်ရှိသူများ၊ တိုင်းရင်းဆေးပညာရှင်များ၊ စာတမ်းရှင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး ပြသထားသည့် ပြိုင်ပွဲဝင် တိုင်းရင်းဆေးသုတေသန ပိုစတာများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါစာတမ်းဖတ်ပွဲကို မတ် ၂၃ ရက်မှ ၂၄ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး စာတမ်းရှင်များ၏ စာတမ်း ၃၀ ကို ဖတ်ကြားတင်သွင်းခဲ့သည့်အပြင် ပြိုင်ပွဲဝင် ပိုစတာငါးခုကိုလည်း ပြသထားပြီး အဆိုပါစာတမ်း ၃၀ ထဲမှ တိုင်းရင်းဆေးသုတေသနအတွက် အကောင်းဆုံးဆု သုံးဆု၊ သိပ္ပံသုတေသနအတွက် အကောင်းဆုံးဆု သုံးဆုနှင့် ပိုစတာငါးခုအနက် အကောင်းဆုံးဆု သုံးဆုကို ရွေးချယ်၍ ဆုများချီးမြှင့်သွားမည်ဖြစ်ကာ ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနစ်သောင်းနှင့် တတိယဆု ကျပ်ငါးသောင်းဖြစ်ကြောင်း သိရသည်။

အဌမအကြိမ် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တိုင်းရင်းဆေးကောင်စီဝင် ဆရာကြီးများ၊ တိုင်းရင်းဆေး လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ ဆရာ ဆရာမကြီးများ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဂန့်ဂေါမြို့တွင် ဖရဲသီးများ စိုက်ပျိုးရာ အောင်မြင်လျက်ရှိ



**ဂန့်ဂေါ မတ် ၂၅**

ဂန့်ဂေါမြို့နယ်တွင် ဖရဲသီးကို ဆောင်းသီးနှံအဖြစ် စိုက်ပျိုးလေ့ရှိပြီး ဒေသမျိုးကိုသာ စိုက်ပျိုးလေ့ရှိရာမှ ထိုင်ဝမ်ဖရဲသီးမျိုးများကို ပြောင်းလဲစမ်းသပ်စိုက်ပျိုးရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ ထိုင်ဝမ်ဖရဲသီးများကို စိုက်ပျိုးရာတွင် တစ်ဧကလျှင် အပင်ရေ ၂၀၀၀ ခန့်ထည့်သွင်းစိုက်ပျိုးနိုင်သည်ဟု ဆိုသည်။ အဆင့်မီဖရဲသီးများ ရရှိနိုင်ရန် တစ်ပင်လျှင် သုံးလုံးထက် ပိုမသီးစေရန် သတိထား ဆောင်ရွက်ကြသည်။ လက်ရှိတွင် ဂန့်ဂေါမြို့နယ် ဒေသပေါက်ဈေး တစ်လုံးလျှင် ငွေကျပ် ၁၅၀၀ ရှိပြီး ဒေသတွင် ရောင်းဝယ်ကြသည့်အပြင် ဖရဲသီးကို ဂျပ်ဖာများဖြင့်ထည့်၍ မူဆယ်မြို့သို့ တင်ပို့ရောင်းချရန် စီစဉ်လျက်ရှိသည်။

ဂျပ်ဖာတစ်လုံးဝယ်ဈေး ငွေကျပ် ၅၀၀ ရှိပြီး ဖရဲသီး တစ်လုံးလျှင် ၆ ကီလိုအလေးချိန်ရှိကာ ဂျပ်ဖာတစ်လုံးလျှင် ဖရဲသီး နှစ်လုံးထည့်နိုင်ပြီး မူဆယ်ထိတင်ပို့စရိတ်မှာ ဖရဲသီးတစ်လုံး ငွေကျပ် ၃၀၀ ကျသင့်မည်ဖြစ်ကြောင်း၊ မူဆယ်မြို့တွင် အဆင့်မီဖရဲသီး တစ်လုံး ပေါက်ဈေးနှုန်းမှာ ငွေကျပ် ၃၀၀၀ မှ ငွေကျပ် ၅၀၀၀ အထိရှိကြောင်း သိရသည်။

**၁၀၁**



## သုံးခွမြို့နယ်မှ ထမ်းငြိမ်းစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**သုံးခွ မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ဘုရားကြီးကျေးရွာရှိ လွန်ခဲ့သော နှစ်ပေါင်း ၄၀၆ နှစ်က တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ထမ်းငြိမ်းစေတီတော်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၂၈ ရက်မှ ဧပြီ ၂ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မတ် ၂၈ ရက်တွင် စေတီတော် ရင်ပြင်တော်ပေါ်၌ ပင့်သံဃာများက ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်၍ ပူဇော်ပွဲကျင်းပပြီးနောက် ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက ပွဲတော်ကို အခမ်းအနားဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ထို့နောက် ပင့်သံဃာ အပါး ၅၀ အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခြင်း၊ စေတီတော်ကို ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ ပင့်သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းခြင်း၊ စေတီတော်အား ဆွမ်းတော်ကြီး တင်လှူပူဇော်ခြင်း၊ ညှော်ပရိသတ်များအား စတုဒိသာ ညှော်ခံကျွေးမွေးခြင်း စသည့် အစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများ အနေဖြင့်လည်း ဇာတ်သဘင်အဖွဲ့၊ မျက်လှည့်ပြပွဲ၊ ကလေးကစားကွင်းများ ပါဝင်မည့် အပြင် လူသုံးကုန်၊ စားသောက်ကုန်၊ အဝတ်အထည်နှင့် လယ်ယာသုံးပစ္စည်းများ စသည့် ပစ္စည်းမျိုးစုံကို ရောင်းချမည့် ဈေးဆိုင်ခန်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ညောင်ဦးမြို့နယ်၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာပေးသင်တန်း ဖွင့်လှစ်ပို့ချ

**ညောင်ဦး မတ် ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်မြေအသုံးချရေးဌာနခွဲက ကြီးမှူး၍ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာပေးသင်တန်းကို မတ် ၂၂ ရက်က ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဌေးနိုင်က အမှာစကားပြောကြားပြီး ခရိုင် မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းဝေက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နည်းပညာပေးသင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြများက သင်တန်းသား၊ သင်တန်းသူများနှင့် မိတ်ဆက်စကား ပြောကြားခဲ့ပြီး ခရိုင်မြေအသုံးချရေးဌာနခွဲ တာဝန်ခံ ဦးဆောင်သော သင်တန်းနည်းပြများက မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဘက်စုံပိုးမွှားရောဂါ ကာကွယ်နည်းစနစ်များ၊ မျိုးကောင်းမျိုးသန့် ထိန်းသိမ်းနည်းနှင့် မျိုးစေ့ဥပဒေအကြောင်း၊ ဥယျာဉ်ခြံသီးနှံများနှင့်ပတ်သက်သော စိုက်ပျိုးနည်းပညာများကို ကဏ္ဍအလိုက် သင်ကြားပို့ချပေးခဲ့ကြကာ မြေဆွေးပုံ ပြုလုပ်နည်းများကိုလည်း လက်တွေ့သရုပ်ပြခဲ့ကြသည်။ ထို့နောက် သင်တန်းသားများက စိုက်ပျိုးရေးနည်းပညာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မတ်ပဲရေိယာတွင် သီးနှံပြောင်းကြက်သွန်နီကို Sprinkler စနစ်ဖြင့် လက်တွေ့စိုက်ပျိုးပြသ

**နေပြည်တော် မတ် ၂၅**

တွက်ခြေကိုက်သီးနှံများအတွက် ခေတ်မီရေသွင်းစနစ်နှင့် အပင်ပြုစုနည်းစနစ်များကို တောင်သူများ နားလည်တတ်ကျွမ်းစေရန်၊ စိုက်ပျိုးသီးနှံများ၏ အထွက်နှုန်း အကျိုးအမြတ် တည်ငြိမ်စေရန်၊ လုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းသောသီးနှံများ ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်း စိုက်ပျိုးအသိပညာပေးစင်တာ(Knowledge Center)၌ FARM Project ဖြင့် ဆောင်ရွက်လျက်ရှိသော မတ်ပဲရေိယာတွင် သီးနှံပြောင်းကြက်သွန်နီကို Sprinkler စနစ်ဖြင့် စိုက်ပျိုးခြင်းကို မတ် ၂၃ ရက်က လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

Sprinkler စနစ်ဖြင့် လက်တွေ့စိုက်ပျိုး သရုပ်ပြရာတွင် ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းထွန်းလင်း၊ မြို့နယ်အတွင်းရှိ တောင်သူများ၊ KC မန်နေဂျာများ၊ ဝန်ထမ်းများ၊ FARM ရုံးမှ တာဝန်ရှိသူများ တက်ရောက်လေ့လာခဲ့ကြပြီး ယခုကဲ့သို့ Sprinkler စနစ်ဖြင့် စိုက်ပျိုးသည့်အတွက် တစ်ဧကလျှင် စိုက်ပျိုးစရိတ် ကျပ် ၁၂ သိန်း ကုန်ကျပြီး ကျပ် ၃၅ သိန်းခန့် ပြန်လည်ရရှိမည်ဖြစ်ကာ အမြတ်အားဖြင့် ကျပ် ၂၃ သိန်းခန့်အထိ ရရှိနိုင်မည်ဖြစ်ကြောင်း စိုက်ခင်းပိုင်ရှင် ရွာသာကျေးရွာမှ ဦးမြင့်နိုင်က ပြောကြားသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၄၆ ရွာ၌ ရေရှားပါးနိုင်



**မကွေး မတ် ၂၅**

မကွေးတိုင်းဒေသကြီးအတွင်း ရေရှားပါးမှု လျော့ပါးရေးအတွက် တိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေများနှင့် ပြည်ထောင်စုဘတ်ဂျက်များ အသုံးပြု၍ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း ယခုနှစ် နွေရာသီအတွင်း မြို့နယ်ပေါင်း ၁၄ မြို့နယ်မှ ကျေးရွာပေါင်း ၄၆ ရွာ၌ ရေရှားပါးနိုင်သေးသည်ဟု စစ်တမ်းကောက်ယူရရှိထားကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

"တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေ ကျပ်သန်း ၅၀၀ နဲ့ ရေရှားပါးကျေးရွာ ၂၄ ရွာအတွက် ရေတွင်း ၂၄ တွင်း တူးဖော်တဲ့လုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်၊ ပြည်ထောင်စုဘတ်ဂျက် ၆၉၇ ဒသမ ၈ သန်းနဲ့လည်း တွင်းနက်၊ တွင်းတိမ်၊ မြေသားရေကန်ပြုပြင်ခြင်းစတဲ့ လုပ်ငန်း ၅၀ ကို ဆောင်ရွက်နေပါတယ်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က မြို့နယ် ၁၂ မြို့နယ်က ကျေးရွာပေါင်း ၉၃ ရွာမှာ ရေရှားပါးခဲ့တာကြောင့် အခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စစ်တမ်း အရဆိုရင် ရေရှားပါးမှု လျော့ကျလာတယ်လို့ ဆိုနိုင်ပါတယ်"ဟု တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်ဇော်က ပြောသည်။

ဌာနအနေဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဒေသ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကာ အမှန်တကယ်ရေလိုအပ်ချက်ရှိသည့် ကျေးရွာများကို ရွေးချယ်၍ ရေရရှိရေး ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ဘတ်ဂျက်ပမာဏအရ ဆောင်ရွက်နေရခြင်းဖြစ်၍ စေတနာရှင်များ၏ ရေနှင့် ရေတွင်း၊ ရေကန် လှူဒါန်းမှုများကလည်း ကျေးလက်ဒေသများ ရေရရှိရေးကို များစွာ အထောက်အပံ့ဖြစ်စေနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"စက်ရေတွင်းတစ်တွင်း တူးမယ်ဆိုရင်ရင် မြေက အင်တိုင်းလား၊ ဖုတ်ပွလား၊ ရွှံ့စေးမြေလား၊ ဒါကို အလေးအနက်ထားပြီး ဘယ်လိုပစ္စည်းမျိုး သုံးမှာလဲ၊ ဘယ်လောက်အထိတူးမှ ရမှာလဲဆိုတာကို ဒေသခံတွေ၊ စက်ရေတွင်းတူးမယ့် ပညာရှင်တွေ အားလုံးပူးပေါင်းပါဝင်ပြီး လိုအပ်တဲ့ အနက်ပေအထိရောက်အောင် တူးပေးဖို့ လိုပါတယ်၊ တိုင်းထဲမှာ စေတနာရှင်တွေရဲ့ အကူအညီနဲ့ မနှစ်က ရေဂါလန်ရှစ်သိန်းနဲ့ စက်ရေတွင်းရှစ်တွင်းလောက် လှူနိုင်ခဲ့ပါတယ်၊ ခုနှစ်မှာတော့ စက်ရေတွင်းတွေ လှူနေတာ သိန်း ၂၀၀၀ ကျော်ဖိုး ရှိပါပြီ၊ အခုလက်ရှိ ပေါက်မြို့နယ်ထဲမှာ ရေရှားပါးမှုတွေရှိနေလို့ စက်ရေတွင်းတွေ တူးနေပါတယ်"ဟု ရေပရဟိတလုပ်ငန်းများ ဆောင်ရွက်နေသူ ကိုဇော်မင်းထိုက်က ဆိုသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် နိုင်ငံတော်ဘတ်ဂျက်များ၊ ယူနီဆက်ဖ်၏ လှူဒါန်းမှုများဖြင့် ရေရှားပါးမှုလျော့ကျရေး ဆောင်ရွက်နေသည့်အပြင် ၂၀၃၀ ပြည့်နှစ်အတွင်း ကျေးရွာအားလုံးရေရရှိရေး လုပ်ငန်းစီမံချက်ကိုလည်း ရေးဆွဲ၍ ဆောင်ရွက်နေကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - ဇေယျတု(မကွေး)**

## မီဇိုး(ချင်း)မျိုးနွယ်စုများ၏ ကြပ်ကြာရ်ကုသ်ပွဲတော် ကလေးမြို့၌ ကျင်းပ

**ကလေး မတ် ၂၅**

ချင်းမျိုးနွယ်စုများ၏ ပွဲတော်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး မြန်မာနိုင်ငံရှိ မီဇိုး(ချင်း) မျိုးနွယ်စုများ၏ အထွတ်အမြတ်အထားဆုံး ပွဲတော်လည်းဖြစ်သည့် ကြပ်ကြာရ်ကုသ်(Chap Char Kut) ရိုးရာပွဲတော်ကို မတ် ၂၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တာဟန်းရပ်ကွက်ရှိ အားကစားကွင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



ပွဲတော်ကို ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(ကလေး)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးဖြိုးသန့်၊ ခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးနှင့် ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးလားနွန်ဆန်အာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီးနောက် ညှော်သည်တော်များသည် မီဇိုးချင်းမျိုးနွယ်စုများ၏ တိုင်းရင်းသားရိုးရာ ဝါးညှပ်အကများဖြင့် ကပြဖျော်ဖြေနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးက အမှာစကားပြောကြားပြီး ပွဲတော်ကျင်းပရေးကော်မတီအဖွဲ့မှ တာဝန်ရှိသူများက မီဇိုးမျိုးနွယ်စုများ၏ ကြပ်ကြာရ်ကုသ်ရိုးရာပွဲတော်နှင့် ပတ်သက်၍ အသီးသီး ရှင်းလင်းပြောကြားကာ တိုင်းရင်းသားရိုးရာ ဝါးညှပ်အကအဖွဲ့ ခုနစ်ဖွဲ့ အပါအဝင် ခေတ်ပေါ်တေးသရုပ်ဖော်အဖွဲ့၊ အကအဖွဲ့များနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့များက ရိုးရာတေးသီချင်းများဖြင့် အခမ်းအနား အစီအစဉ်များအတိုင်း ဆက်လက်ဖျော်ဖြေခဲ့ကြသည်။

**ချင်းတွင်းသား**

## ဖြူးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နွေရာသီ အားကစားသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိ

**ဖြူး မတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနက အခြားဌာနများနှင့် ပူးပေါင်းစီစဉ်၍ နွေရာသီ အားကစားသင်တန်းများကို မတ်လ ပထမပတ်အတွင်းမှစတင်၍ သင်ကြားပို့ချပေးလျက်ရှိပြီး နည်းပြဆရာ ၁၀ ဦးဖြင့် ဇေယျဝတီမြို့တွင် ပြေးခုန်ပစ်၊ ဘောလုံး၊ တင်းနစ် သင်တန်းများ၊ အကြပ်အင်းကျေးရွာတွင် ဘောလုံးသင်တန်း၊ ဖြူးမြို့ အထက(၂)ကျောင်းတွင် အေရိုးဗစ်သင်တန်း၊ မိုးဟိန်းထက် ကိုယ်ပိုင်အထက်တန်းကျောင်းတွင် အေရိုးဗစ်နှင့် ဘောလုံးသင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိသည်။

ဇေယျဝတီမြို့ ပြေးခုန်ပစ်သင်တန်းတွင် သင်တန်းသား ၃၀၊ ဘောလုံးသင်တန်းတွင် ၂၈ ဦးနှင့် တင်းနစ်သင်တန်းတွင် ၃၀ တက်ရောက်နေပြီး အကြပ်အင်းကျေးရွာ ဘောလုံးသင်တန်းတွင် ၄၅ ဦး၊ အထက(၂)ကျောင်း အေရိုးဗစ်သင်တန်းတွင် ၂၀၊ မိုးဟိန်းထက် ကိုယ်ပိုင်အထက်တန်းကျောင်း အေရိုးဗစ်သင်တန်းတွင် ၂၄ ဦးနှင့် ဘောလုံးသင်တန်းတွင် ၆၀ ဦးတို့ တက်ရောက်လျက်ရှိပြီး အဆိုပါသင်တန်းများ ပြီးဆုံးပါက သင်တန်းသား သင်တန်းသူများအား ထူးချွန်မှုအခြေအနေ အဆင့်အလိုက် သတ်မှတ်ရွေးချယ်၍ တာဝန်ရှိသူများက အခမ်းအနားဖြင့် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ဖြူးမြင့်ဦး**

# ကော့သောင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**ကော့သောင်း မတ် ၂၅**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မတ် ၂၂ ရက်က ကော့သောင်းမြို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆောင်ရွက်မှုတွင် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့သောင်းမြို့ မာရမ်းကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ကျေးရွာအဝင်လမ်း ပြုပြင်ရန်လိုအပ်မှုများ၊ လမ်းပျက်စီးမှုနည်းပါးစေရေး၊ လမ်းဘေးရေနုတ်မြောင်းစနစ်များ ပြုပြင်ကာ ပျက်စီးမှုရှိသည့် အပိုင်းများအား ကျောက်ခင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရေး၊ ကျေးရွာပြည်သူများ သွားလာဆက်သွယ်မှု အဆင်ပြေစေရေးတို့ကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် မာရမ်းတိုက်နယ်ဆေးရုံသို့ ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆေးရုံအမိုးပြုပြင်ရန်၊ လေအေးပေးစက်တပ်ဆင်ရန်၊ ဆေးဝါး၊ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားနိုင်ရေးနှင့် ဆေးရုံသန့်ရှင်းသပ်ရပ်မှု စသည်တို့ကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းခဲ့သည်။

ယင်းနောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံကာ ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းရန်ပုံငွေဖြင့် ဖောက်လုပ်လျက်ရှိသည့် ဖောသုတ်ကျေးရွာအဝင် ကျောက်ရောမြေသားလမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ဖောသုတ်ကျေးရွာ ပါချန်မြစ်ကမ်းပြို ကာကွယ်ရေး ကွန်ကရစ်ပိုင်အခြေပြု ကျောက်စီနံရံ တည်ဆောက်မှု အလျားပေ ၁၇၅၀ ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ယင်းအဖွဲ့သည် အေးချမ်းသာကျေးရွာသို့ ရောက်ရှိကြကာ ကျေးရွာရေဆိပ်အဝင်လမ်း ကျောက်တန်းစီခဲ့ထွင်ရန် လိုအပ်မှု၊ ကျေးလက်ဆေးပေးခန်း အဆင့်မြှင့်တင်ရေးနှင့် ကျန်းမာရေးဝန်ထမ်းတိုးချဲ့ခန့်ထားပေးရေး၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ပေးနိုင်ရေး၊ ကျေးရွာမီးလင်းရေး လိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



## မိုင်းယု ၁၀၅ မိုင်၌ ယဉ်ကျေးမှုအဖွဲ့များအား အလှူငွေ ပေးအပ်

**မူဆယ် မတ် ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် ယဉ်ကျေးမှုအဖွဲ့များအား အလှူငွေများပေးအပ်လှူဒါန်းပွဲကို မတ် ၂၂ ရက်က ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးဝင်းလွင်က အမှာစကားပြောကြားခဲ့ပြီး စုပေါင်းလှူဒါန်းထားသော အလှူငွေများအား ပေးအပ်လှူဒါန်းခဲ့ရာ လှူဒါန်းငွေများကို ကချင်စာပေနှင့် ယဉ်ကျေးမှုအသင်း ဒုဥက္ကဋ္ဌ ဦးဇော်ဘွမ်းက လည်းကောင်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း ဒုဥက္ကဋ္ဌ ဒေါ်နန်းခမ်းမိုင်က လည်းကောင်း၊ တအာင်း (ပလောင်) စာပေနှင့် ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးညီအောင် ကလည်းကောင်း လက်ခံယူခဲ့ကြောင်း သိရသည်။

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲကို ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ အကောက်ခွန်ဝန်ထမ်းများ၊ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများသုံးသန့်စင်ခန်းများအား အခမဲ့အသုံးပြုခွင့်ပေးနိုင်ရေး စိစစ်ဆောင်ရွက်သွားမည်

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများသုံးသန့်စင်ခန်းများအား အခမဲ့အသုံးပြုခွင့်ပေးနိုင်ရေးအတွက် ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့တွင် ပန်းဘဲတန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနိုင်ဦးက တိုင်းဒေသကြီးအတွင်းရှိ စေတီပုထိုးများ၊ ဈေးများ၊ ဆေးရုံများနှင့် အများသုံးသန့်စင်ခန်းများ ပိုမိုကောင်းမွန်သပ်ရပ်စွာ တည်ဆောက်ပေးပြီး အခမဲ့သုံးစွဲခွင့်ပြုရန် အစီအစဉ် ရှိ မရှိ၊ ရှိလျှင် မည်သည့်အချိန်တွင် စတင်အကောင်အထည်ဖော်ပြီး မရှိလျှင် မည်သို့သောအကြောင်းကြောင့် ဖြစ်သည်ကို မေးမြန်းခဲ့ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက တိုင်းဒေသကြီးအတွင်းရှိ စေတီပုထိုးများ၊ ဈေးများ၊ ဆေးရုံများတွင် ပြည်သူများ အသုံးပြုနိုင်ရန်အတွက် အများသုံးသန့်စင်ခန်းများ ထည့်သွင်းတည်ဆောက်ထားရှိကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လူစည်ကားသောနေရာများနှင့် လမ်းမကြီးများတွင် လမ်းသွားလမ်းလာ ပြည်သူများအသုံးပြုနိုင်ရန်အတွက် B.O.T လေလံစနစ်ဖြင့် အများပြည်သူသုံး အဆင့်မြင့်သန့်စင်ခန်းများကို ဖွင့်လှစ်ထားရှိပြီး သန့်စင်ခန်းအသုံးပြုခကောက်ခံ၍ ဆောင်ရွက်လျက်ရှိကြောင်း၊

ပုဂ္ဂလိကမှ ဖွင့်လှစ်ထားသော Shopping Mall များ၊ Super Market များနှင့် အစိုးရ၊ ပုဂ္ဂလိကဆေးရုံများတွင်လည်း အများသုံးသန့်စင်ခန်းများကို အခမဲ့အသုံးပြုနိုင်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ စေတီပုထိုးများ၊ ဈေးများ၊ ဆေးရုံများရှိ အများသုံးသန့်စင်ခန်းများတွင် အချို့အခမဲ့အသုံးပြုခွင့်ပေးပြီး အချို့မှာ ဝင်ကြေးကောက်ခံ၍ အသုံးပြုခွင့်ပေးထားကြောင်း၊ စေတီပုထိုးများ၊ ဈေးများ၊ ဆေးရုံများသည် ၎င်းတို့နှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက် ဆောင်ရွက်လျက်ရှိပြီး သန့်စင်ခန်း အသုံးပြုခကောက်ခံခြင်းကို ၎င်းတို့အစီအစဉ်ဖြင့်သာ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကော်မတီကွပ်ကဲမှုအောက်ရှိ ဌာနအလိုက် စခန်းများတွင် ဖွင့်လှစ်ထားသော အများသုံးသန့်စင်ခန်းများကိုသာ တိုက်ရိုက်ကြပ်မတ်ဆောင်ရွက်ရကြောင်း၊

အဆိုပါ အများသုံးသန့်စင်ခန်းအများစုသည် မြေနေရာအနေထားလုပ်ငန်းသတ်မှတ်ချက်အပေါ် အဆင့်ဆင့် စစ်ဆေးအတည်ပြု၍ လုပ်ငန်းဆောင်ရွက်လိုသူမှ အလုံးစုံရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခြင်း၊ သန့်စင်ခန်းတည်နေရာ၊ သန့်စင်ခန်းသို့ လူဦးရေဝင်ရောက်အသုံးပြုရာတွင် ဝင်ငွေရရှိမှုအပေါ် မူတည်၍ B.O.T စနစ်ဖြင့် ကာလစိစစ် သတ်မှတ်ခွင့်ပြုပေးခြင်းဖြစ်ကြောင်း၊ သန့်စင်ခန်းများ၏ ဝန်ဆောင်မှုအတွက် တည်ဆောက်မှုကုန်ကျစရိတ် ပြုပြင်ထိန်းသိမ်းစရိတ်၊ ရေပုပ်စုပ်ခ၊ ဝန်ထမ်းစရိတ်တို့ကို လုပ်ငန်းဆောင်ရွက်သူမှ ကျခံရသဖြင့် အခဖြင့်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အချို့သော B.O.T ကာလ သက်တမ်းပြည့် သန့်စင်ခန်းများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီလေလံသို့ ထည့်သွင်း၍ ဆောင်ရွက်လျက်ရှိကြောင်း၊

သို့ဖြစ်၍ တိုင်းဒေသကြီးအစိုးရ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကွပ်ကဲမှုအောက်ရှိ အများပြည်သူသုံး သန့်စင်ခန်း များအား အခမဲ့သုံးစွဲခွင့်ပြုနိုင်ရန်အတွက် ယင်းသန့်စင်ခန်းများ၏ ပြုပြင်ထိန်းသိမ်းစရိတ်၊ ရေပုပ်စုပ်ခ၊ ဝန်ထမ်းစရိတ်များအား ကျခံဆောင်ရွက်ရမည်ဖြစ်ပြီး ယခုအချိန်ထိ ယင်းစရိတ်များအတွက် စိုက်ထုတ်သုံးစွဲနိုင်ခြင်း မရှိကြောင်း၊ စည်ပင်သာယာရေးကော်မတီအနေဖြင့် ကော်မတီ၏ ဝင်ငွေတိုးတက်ရရှိသည့်အခါ မိမိတို့ကွပ်ကဲမှု ဆောင်ရွက်ရသော အများသုံးသန့်စင်ခန်းများအား အခမဲ့အသုံးပြုခွင့်ပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးအတွက်ပါ ထည့်သွင်းစဉ်းစားထားပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါသည်။

**သတင်းနှင့်ဓာတ်ပုံ- နိုင်လင်းကျော် (ဒလ)**

## စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၅**

(၇၃) နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် သုတအလင်း စာကြည့်တိုက်ဖွံ့ဖြိုးရေးကော်မတီက ကြီးမှူးကျင်းပမည့် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲကို မတ် ၂၀ ရက်က အဆိုပါ စာကြည့်တိုက်၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို မတ် ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး စာကြည့်တိုက်ဖွံ့ဖြိုးရေးကော်မတီတွင် အဖွဲ့လေးဖွဲ့ဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကာ ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် နှစ်သိမ့်ဆုများကိုပါ ပေးအပ်ချီးမြှင့်သွားရေးနှင့် အမှတ်ပေးစည်းမျဉ်း၊ စည်းကမ်းများ စနစ်တကျ ချမှတ်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့သည်။

**ကိုပေါက်(ဥက္ကာမြေ)**

## သက်ငယ်မုဒိမ်းမှု ပပျောက်ရေး ပညာပေး

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်း နယ်မြေရဲတပ်ဖွဲ့ ရဲကင်းရှေ့ မတ် ၂၂ ရက်က မင်္ဂလာဒုံမြို့နယ် မြို့မရဲတပ်ဖွဲ့ ရဲမှူး လှသိန်းက မှုခင်းများလျော့ကျစေရေးနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်စေရေး အသိပညာပေးဟောပြောသည်။

အဆိုပါ ဟောပြောပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန လက်ထောက်ဌာနမှူး ဦးလွင်ဦးက အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း၏ အခွန်စည်းကြပ်မှုနှင့် စည်းကမ်းထိန်းသိမ်းဆောင်ရွက်နေမှုများ၊ အမှတ် (၆၄)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ် ထင်ကျော်သူက ယာဉ်စည်းကမ်း လိုက်နာရမည့် အချက်များကို အသိပညာပေးဟောပြောခဲ့သည်။ **မျိုးမင်းသိန်း (မရမ်းကုန်း)**

## မြန်မာရွှေ့ပြောင်းအလုပ်သမား ၁၉ ဦး အမည်ပျက်စာရင်းအသွင်းခံရ၍ ထိုင်းမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းသွားမည်

**တာချီလိတ် မတ် ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ် ၂ ချစ်ကြည်ရေးတံတား၌ မတ် ၂၃ ရက်က လွှဲပြောင်းလာသည့် အမျိုးသမီး ၁၉ ဦး Blacklist အသွင်းခံရခြင်းနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



ထိုင်းနိုင်ငံ လဝကမှူး Pol. Cap Katichai Sansil နှင့် တပ်ဖွဲ့ဝင်များက တရားမဝင်မြန်မာအလုပ်သမား အမျိုးသမီး ၁၉ ဦး၊ အမျိုးသား သုံးဦး စုစုပေါင်း ၂၂ ဦးတို့ကို လာရောက်လွှဲပြောင်းပေးအပ်ရာ မြန်မာနိုင်ငံမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်၊ နိုင်ငံခြားသားများ တရားမဝင် ဝင်ရောက်မှုကာကွယ်ရေးအဖွဲ့ မကဖ(၈)မှ တာဝန်ရှိသူများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ စိတ် ၁ တာချီလိတ်မှ တပ်ဖွဲ့စိတ်မှူး ရဲမှူး ရင်ရင်အေးနှင့် တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့က လက်ခံယူခဲ့ပြီး မြန်မာ-ထိုင်း အမှတ် ၂ ချစ်ကြည်ရေးတံတား၌ အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံ ဗစ်တိုရီးယားအနှိပ်ခန်းတွင် တရားမဝင် နေထိုင်အလုပ်လုပ်ကိုင်ခြင်းကြောင့် ရှောင်တခင် စစ်ဆေးချက်အရ ဖမ်းဆီးခံရကြောင်း၊ လူကုန်ကူးခံရ၍ ထိုင်းနိုင်ငံမှ ကူညီထားသည့် သတင်းမှာ မဟုတ်မှန်ကြောင်း၊ ထိုင်းဘက်မှ သတင်းအလွှဲကို ကြေညာထားကြောင်း၊ ၎င်းတို့၏ သဘောအလျောက် ကိုယ်တိုင်သွားရောက် အလုပ်ရှာဖွေခဲ့ရာမှ ဖမ်းဆီးခံရပြီး ထိုင်းတရားရုံးတွင် လူဝင်မှုဖြင့် ဒဏ်ငွေဘတ် ၁၀၀၀ ပေးဆောင်ကာ ပြန်လည်လွှဲပြောင်းခဲ့ကြောင်း စိစစ်သိရှိရသည်။

“မြန်မာအမျိုးသမီးငယ် ၁၉ ဦးကို Blacklist အသွင်းခံရတာနဲ့ ပတ်သက်ပြီး ထိုင်းတာဝန်ရှိသူတွေကို ပြောပြပါတယ်၊ လူတစ်ဦးကို နှစ်ကြိမ်အရေးယူတယ်ဆိုတာ မကောင်းပါဘူး၊ သမီးငယ်လေးတွေက တရားရုံးမှာလည်း ထိုက်သင့်တဲ့ ဒဏ်ငွေဆောင်ခဲ့ရတယ်၊ နောက်ထပ် သူတို့နိုင်ငံကို ပြန်ဝင်ခြင်းမရှိအောင်လို့ Blacklist လုပ်ခဲ့ပါတယ်၊ အဲဒါကို တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းပြီး ထပ်ပြီး ဆောင်ရွက်သွားမှာပါ၊ ဒီကလေးမလေးတွေက ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင်အတွင်းမှာ အများဆုံးနေထိုင်တဲ့အတွက်ကြောင့် သူတို့အတွက် နစ်နာမှုတွေဖြစ်ပါတယ်၊ အဲဒါကြောင့် တစ်ဖက်က တာဝန်ရှိသူတွေကို ဖြေလျှော့ပေးဖို့ ဆောင်ရွက်သွားမှာပါ”ဟု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ် (၁) တာချီလိတ်မှ တပ်ဖွဲ့စိတ်မှူး ရဲမှူး ရင်ရင်အေးက ပြောသည်။

အဆိုပါ လွှဲပြောင်းပေးအပ်သည့် တရားမဝင်ရွှေ့ပြောင်းမြန်မာအလုပ်သမားများတွင် ရှမ်းပြည်နယ်မြောက်ပိုင်းမှ မိန်းကလေးတစ်ဦးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းမှ မိန်းကလေး ၁၈ ဦးတို့ပါရှိပြီး ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်မှ မတ် ၂၃ ရက်အထိ လွှဲပြောင်းပေးအပ်သည့် မြန်မာအလုပ်သမားများသည် အမျိုးသား ၉၄၃၇ ဦး၊ အမျိုးသမီး ၃၇၅၂ ဦး၊ စုစုပေါင်း ၁၃၁၈၉ ဦးရှိကြောင်း သိရသည်။ **မြင့်မိုရ် (တာချီလိတ်)**


HONDA | NCX
LET'S CELEBRATE!
NEW HONDA WAVE
2018 MODEL
NEW WAVE 100
REGION'S BEST SELLING
BEST SELLING IN THE REGION
20 YEARS
20 YEARS ANNIVERSARY
NUMBER ONE IN MYANMAR
2017 MYANMAR BEST SELLING
THE MOST POPULAR
40 MILLION UNITS SOLD
START FROM
1,150,000 KYATS | CALL NOW 01218521
GL-AMMK
SUPPORTING CENTURY FINANCE
မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိ Honda NCX အရောင်းပြခန်းတွေမှာ
ယခုပဲမှန်မှန်ကန်ကန် ရွေးချယ်လိုက်ကြပါစို့။
NCX MYANMAR CO., LTD.
အမှတ် (၄၃၊ ၄၄၊ ၄၅)၊ အခန်းအမှတ် (A-002)၊ အင်းလမ်းနှင့် ပျဉ်းမလမ်းကြား၊
ကြည့်မြင်တိုင်ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးဟောင်းရှေ့၊ ရန်ကုန်မြို့။
ဖုန်း (၀၁) ၂၁၈၅၂၁
NCX MYANMAR ဆိုင်ခွဲ • ရန်ကုန်
• မန္တလေး ဖုန်း - ၀၉ ၄၀၂၆၀၆၆၄၀၊ ၀၉ ၂၅၉၁၀၀၅၉၉ • တောင်ကြီး ဖုန်း - ၀၉ ၄၀၂၆၂၉၉၅၅
• ပဲခူး ဖုန်း - (၀၅၂) ၂၃၂၆၅၊ ၀၉ ၄၀၂၅၀၇၀၃၃ • မော်လမြိုင် ဖုန်း - (၀၅၇) ၂၃၂၅၉၊ ၀၉ ၂၅၀၁၁၁၇၅၀
• ပြည် ဖုန်း - (၀၅၃) ၂၄၁၀၇ • ပုသိမ် ဖုန်း - ၀၄၂-၂၄၂၃၄ • မုံရွာ ဖုန်း - ၀၇၁-၂၈၂၆၅
• မြိတ် ဖုန်း - ၀၅၉-၄၂၄၉၁ • တောင်ငူ ဖုန်း - ၀၅၄-၂၄၇၆၇ • မကွေး ဖုန်း - (၀၆၃) ၂၅၈၆၉
MOBILE SERVICE
HONDA | NCX
HONDA
NCX MYANMAR CO.,LTD.
SERVICE

## ကယားပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

ကယားပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမ(၆)လ ငွေလုံးငွေရင်းဖြည့်စွက်အသုံးစရိတ်ဖြင့် လျာထားချက်ဖြင့် ကယားပြည်နယ်အားကစားကွင်းအတွင်း တည်ဆောက်ရေးလုပ်ငန်း(၆)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေဖြင့်) အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူး၊ကယားပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်/အချိန်** - ၂၃-၃-၂၀၁၈ရက် ရုံးချိန်အတွင်း

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၂-၄-၂၀၁၈ ရက် ညနေ ၄း၃၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိလိုသော အချက်အလက်များကို ၂၃-၃-၂၀၁၈ ရက်မှ ၂၂-၄-၂၀၁၈ရက်ထိ ရုံးချိန်အတွင်း ဖုန်း-၀၈၃-၂၂၂၁၁၃၆သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကယားပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန

၁။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)၏ ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးရေးအစီအစဉ် EIF လုပ်ငန်းစဉ်အောက်ရှိ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာလုပ်ငန်းစီမံချက် Tier 1 Project သည် ၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ သုံးနှစ်ကြာဆောင်ရွက်မည့် လုပ်ငန်းစီမံချက်ဖြစ်ပါသည်။ Tier 1 Project ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ Project တွင် စီမံကိန်းဆိုင်ရာစောင့်ကြည့်ခြင်းနှင့် လေ့လာအကဲဖြတ်ခြင်းဝန်ဆောင်မှုပြုလုပ်ရန် National Evaluation Consultant (သို့မဟုတ်) National Evaluation Team အတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသည့် စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင် လုပ်ငန်းအတွေ့အကြုံနှင့် ပညာအရည်အချင်းဖော်ပြချက်များနှင့်အတူ ၁၀-၄-၂၀၁၈ ရက်အရောက် နောက်ဆုံးထားပေးပို့လျှောက်ထားနိုင်ပါသည်။

| စဉ် | ရာထူး | လစ်လပ် |
|---|---|---|
| (က) | စီမံကိန်းစောင့်ကြည့်အကဲဖြတ်အကြံပေးပညာရှင် (National Evaluation Consultant) | ၁ |

၂။ National Evaluation Consultant (သို့မဟုတ်) National Evaluation Team လျှောက်ထားမှုအတွက် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီရန်လိုအပ်ပါသည်။

- (က) International Trade (သို့) International Economics (သို့) Development Studies နှင့် သက်ဆိုင်သည့် မဟာဘွဲ့ရရှိသူဖြစ်ရမည်။
- (ခ) မြန်မာနိုင်ငံတွင် သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်၌ လုပ်သက်အနည်းဆုံး (၅)နှစ်ရှိရမည်။
- (ဂ) ကုန်သွယ်မှုဆိုင်ရာ နည်းပညာအထောက်အကူပြု စီမံကိန်းများ၏ အကြောင်းအရာနှင့်ပတ်သက်သည့် အထောက်အထားများ၊ အစီအစဉ်များနှင့် မဟာဗျူဟာများကို အကဲဖြတ်စစ်ဆေးခြင်းတို့တွင် အတွေ့အကြုံရှိသူဖြစ်ရမည်။
- (ဃ) အာရှဒေသတွင်း LDC နိုင်ငံများတွင် ကုန်သွယ်မှုချောမွေ့စေရေး၊ ကုန်သွယ်ရေးဆိုင်ရာနည်းပညာကူညီမှုများနှင့်ဆက်စပ်နေသော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ အစိုးရဌာနများနှင့် တွဲဖက်လုပ်ကိုင်နိုင်သည့် လုပ်ငန်းအတွေ့အကြုံရှိရမည်။
- (င) ဖွံ့ဖြိုးမှုစီမံကိန်းများအတွက် ပံ့ပိုးသည့်အလှူငွေများကို အသုံးပြုခြင်း၊ အကဲဖြတ်ခြင်းနှင့် အလှူရှင်အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းများနှင့် ရင်းနှီးကျွမ်းဝင်သူ ဖြစ်ရမည်။
- (စ) အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာရေးသားနိုင်သူ ပြောဆိုဆက်သွယ်နိုင်သူ ဖြစ်ရမည်။

၃။ **ဝန်ဆောင်မှုပေးရမည့်နေရာ**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ် (၃) နေပြည်တော်

၄။ **ဝန်ဆောင်မှုပေးရမည့်ကာလ**
၂၀၁၈ခုနှစ် ဧပြီလမှ မေလအတွင်း(လုပ်ငန်းလုပ်ဆောင်မည့်ရက်ပေါင်း ၂၅ ရက်)

၅။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက ရုံးအမှတ် ၃၊ ကုန်သွယ်ရေးဦးစီးဌာန၊ WTO နှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုနှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများဌာနခွဲ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၈၃၁၅၊ ၀၆၇-၄၀၈၂၆၁ တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁၈၊ မြေကွက်အမှတ် ၇၆၂၊ ပေ ၄၀×ပေ၆၀ အကျယ်အဝန်းရှိသော ဒေါ်ခင်ဌေး အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ဖြူဖြူခိုင် ၁၂/လမတ(နိုင်)၀၀၇၈၇၇ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ် ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်တင်စုဝေ(စဉ်-၁၀၈၂၈)**
**(LL.B,D.B.L,M.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ**
**Myanmar United Land Co., Ltd. အိမ်၊ ခြံ၊ မြေ အကျိုးဆောင်နှင့် ဥပဒေအကြံပေး**
**အမှတ် ၂၀၊ စံရိပ်ငြိမ် ၆လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၃၂၄၅၃၆၀၊ ၀၉-၄၃၀၈၂၀၀၃၊၀၉-၄၅၇၆၉၄၃၁၁**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း
## အများသိစေရန် ကြေညာချက်

ကျွန်မ ဒေါ်ယဉ်ဌေး ၁၂/ဥကမ(နိုင်)၀၇၇၉၆၆မှ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၁)ရပ်ကွက်၊ ဘုရင့်နောင် ၃လမ်း၊ အမှတ်(ခ/၈၉)နေ ဦးဌေးလွင်(ဘ) ဦးစိုးငြိမ်း ၁၄/ ပတန(နိုင်)၁၀၆၀၄၀အား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ် ၁၀၃၀၈ဖြင့် (၁၀-၁၁-၂၀၁၇) ရက်စွဲဖြင့် လွှဲအပ်ခဲ့သည့်အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ဌေး ၁၂/ဥကမ(နိုင်)၀၇၇၉၆၆**
**အမှတ်(၆၂၉)၊သုမာလာ ၁၂လမ်း၊**
**၂/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မတ် လ ၂၆ ရက်)

၂၀၁၈ ခုနှစ်၊ ဧပြီ လ (၁) ရက်နေ့တွင် ကျင်းပမည့်(၁၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ခွဲဝေချီးမြှင့်ပေးမည့် ဆုမဲစာရင်း

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) | ကျပ်သိန်းသုံးထောင် | = | (၃) ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၆) ဆု |
| (၅) | ကျပ်သိန်းငါးရာ | = | (၈) ဆု |
| (၆) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| (၇) | ကျပ်သိန်းတစ်ရာ | = | (၁၁) ဆု |
| (၈) | ကျပ်သိန်းငါးဆယ် | = | (၁၅) ဆု |
| (၉) | ကျပ်သိန်းသုံးဆယ် | = | (၂၂) ဆု |
| (၁၀) | ကျပ်ဆယ်သိန်း | = | (၂၅) ဆု |
| (၁၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (၁၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၁၃) | ကျပ် တစ်သိန်း | = | (၁၃၀၀၀) ဆု |
| (၁၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | စုစုပေါင်း | = | (၁၂၄၂၀၄) ဆု |

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## မိခင်အမည်မှန်

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ခုံအမှတ် မကမ-၄၀၃ ဖြင့် တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသည့် မအိအိဖြိုး ၉/မသန(နိုင်)၁၉၁၄၁၅၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မာဝင်း ၉/မသန(နိုင်)၁၀၁၇၇၀ ဖြစ်ပါကြောင်း။ **ဒေါ်ခင်မာဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၇၇၉ Honda C90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင့်ဆွေ ၈/ပခက(နိုင်)၀၂၉၂၅၆က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## လမ်းဦးစီးဌာန
## (EOI ခေါ်ယူခြင်း)

၁။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ အများပြည်သူသုံး ယာယီသန့်စင်ခန်းများအား နိုင်ငံတကာအဆင့်မီ Mini Rest Camp များအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းကို BOT စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ EOI (Expression of Interest) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းသည့် လုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်အချက်အလက်များကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ နေပြည်တော်(စီလမ်းဆုံ)တွင် ရုံးချိန်အတွင်းစုံစမ်း၍ အဆိုပြုလျှောက်လွှာများ ဝယ်ယူနိုင်ပါသည်။

**အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့**
**ဆက်သွယ်ရမည့် ဖုန်း-၀၉-၂၅၀၉၀၂၀၀၄၊ ၀၉-၂၅၀၀၇၈၉၀၁**

## လေလံကြော်ငြာ

မင်္ဂလာဒုံ၊ တပ်မြို့စည်ပင်သာယာရေးအဖွဲ့တွင် ၂၀၁၈ခုနှစ်ဧပြီလမှ စက်တင်ဘာလ (၆)လအတွက် အောက်ပါအခွင့်အရေးလိုင်စင်များကို ၂၀၁၈ ခုနှစ် မတ်လ ၂၉ရက် (ကြာသပတေးနေ့) နံနက် ၉း၀၀နာရီတွင် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ နိုင်ငံခြားသားများမှအပ မည်သူမဆို ဆွဲဝယ်နိုင်ပါကြောင်း-

- (၁) အသားများရောင်းချခွင့်လုပ်ငန်းလိုင်စင်
- (၂) စက္ကူဟောင်း၊ ပုလင်းခွံ/ဘူးခွံနှင့် ဂုန်နီအိတ်စသည်များ သိမ်းဆည်းခြင်းလုပ်ငန်းလိုင်စင်
- (၃) အိမ်သာလိုင်စင်များ
- (၄) အပေါင်ဆိုင်လိုင်စင်များ

အသေးစိတ်သိလိုပါက မင်္ဂလာဒုံတပ်မြို့စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မင်္ဂလာဒုံ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၌ ၂၀၁၈ ခုနှစ်တွင် ကျင်းပမည့် ပထမအကြိမ် Computer Based Test (CBT) စနစ်ဖြင့်
# ကိုရီးယားဘာသာအရည်အချင်းစစ် အထူးသီးသန့်စာမေးပွဲကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်အကိုင်နှင့်အလုပ်သမားဝန်ကြီးဌာနတို့သည် နှစ်နိုင်ငံသဘောတူညီမှုစာချွန်လွှာအရ နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်ဆန္ဒရှိသော မြန်မာလုပ်သားများအတွက် အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယခုအခါ ကိုရီးယားသမ္မတနိုင်ငံတွင် အနိမ့်ဆုံး (၃)နှစ်ထက်ပို၍ တရားဝင်ကောင်းမွန်စွာနေထိုင် အလုပ်လုပ်ကိုင်ခဲ့ပြီး မြန်မာနိုင်ငံသို့ ၂၀၁၀ခုနှစ် ဇန်နဝါရီလ နောက်ပိုင်းပြန်လည်ရောက်ရှိခဲ့သော မြန်မာအလုပ်သမားများအတွက် ထပ်မံသွားရောက်အလုပ်လုပ်ကိုင်နိုင်ရေး ရည်ရွယ်ပြီး Computer Based Test (CBT) စနစ်ဖြင့် သီးသန့်ပြုလုပ်ပေးသော ကိုရီးယားဘာသာအရည်အချင်းစစ် အထူးစာမေးပွဲဖြစ်ပါသည်။ ထိုစာမေးပွဲအောင်မြင်သူများသာလျှင် နိုင်ငံခြားသားလုပ်သားခေါ်ယူမှုစနစ်အရ အလုပ်လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၁။ **စာမေးပွဲကျင်းပမည့်နေ့ရက်၊ အချိန်**

(က) စာမေးပွဲကို ၃၀-၄-၂၀၁၈ ရက်မှစတင် ကျင်းပပါမည်။

(ခ) စာမေးပွဲစစ်ဆေးမည့်အချိန်

| ဖြေဆိုရမည့် အချိန် | ဖြေဆိုသူများအား စစ်ဆေးဆောင်ရွက်ခြင်း | အသိပညာပေး ရှင်းလင်း ဆွေးနွေးချိန် | အချိန် | |
|---|---|---|---|---|
| | | | အဖတ်စွမ်းရည် (Reading) | အကြားစွမ်းရည် (Listening) |
| ပထမပိုင်း | ၉း၂၀မှ ၉း၃၀ | ၉း၃၀မှ ၁၀း၀၀ | ၁၀း၀၀မှ ၁၀း၂၅ | ၁၀း၂၅မှ ၁၀း၅၀ |
| ဒုတိယပိုင်း | ၁၀း၅၀မှ၁၁း၀၀ | ၁၁း၀၀မှ ၁၁း၃၀ | ၁၁း၃၀မှ ၁၁း၅၅ | ၁၁း၅၅မှ ၁၂း၂၀ |
| တတိယပိုင်း | ၁၃း၂၀မှ ၁၃း၃၀ | ၁၃း၃၀မှ ၁၄း၀၀ | ၁၄း၀၀မှ ၁၄း၂၅ | ၁၄း၂၅မှ ၁၄း၅၀ |
| စတုတ္ထပိုင်း | ၁၄း၅၀မှ ၁၅း၀၀ | ၁၅း၀၀မှ ၁၅း၃၀ | ၁၅း၃၀မှ ၁၅း၅၅ | ၁၅း၅၅မှ ၁၆း၂၀ |

(ဂ) **ဖြေဆိုသူများသတိပြုရန်**

- ၁၀း၀၀နာရီမှ ၁၀း၅၀နာရီထိ (ပထမပိုင်း)၊ ၁၁း၃၀နာရီမှ ၁၂း၂၀နာရီထိ (ဒုတိယပိုင်း)၊ ၁၄း၀၀နာရီမှ ၁၄း၅၀နာရီထိ (တတိယပိုင်း)နှင့် ၁၅း၃၀နာရီမှ ၁၆း၂၀နာရီထိ (စတုတ္ထပိုင်း)လေးကြိမ်ခွဲ၍ တစ်ကြိမ်လျှင် လုပ်သား (၆၀)ဦး စစ်ဆေးပါမည်။
- **စာမေးပွဲဖြေဆိုသူများအား အသိပညာပေးခြင်းရှိပါသဖြင့် ပထမပိုင်းဖြေဆိုမည့်သူများသည် ၉း၀၀နာရီတွင်လည်းကောင်း၊ ဒုတိယပိုင်းဖြေဆိုမည့်သူများသည် ၁၀း၃၀နာရီတွင်လည်းကောင်း၊ တတိယပိုင်းဖြေဆိုမည့်သူများသည် ၁၃း၀၀ နာရီတွင်လည်းကောင်း၊ စတုတ္ထပိုင်းဖြေဆိုသူများသည် ၁၄း၃၀နာရီတွင် လည်းကောင်း သက်ဆိုင်ရာစာမေးပွဲခန်းတွင် နေရာယူပြီးဖြစ်ရပါမည်။**

၂။ **စာမေးပွဲကျင်းပမည့်နေရာ**

- CBT Center အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ ၅ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

၃။ **ခေါ်ယူမည့်လုပ်ငန်းအမျိုးအစား**

| လုပ်ငန်းအမျိုးအစား | အောင်စာရင်းသတ်မှတ်ချက် |
|---|---|
| ကုန်ထုတ်လုပ်ငန်း<br>ဆောက်လုပ်ရေးလုပ်ငန်း<br>စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း | အမှတ်ပြည့်(၂၀၀)ရှိသည့်အနက် အမှတ်(၈၀)အထက်ရရှိသူများအား အမှတ်အနည်း/အများအလိုက် သတ်မှတ်အရေအတွက်သာအောင်မြင်ခွင့် |

၄။ **သတ်မှတ်ချက်များ**

(က) အသက်(၁၈)နှစ်မှ (၃၉)နှစ်အတွင်း
**(၁၉၇၈ခုနှစ် ဧပြီလ ၅ရက်မှ ၂၀၀၀ခုနှစ် ဧပြီလ ၄ရက်အတွင်း မွေးဖွားသူ)**

(ခ) ထောင်ဒဏ်အပြစ်ကျခံဖူးခြင်းမရှိသူ/မိခင်နိုင်ငံမှ ပြည်ပသို့ထွက်ခွာရန် တားမြစ်ခြင်းမခံရသူ

(ဂ) ကိုရီးယားသမ္မတနိုင်ငံမှ နှင်ထုတ်ထားခြင်း/ပြန်ပို့ခြင်းမခံရသူ (တရားမဝင်နေထိုင်ခဲ့ဖူးခြင်းမရှိသူဖြစ်ရမည်)

(ဃ) ကျန်းမာရေးကောင်းမွန်သူ (ကျန်းမာရေးအတွက် ဆေးစစ်ခြင်းပြုလုပ်ပါမည်)

